မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက် ၂၀၁၆ ခုနှစ်၊ မတ် ၅ ရက်၊ စနေနေ့၊ အတွဲ [၅၅]၊ အမှတ် [၁၅၇]

ဝိရိယနှင့် ဆန္ဒအကျိုး

ဝိရိယဝတော ကိ နာမ ကမ္မံ နာ သိဒ္ဓေတိ။

ဝိရိယရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

ဆန္ဒဝတော ကိ နာမ ကမ္မံ နာ သိဒ္ဓေတိ။

ဆန္ဒရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။ **(မူလဋ္ဌိ၊ ၃၊ ၁၆၉။)**

တာဝန်သိသော နိုင်ငံ့သားကောင်းများဖြစ်ရန်အတွက် ပလဂါးတန်နှင့် ပြည့်စုံရန်လို အများအကျိုးသယ်ပိုးရန်၊ အချင်းချင်း ရိုင်းပင်းကူညီရန် စိတ်ထားများကိုပါ လေ့ကျင့်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကျောက်ပန်းတောင်းမြို့နယ်(ပုပ္ပွားစခန်း)၌ ကင်းထောက်လူငယ်များ၏ ကင်းစိတ်အလိုက် စခန်းချစွမ်းဆောင်ထားမှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်(ပုပ္ပွားစခန်း)၌ စခန်းချနေကြသည့် မြန်မာနိုင်ငံကင်းထောက်လူငယ်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးလှထွန်း၊ ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဦးရဲထွဋ်၊ ဒေါက်တာဒေါ်ခင်စန်းရီ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ တာဝန်ရှိသူများနှင့် အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် ထွက်ခွာခဲ့ပြီး ညောင်ဦးမြို့သို့ ရောက်ရှိကြရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးထွဋ်နှင့် တာဝန်ရှိသူများက ညောင်ဦးလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ ❖

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

သဘာဝသစ်ပင်သစ်တောများကို တန်ဖိုးထားထိန်းသိမ်း

အထက်အညာဒေသအချို့ရှိ ကျေးရွာများသည် နွေရာသီရောက်ပြီဆိုလျှင် တစ်မိုးတွင်းစာ ထင်းများစုဆောင်းလေ့ရှိကြပါသည်။ တောတောင်များနှင့်နီးသော ကျေးရွာအချို့က လှည်းတန်းများချီ၍ပင် ထင်းခုတ်ထွက်လေ့ရှိပါသည်။ သစ်တောများအတွင်း တောမီးရှို့ခြင်း၊ တောင်ယာခုတ်ခြင်းတို့ကိုလည်း ပြုလုပ်လေ့ရှိပါသည်။ ထို့အပြင် ရွှေရှာဖွေခြင်း၊ ကျောက်ထုတ်လုပ်ခြင်းတို့ကြောင့်လည်း တောတောင်တို့ပြုန်းတီးကာ တောင်ကတုံးများအဖြစ်သို့ ရောက်ရှိလျက်ရှိသည်ကို တွေ့နေရပေသည်။

ယခုအခါ နိုင်ငံတိုင်းနိုင်ငံတိုင်းတွင် ပတ်ဝန်းကျင်နှင့် သစ်တောသစ်ပင်ထိန်းသိမ်းရေးကို အလေးထားဆောင်ရွက်နေရှိန်ဖြစ်ပါသည်။ သစ်တောသစ်ပင်များသည် လူသားတို့အသက်ရှင်နေထိုင်ရေးအတွက် အလွန်ပင်အရေးကြီးပါသည်။ သစ်တောများပြုန်းတီးမှုကြောင့် ဂေဟစနစ်များပျက်စီးကာ ရာသီဥတုဖောက်ပြန်မှုများ ဖြစ်ပွားလျက်ရှိပါသည်။

လူတို့အနေဖြင့် သစ်တောသစ်ပင်များကို တန်ဖိုးထားတတ်မှုနည်းပါးလာခြင်းကြောင့်ပင် သစ်တောများပြုန်းတီးလျက်ရှိပါသည်။ အရွယ်ရောက်သည့် သစ်ပင်တစ်ပင်ကောင်းဖြစ်ရန် အနည်းဆုံး ၁၀ နှစ်ကြာအောင် စောင့်ဆိုင်းပြုစုပျိုးထောင်ကြရပါသည်။ သဘာဝအလျောက်ပေါက်ရောက်နေသော သစ်ပင်သစ်တောတို့ကို ရှင်းလင်းရန်၊ ဖျက်ဆီးရန် လွယ်ကူသလောက် ပြန်လည်ရှင်သန်ပေါက်ရောက်စေရန် စိုက်ပျိုးထူထောင်ရသည်မှာ လွန်စွာခက်ခဲလှပါသည်။ သို့ဖြစ်ရာ သစ်ပင်များအပေါ် တန်ဖိုးထားကြရမည်ဖြစ်ပါသည်။

သစ်တောသစ်ပင်များကို စိုက်ပျိုးခြင်းထက် သဘာဝအလျောက်ပေါက်သော သဘာဝတောများကို ထိန်းသိမ်းရေးသည် ပဓာနအကျဆုံးအလုပ်ဖြစ်ပါသည်။ တောမီးရှို့ခြင်း၊ ထင်းခုတ်ခြင်း၊ သစ်ထုတ်လုပ်ခြင်း၊ မြေယာသစ်များ ချဲ့ထွင်ခြင်းတို့ကြောင့် သဘာဝတောများ ပြုန်းတီးလျက်ရှိပါသည်။ ကျွန်ုပ်တို့ပြည်သူ တစ်ရပ်လုံးအနေဖြင့် သစ်ပင်တစ်ပင်၏တန်ဖိုးကို နားလည်ရန် အလွန်ပင် အရေးကြီးပါသည်။ သစ်တောသစ်ပင်များနှင့်ပတ်သက်၍ ပညာပေးဟောပြောမှုအစီအစဉ်များ တိုးချဲ့ဆောင်ရွက်သွားရန် လိုအပ်လျက်ရှိပါသည်။

"ဥတုရာသီတောကိုမှီ၏" ဟူသော ဆောင်ပုဒ်ရှိပါသည်။ သစ်တောသစ်ပင်များ ကောင်းစွာရှင်သန် ပေါက်ရောက်ရာဒေသများသည် မိုးလေဝသမှန်ပြီး ကောက်ပဲသီးနှံများလည်း အထွက်ကောင်းလေ့ရှိပါသည်။ မိုးခေါင်ခြင်း၊ ရေကြီးခြင်းသည် သစ်တောသစ်ပင်များအပေါ်တွင် မူတည်လျက်ရှိပါသည်။ သစ်တောများ လျော့ပါးလာ၍ မိုးခေါင်ဒေသများ ကျယ်ဝန်းလာလျက်ရှိပါသည်။ ထို့ကြောင့်လည်း သစ်တောသစ်ပင်များသည် လူသားများအတွက် များစွာအထောက်အကူပြုနေခြင်းကြောင့် ကမ္ဘာ့ရတနာဟုလည်း တင်စားပြောဆိုလေ့ရှိပါသည်။ သစ်တောများထိန်းသိမ်းရာတွင် သစ်တောဝန်ထမ်းများ၏ ရိုးသားဖြောင့်မတ်မှု၊ ကြိုးစားအားထုတ်မှု၊ မှန်မှန်ကန်ကန်ဆောင်ရွက်မှုသည်လည်း များစွာအရေးကြီးပါသည်။ သဘာဝတောများအတွင်း တရားမဝင်နည်းလမ်းများဖြင့် သစ်ထုတ်နေမှုများကို ဟန့်တားကာကွယ်ပေးနိုင်ရမည်ဖြစ်ပါသည်။ သို့ဖြစ်၍ သစ်တောများမပြုန်းတီးရေး သဘာဝတောတောင်များအတွင်း တရားမဝင်ကျောက်တူးဖော်ခြင်း၊ ရွှေရှာဖွေခြင်း၊ နွေရာသီကာလတွင် ထင်းခုတ်ခြင်း၊ တောမီးရှို့ခြင်း၊ တောင်ယာခုတ်ခြင်းတို့ကို ဝိုင်းဝန်းကာကွယ်တားဆီးရမည်ဖြစ်ပါကြောင်း။ ။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	ဝင်းရွှေ
စာတည်း	-	ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး	-	မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)
ကြော်ငြာ	-	၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ	-	၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆

လူကုန်ကူးခံရသူများအား တိုက်ရိုက်ကူညီထောက်ပံ့မှုများပေးနိုင်ရန် အလုပ်ရုံဆွေးနွေး

နေပြည်တော် မတ် ၄

လူကုန်ကူးခံရသူများအား တိုက်ရိုက်ကူညီထောက်ပံ့မှုများပေးနိုင်ရန်အတွက် နိုင်ငံအဆင့် ညွှန်းပို့ခြင်းဆိုင်ရာလုပ်ငန်း ယန္တရားဖော်ထုတ်ရေးအလုပ်ရုံဆွေးနွေးပွဲကို မတ် ၃ ရက်က Grand Amara Hotel တွင် ကျင်းပရာ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့၊ လူမှုဝန်ထမ်းဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်စန်းစန်းအေးက မြန်မာနိုင်ငံသည် မဲခေါင်ဒေသအတွင်း၌ လူကုန်ကူးမှုဖြစ်ပွားသည့် မူရင်းနိုင်ငံတစ်ခုဖြစ်သလိုကြားခံနိုင်ငံတစ်ခုလည်းဖြစ်ပါကြောင်း၊ လူကုန်ကူးမှု ပြဿနာအား အမျိုးသားတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပြီး ကြိုးပမ်းအားထုတ် တားဆီးကာကွယ်လျက်ရှိပါကြောင်း၊ အမျိုးသားအဆင့်လုပ်ငန်းအစီအစဉ်၏ ဒုတိယ (၅)နှစ်စီမံကိန်းကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီမံကိန်းကို မူဝါဒ၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး၊ လူကုန်ကူးခံရသူများအား ကာကွယ်ပေးရေး၊ တရားစွဲဆိုရေး၊ စွမ်းအင်မြှင့်တင်ရေးဆိုသည့် ကဏ္ဍကြီး (၅)ရပ်အပေါ် အခြေခံပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် အစိုးရဌာနများ၊ ပြည်ပအဖွဲ့အစည်းများ၊ ပြည်တွင်း လူမှုရေးအဖွဲ့များ၊ ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် IOM မှ Migrants Protection Programme Manager, Ms.Sharon Dimanche က နှုတ်ခွန်းဆက်စကားပြောကြားပြီး အဆိုပါအခမ်းအနားသို့ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ လူကုန်ကူးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်ထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ IOM(Myanmar) မှ တာဝန်ရှိသူများ၊ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့ဝင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ တက်ရောက်ကြကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဟိုယာဒေသရှိကျေးရွာများ ဓာတ်အားရရှိရေး လုပ်ငန်းများဆောင်ရွက်

လွိုင်ကော် မတ် ၄

လွိုင်ကော်ခရိုင် ဖရူဆိုမြို့နယ် ဟိုယာဒေသရှိ ပတ်ဝန်းကျင်ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၃၃ ကေဗွီဓာတ်အားလိုင်း၊ ၁၁ ကေဗွီဓာတ်အားလိုင်းနှင့် ၃၃/၀ ဒသမ ၄ ခွဲရုံ၊ ၁၁/၀ ဒသမ ၄ ခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဟိုယာဒေသ ပတ်ဝန်းကျင်ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ပေးမှုမှာ ကျေးရွာပေါင်း ၁၅ ရွာဖြစ်ပြီး ယင်းကျေးရွာများမှာ မောဒီဒို၊ ကူးခူ၊ ခေါဘာ၊ ရာဗေရား၊ ယိုစပရား၊ ထေခို၊ ဟိုမိုထိ၊ ဟိုယာ၊ ဒိုရောအောက်၊ ဒိုရောထက်၊ ဒိုမိုခို၊ ဘီယာ၊ ရီခီဘူး၊ ခါးဘယ်၊ လီခူပရား စသည့်ကျေးရွာများဖြစ်သည်။ "လုပ်ငန်းတွေကို မတ် ၁၀ ရက် အပြီးလုပ်ဖို့ တွန်းအားပေးဆောင်ရွက်နေပါတယ်။ ဒီလကုန်မှာ ကျွန်တော်တို့ ဓာတ်အားလိုင်း စမ်းသပ်နိုင်ဖို့နဲ့ မီးလွှတ်နိုင်ဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ခရိုင်လျှပ်စစ်အင်ဂျင်နီယာဦးရဲမြင့်ထွန်းက ပြောသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်မှုကို ကယားပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးအောင်နိုင်ဦးနှင့် တာဝန်ရှိသူများက မတ် ၁ ရက်တွင် ဆောင်ရွက်ဆဲလုပ်ငန်း သတ်မှတ်ကာလအတွင်း လုပ်ငန်းများ ပြီးစီးအောင်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရွှေမြင်တင်တောင်တော်မြတ် ဗုဒ္ဓပူဇနီယတပေါင်းပွဲတော် ကျင်းပမည်

ရမည်းသင်း မတ် ၄

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မြင်းနားအုပ်စုအတွင်းရှိ ရှေးဟောင်းသမိုင်းဝင်နိုင်ငံတော် ဂေဇက်ဝင်း ရွှေမြင်တင်တောင်တော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယတပေါင်းပွဲတော်ကို နှစ်စဉ်ကျင်းပမြဲဖြစ်သော တပေါင်းလဆန်း ၁၂ ရက်နေ့မှ လပြည့်ကျော် ၁ ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ရွှေမြင်တင်တောင်တော်မြတ် ဗုဒ္ဓပူဇနီယတပေါင်းပွဲတော်သည် ရမည်းသင်းမြို့နယ်၏ အထင်ကရပွဲတော်များတွင် တစ်ပွဲအပါအဝင်ဖြစ်ပြီး ကမ္ဘာကျော် သာသနာပြုရသေ့ကြီး ဦးခန္ဓိ၏ သာသနာစတင်ပြုရာ တောင်တော်မြတ်ဖြစ်သည်။ ပွဲတော်ကို နှစ်စဉ်မပျက်ကျင်းပလာခဲ့ရာ ယခုနှစ်တွင် (၁၁၆) ကြိမ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ပွဲတော်ရက်များတွင် ပွဲတော်ဖွင့်ပွဲကျင်းပခြင်း၊ သံယာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ဘုရားဖူးလာပြည်သူများအား စတုဒိသာနှင့် မဏ္ဍာပ်အသီးသီးမှ အာဟာရဒါနကျွေးမွေးခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်းများကို ပြုလုပ်သွားမည်ဟု သိရသည်။ နွားဒုံးပြိုင်ပွဲကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး ရုပ်ရှင်ပွဲ၊ မန္တလာထိပ်ခေါင် ဇာတ်ပွဲနှင့်အတူ သရုပ်ဆောင်ကောင်းခန့်၊ မေပန်းချီတို့က သီဆိုဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

အတ်ကလေး

ကျေးလက်ရေပေးဝေရေး ကွင်းဆင်းစစ်ဆေး

မော်လမြိုင် မတ် ၄

မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ခဲ့သော ကော့ဘိန်(ဟ) ကျေးရွာ တွင်းတိမ် သုံးတွင်းဆောင်ရွက်ပြီးစီးမှုကို မြို့နယ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်လွင်နှင့်အဖွဲ့ကဖေဖော်ဝါရီလနောက်ဆုံးပတ်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ဝေဝေ

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၄-၃-၂၀၁၆

ရွှေဈေးနှုန်း(အောင်သမာမိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၉၈၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၅၁၁၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၉၉၀၀၀

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

	ရန်ကုန်
ဒီဇယ်	၄၆၀/၄၈၀ ကျပ်
အောက်တိန်း ၉၂	၄၂၀/၄၃၀ ကျပ်
အောက်တိန်း ၉၅	၆၃၀/၇၃၀ ကျပ်
ပရီမီယံဒီဇယ်	၅၀၀/၅၂၀ ကျပ်

စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)

ဒီဇယ်	၇၉၀၀၀/၈၂၀၀၀ ကျပ်
ပရီမီယံဒီဇယ်	၈၈၀၀၀/ ၉၂၀၀၀ ကျပ်

သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၄၅၀၀	- ၆၀၀၀
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၃၅၀၀	- ၅၀၀၀
၃။ ငါးရံ့	တစ်ပိဿာ	၆၀၀၀	- ၈၀၀၀
၄။ ငါးဖယ်	တစ်ပိဿာ	၆၅၀၀	- ၁၂၀၀၀
၅။ ပုစွန် (ကျေး)	တစ်ပိဿာ	၇၀၀၀	- ၁၀၀၀၀
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀	- ၂၇၀၀၀
၇။ ငါးသလောက်	တစ်ပိဿာ	၁၀၀၀၀	- ၁၈၀၀၀
၈။ ကြက်	တစ်ပိဿာ	၅၀၀၀	- ၁၂၀၀၀
၉။ ဝက်	တစ်ပိဿာ	၅၀၀၀	- ၉၀၀၀
၁၀။ အမဲ	တစ်ပိဿာ	၇၀၀၀	- ၉၀၀၀
၁၁။ ဆိတ်	တစ်ပိဿာ	၁၃၀၀၀	- ၁၇၀၀၀
၁၂။ ဘဲ	တစ်ပိဿာ	၆၀၀၀	- ၁၃၀၀၀

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၂၃၇.၀
ဥရောပ	တစ်ယူရို	၁၃၅၁.၀
စင်ကာပူ	တစ်ဒေါ်လာ	၈၇၆.၉၀
ထိုင်း	တစ်ဘတ်	၃၄.၆၀၆
အိန္ဒိယ	တစ်ရူပီး	၁၇.၉၉၆
တရုတ်	တစ်ယွမ်	၁၈၉.၁၃
မလေးရှား	တစ်ရင်းဂစ်	၂၉၂.၈၂

ခင်ရတနာ-စုစည်းသည်။

သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လျှုဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလျှုပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် မတ် ၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လျှုဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလျှုပွဲကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မနက်လွဲ ၂ နာရီတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုဝေးခန်းမ၌ကျင်းပရာ **သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လျှုဒါန်းပွဲနှင့် ဆွမ်းဆန်တော် လောင်းလျှုပွဲ ကျင်းပရေး ဦးစီးကော်မတီနာယကအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း**တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ **(ယာပုံ)**

ရှေးဦးစွာ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လျှုဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလျှုပွဲ အခမ်းအနားများကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နာယကအဖွဲ့နှင့် ဦးစီးကော်မတီတို့ကို ဖွဲ့စည်းပေးပြီးဖြစ်ကြောင်း၊ လုပ်ငန်းများကို စနစ်တကျခွဲဝေဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ ၁၀ ခုကို ဖွဲ့စည်းပြီးဖြစ်ပါကြောင်း။

နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ၊ တိပိဋကဆရာတော်ကြီးများသည် ရန်ကုန်မြို့မှ နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ကြွရောက်မည်ဖြစ်သောကြောင့် ပို့ဆောင်ရေးဝန်ကြီးဌာန အနေဖြင့် အထူးလေယာဉ်ရရှိရေး၊ ဆရာတော်ကြီးများ လိုက်ပါစီးနင်းစဉ် အဆင်ပြေချောမွေ့စေရေးတို့ကို ဆောင်ရွက်ပေးစေလိုပါကြောင်း။

နေပြည်တော်တွင် ခေတ္တသီတင်းသုံးမည့် ဆရာတော်ကြီးများ၊ ဘွဲ့ခံဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများ စိတ်နှလုံးချမ်းမြေ့စွာ သီတင်းသုံးနိုင်ရန်အတွက် သီတင်းသုံးမည့်နေရာများ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ စိမ်းလန်းစိုပြည်သာယာလှပစေရေးတို့ကို အထူးဂရုပြု ဆောင်ရွက်ပေးစေလိုပါကြောင်း။

ထို့ပြင် ဘွဲ့တံဆိပ်တော်ရ ပြည်ပဆရာတော် ၁၁ ပါး၊ ပြည်ပသီလရှင်ဆရာကြီးတစ်ပါး၊ ပြည်ပသာသနာပြုလူပုဂ္ဂိုလ်တစ်ဦးတို့နှင့်အတူ အဘိဓမ္မဟာရဏဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါး၊ အဘိဓမ္မအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော် လေးပါးတို့သည် ပြင်ပဟိုတယ်၌ သီတင်းသုံးမည်ဖြစ်ရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးစေလိုပါကြောင်း။

နိုင်ငံတော်အဆင့် ဆရာတော်ကြီးများ၊ ပြည်တွင်း ပြည်ပမှ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအတွက် အရှေ့ဆွမ်း၊ နေ့ဆွမ်းများ ဆက်ကပ်ရာတွင် ကျန်းမာရေးနှင့် ညီညွတ်ပြီး သန့်ရှင်းလတ်ဆတ်သောဟင်းလျာများ ဆက်ကပ်နိုင်ရေးအတွက် ကျန်းမာရေးဆပ်ကော်မတီ အနေဖြင့် ကြိုတင်ညှိနှိုင်း စီမံဆောင်ရွက်ပေးစေလိုပါကြောင်း။

ဆရာတော်ကြီးများ၏ ကျန်းမာရေးအတွက် Medical Check Up ပြုလုပ်ပေးရန်၊ ဆရာတော်ကြီးများ သီတင်းသုံးသည့် အဆောင်များရှိ အခန်းများတွင် လိုအပ်သော တိုင်းရင်းဆေးဝါး၊ အနောက်တိုင်းဆေးဝါးများ ထည့်ထားပေးရန်၊ အရေးပေါ်လူနာတင်ယာဉ်များ စီစဉ်ထားရှိရန် ဆောင်ရွက်ပေးစေလိုပါကြောင်း။

ဆွမ်းဆန်တော် လောင်းလျှုပွဲတွင် ကိုယ်တိုင်ကြွရောက်မည့် ဆရာတော် ၁၅၂ ပါး၊ သီလရှင်ခုနစ်ပါး ရှိပြီး ကြိုတင်လောင်းလျှုရမည့် ဆရာတော်အပါး ၆၀ ရှိသည်ကို သိရှိရသည့်အတွက် ဆရာတော်များ ထံ လျှုဖွယ်ပစ္စည်းများ စနစ်တကျ ဆက်ကပ်လျှုဒါန်းနိုင်ရေးအတွက် သက်ဆိုင်ရာ ဆပ်ကော်မတီများက ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယခုနှစ် ဘွဲ့တံဆိပ်တော်ရ ဆရာတော်များနှင့် သီလရှင်များ ပိုမိုများပြားသည့်အတွက် ဆွမ်းဆန်တော်လောင်းလျှုရာတွင် အချိန်ကြန့်ကြာမှုမရှိစေရန် စီမံဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

ထို့ပြင် လုံခြုံရေးကို အထူးဂရုပြု ဆောင်ရွက်သွားကြရန် အလေးအနက်ထား မှာကြားလိုပါကြောင်း၊ လုံခြုံရေးကျိုးပေါက်မှု မရှိအောင် ကော်မတီများမှ လုံခြုံရေး ဆပ်ကော်မတီနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရန်နှင့် ဌာနအသီးသီးမှတာဝန်ရှိသူများ၊ အခမ်းအနား တက်ရောက်ကြမည့် ဧည့်ပရိသတ်များ လိုက်နာဆောင်ရွက်ရမည့် လုံခြုံရေးဆိုင်ရာ ညွှန်ကြားချက်ကိုလည်း အသိပေးထုတ်ပြန်သွားရန် လိုအပ်ပါကြောင်း။

သို့ဖြစ်၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လျှုဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလျှုပွဲအခမ်းအနား စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီများမှ စနစ်တကျစီစဉ်ဆောင်ရွက်ပေးကြရန်နှင့် ယနေ့ကျင်းပပြုလုပ်သည့် ညှိနှိုင်းအစည်းအဝေးတွင် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများ၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲအခြေအနေများကို တင်ပြဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လျှုဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလျှုပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဦးဗိုးဝင်းက နေ့ဆွမ်းဆက်ကပ်လျှုဒါန်းခြင်း၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လျှုဒါန်းခြင်းနှင့် ဆွမ်းဆန်တော်လောင်းလျှုခြင်း အခမ်းအနားများ အောင် မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

အလားတူ ဆပ်ကော်မတီများကလည်း သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲအခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။

ဆပ်ကော်မတီများ၏ တင်ပြဆွေးနွေးမှုများအပေါ် လိုအပ်သည်များကို ဒုတိယသမ္မတက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးသည်။

၂၀၁၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လျှုဒါန်းပွဲနှင့် ဆွမ်းဆန်တော် လောင်းလျှုပွဲအခမ်းအနားကို မတ် ၂၃ ရက် တပေါင်းလပြည့်နေ့မွန်းလွဲ ၁ နာရီတွင် ဥပါတသန္တိ စေတီတော် သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ရဟန်းတော် ၁၅၂ ပါး၊ သာသနာနွယ်ဝင်သီလရှင်ဆရာကြီး ခုနစ်ပါး၊ လူပုဂ္ဂိုလ်အမျိုးသား ၁၈ ဦး၊ လူပုဂ္ဂိုလ်အမျိုးသမီး ၃၇ ဦးတို့အား လည်းကောင်း၊ ပြည်ပနိုင်ငံ ကိုးနိုင်ငံမှ ဆရာတော် ၁၁ ပါး၊ သီလရှင်ဆရာကြီး တစ်ပါးနှင့် ပြည်ပသာသနာပြု လူပုဂ္ဂိုလ်တစ်ဦးတို့အား လည်းကောင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များကို ဆက်ကပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံတကာအမျိုးသမီးများနေ့ဂုဏ်ပြု၊ ရန်ကုန်မြို့ရှိ အမျိုးသမီးများအတွက် Lydia က အဇာနယာဉ် အခမဲ့ ဝန်ဆောင်ပေးမည်

ရန်ကုန် မတ် ၄

မတ် ၈ ရက်တွင် ကျရောက်မည့် နိုင်ငံတကာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် Lydia က ရန်ကုန်မြို့ရှိ အမျိုးသမီးများအတွက် ယင်းနေ့တွင် အခမဲ့အဇာနယာဉ် ဝန်ဆောင်မှုပေးမည်ဖြစ်သည်။

Lydia ၏ ကုန်အမှတ်တံဆိပ်နှင့် ကုန်အမှတ်တံဆိပ် အရောင်ဖြစ်သည့် ပန်းရောင်ဖြင့် အလှဆင်ထားသော အဇာနယာဉ် ၁၅ စီးသည် အဆိုပါ မတ် ၈ ရက် နံနက်ပိုင်းတွင် အင်းလျားကန်ပေါင်အနီးရှိ စုရပ်မှ စတင်ထွက်ခွာမည်ဖြစ်ပြီး ရန်ကုန်မြို့အတွင်း လှည့်လည်မောင်းနှင်ကာ အမျိုးသမီးခရီးသည်များ သွားလိုသည့်နေရာများကို ကျွမ်းကျင်သည့် အမျိုးသမီးယာဉ်မောင်းများက အခမဲ့ပို့ဆောင်ပေးမည်ဖြစ်သည်။

"Lydia ဟာ အမျိုးသမီးများ အားလုံးရဲ့ အခွင့်အရေးဖြစ်တဲ့လုံခြုံစိတ်ချရပြီး အရည်အသွေးမြင့်တဲ့ ရွေးချယ်မှုတွေအတွက် ရပ်တည်တဲ့ အမှတ်တံဆိပ်ဖြစ်တဲ့အလျောက် ကျွန်တော်တို့အနေနဲ့ ဒီအဇာနယာဉ်တွေကိုလည်း လုံခြုံစိတ်ချရပြီး အမျိုးသမီးတွေကို အားပေးထောက်ကူတဲ့ ထူးခြားတဲ့သယ်ယူပို့ဆောင်ရေး နည်းလမ်းတစ်ခုအဖြစ် ကိုယ်စားပြုစေလိုတာ ဖြစ်ပါတယ်" ဟု Lydia အမှတ်တံဆိပ်ကိုပိုင်ဆိုင်သည့် DKT International ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Hyam Bolande က ပြောသည်။

အဆိုပါအစီအစဉ်သည် သေးငယ်သော်လည်း ရန်ကုန်မြို့၏ အမျိုးသမီးများကို နိုင်ငံတကာအမျိုးသမီးများနေ့တွင် ထူးခြားသည့်ခံစားမှုတစ်ရပ် ပေးစွမ်းနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

Lydia အမှတ်တံဆိပ်ပါ အဇာနယာဉ်များကို ရန်ကုန်မြို့အတွင်း အနည်းဆုံး တစ်နှစ်ကြာ ဆက်လက်ပြေးဆွဲမည်ဖြစ်ပြီး အဆိုပါအဇာနယာဉ်များ၌ မိသားစုစီမံကိန်းနှင့် သက်ဆိုင်သည့် ပညာပေးစာစောင်များကို ထားရှိပေးမည်ဖြစ်ကြောင်း သိရသည်။

ဝင်းဝင်းမော်

ပုဇွန်တောင်မြို့နယ်လုံးဆိုင်ရာ ပထမပြန်စာမေးပွဲ ကျင်းပ

ရန်ကုန် မတ် ၄

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် ဆရာတော်ကြီးများ ကြီးမှူးကျင်းပသည့် ပုဇွန်တောင်မြို့နယ်လုံးဆိုင်ရာ ဒုတိယအကြိမ် ပထမပြန်စာမေးပွဲကို မတ် ၂ ရက်မှ ၈ ရက်အထိ စင်ကာပူပရိယတ္တိစာသင်တိုက်၌ ကျင်းပလျက်ရှိရာ မြို့နယ်အတွင်းရှိ ကျောင်းတိုက်ကြီး ၂၉ တိုက်မှ ရဟန်း၊ သာမဏေ ၁၀၆ ပါးတို့ တန်းစဉ်အလိုက် ဝင်ရောက်ဖြေဆိုလျက်ရှိကြသည်။

ဆုနှင်းသဘင်အခမ်းအနားကို မတ် ၁၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် အထက်ပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ပြီး အလှုရှင်များလာရောက် ကြည်ညိုလျှုဒါန်းနိုင်ကြောင်း သိရသည်။

ကိုချစ်

ဂျပန်နိုင်ငံ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်မှ ပညာရှင်နှစ်ဦး လာရောက်ဟောပြော

ရန်ကုန် မတ် ၄

သွားဘက်ဆိုင်ရာဆေးပညာ စဉ်ဆက်မပြတ် တိုးတက်ပြန့်ပွားရေးအစီအစဉ်အဖြစ် ဂျပန်နိုင်ငံ ကာနာဂါဝါ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်မှ ပါမောက္ခ အခိရစုဂါယနှင့် ဒေါက်တာ မာဆာဟိ ကိုဒိုးဟိတို့သည် ယနေ့နံနက် ၈ နာရီခွဲတွင် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်)၌ လာရောက်ဟောပြောခဲ့သည်။

အဆိုပါဆေးပညာရှင်နှစ်ဦးသည် "ကာနာဂါဝါ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၏ ပညာရေးစနစ်သစ် ပေါ်ထွန်းလာပုံ" (Development of new education system in Kanagawa Dental University) နှင့် "ဂျပန်နိုင်ငံ မေးရိုးနှင့် ခံတွင်းခွဲစိတ်ကုသမှုပညာရပ်၏ လက်ရှိအခြေအနေ" (Current State of Oral and Maxillofacial Surgery Practice in Japan) ခေါင်းစဉ်တို့ဖြင့် ဟောပြောခဲ့ကြရာ ဆရာ ဆရာမများ၊ ဘွဲ့လွန်သင်တန်းသား၊ သင်တန်းသူများနှင့် အလုပ်သင်ဆရာဝန်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(မြန်မာ့အလင်း)

နျူကလီးယားလက်နက်များ အသုံးပြုရန်အသင့်ရှိကြောင်း မြောက်ကိုရီးယားခေါင်းဆောင်ပြောကြား

ဆိုးလ် မတ် ၄

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် မည်သည့်အချိန်မဆို ယင်း၏နျူကလီးယားလက်နက်များကို အသုံးပြုရန် အသင့်ထားရှိရန်၊ ရန်သူများ၏ ခြိမ်းခြောက်မှုရင်ဆိုင်လာရချိန် တိုက်ခိုက်မှုပြုလုပ်ရန်ဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံက အမိန့်ပေးထားကြောင်း နိုင်ငံပိုင်မီဒီယာက သောကြာနေ့တွင် ဖော်ပြသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြောက်ကိုရီးယားနျူကလီးယားအစီအစဉ်နှင့်ပတ်သက်ပြီး ထပ်မံပိတ်ဆို့အရေးယူမှုပြုလုပ်ခဲ့ပြီးနောက် ကိုရီးယားကျွန်းဆွယ်အခြေအနေ တင်းမာမှု ထပ်မံတိုးလာကြောင်း မြောက်ကိုရီးယား ကေစီအင်၊နိ်အေ သတင်းအေဂျင်စီက သတင်းထုတ်ပြန်ခဲ့ပြီးနောက် အထက်ပါမှတ်ချက်ထွက်ပေါ်လာခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံက တောင်ကိုရီးယားနှင့် အမေရိကန်အပါအဝင် ၄င်း၏ ရန်သူများအား တိုက်ခိုက်သွားရန် ခြိမ်းခြောက်ထားသည်။ စစ်ဘက်ကျွမ်းကျင်သူများက မြောက်ကိုရီးယားအနေဖြင့် နျူကလီးယားထိပ်ဖူးတပ် တာဝေးပစ်ဒုံးကျည်ကို အမေရိကန်နိုင်ငံအထိ ပစ်ခတ်နိုင်သောနည်းပညာဖွံ့ဖြိုးမှု မရှိသေးကြောင်း ပြောသည်။

မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းက အသစ်ထုတ်လုပ်ထားသော ဒုံးပစ်လောင်ချာများ အပါအဝင် စစ်ရေးပြင်ဆင်ထားရန်လည်း မှတ်ချက်ပြုပြောကြားခဲ့ကြောင်း အဆိုပါ သတင်းဌာနက ဖော်ပြသည်။

ယင်းစစ်ရေးလေ့ကျင့် ပြင်ဆင်မှုကို အတည်ပြုသော်လည်း လက်နက်သစ်များသည် တောင်ကိုရီးယားနိုင်ငံအတွင်း ရောက်နိုင်သည်ဟု ပြောသည်။ **(ရိုက်တာ)**

အရှေ့ယူကရိန်း ရွေးကောက်ပွဲကျင်းပရန် ရုရှားနှင့်ယူကရိန်းသဘောတူ

ပါရီ မတ် ၄

ယူကရိန်း၊ ရုရှား၊ ပြင်သစ်၊ ဂျာမနီတို့မှ နိုင်ငံခြားရေးဝန်ကြီးတို့သည် ဇွန်လကုန်ပိုင်းတွင် အရှေ့ယူကရိန်းအတွက် ရွေးကောက်ပွဲကျင်းပရန် သဘောတူခဲ့ကြောင်း ပြင်သစ်ထိပ်ပိုင်းသံအမတ် ဂျင်မက်အာရွတ်က ပြောခဲ့သည်။

၂၀၁၆ ပထမနှစ်ဝက်အကုန်တွင် ကျင်းပမည့်ဒေသတွင်းရွေးကောက်ပွဲများတွင် ရွေးကောက်ပွဲဥပဒေနှင့်အညီ လက်ခံကျင့်သုံးရန် အရေးကြီးကြောင်းကို ပါရီ၌ကျင်းပသော အစည်းအဝေးအပြီးတွင် အာရွတ်က ပြောခဲ့သည်။

အလားတူ ယူကရိန်းနိုင်ငံခြားရေးဝန်ကြီး ပါဗလိုကလင်မ်ကင်က အနာဂတ်ရွေးကောက်ပွဲများတွင် လုံခြုံရေးအထောက်အပံ့များ လိုအပ်ကြောင်းအလေးပေး ပြောခဲ့သည်။ အာရွတ်၏ပြောကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးများသည် ယခုမှစ၍ ဧပြီ ၃၀ အတွင်း အကျဉ်းသားအားလုံးလဲလှယ်ရန်နှင့်ဖြေလွှတ်ပေးရန် တောင်းဆိုခဲ့ကြသည်။

ပါရီအစည်းအဝေးသည် ၂၀၁၅ ခုနှစ်ဖေဖော်ဝါရီလက လက်မှတ်ရေးထိုးခဲ့သော မင့်ခ်ဗြိမ်းချမ်းရေး သဘောတူညီချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၏ အစိတ်အပိုင်းတစ်ခုဖြစ်ခဲ့သည်။ အရှေ့ယူကရိန်း ရွေးကောက်ပွဲကို ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း၏ အဆင့်အတန်းနှင့်အညီ ကျင်းပရန်နှင့် ယင်းအဖွဲ့အစည်းက စောင့်ကြည့်စစ်ဆေးသွားမည်ဖြစ်ကြောင်း သဘောတူညီခဲ့သည်။ **(ဆင်ဟွာ)**

အိုကီနာဝါကျွန်းပေါ်တွင် အမေရိကန်လေတပ်စခန်း တည်ဆောက်မှုရပ်ဆိုင်းထားမည်ဟု ဂျပန်အစိုးရပြော

တိုကျို မတ် ၄

ဂျပန်အစိုးရအနေဖြင့် တောင်ဘက်ပိုင်းကျွန်းများအရေးတင်းမာမှုကို သက်သာစေရန် တရားရုံးမှ ကြားဝင်စေ့စပ်ပေးသောအစီအစဉ်ကို လက်ခံလိုက်ပြီး အိုကီနာဝါကျွန်းပေါ်တွင် အငြင်းပွား အမေရိကန်လေတပ်အခြေစိုက်စခန်းပြန်လည်နေရာချထားရေးအတွက် ဆောက်လုပ်ရေးလုပ်ငန်းကို ရပ်ဆိုင်းမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက သောကြာနေ့တွင် ပြောသည်။

ဂျပန်ဗဟိုအစိုးရနှင့် အိုကီနာဝါဒေသ အာဏာပိုင်များသည် အမေရိကန်မရိန်း ဖူတင်မာလေတပ်အခြေစိုက်စခန်းပြန်လည်နေရာချထားမှုအပေါ် တစောင်းစေးနှင့် မျက်ချေးဆိုသကဲ့သို့ အဆင်မပြေဖြစ်နေကြသည်မှာ ကြာလှပြီဟု ဆိုသည်။ ဂျပန်အစိုးရက အဆိုပါကျွန်း၏ လူနေထူထပ်မှုနည်းသော နေရာသို့ အမေရိကန်လေတပ်စခန်းကို ပြောင်းရွှေ့ရန် ကြိုးစားခဲ့သော်လည်း အိုကီနာဝါအုပ်ချုပ်ရေးမှူး တာကီရှိအိုနာဂါးက ကျွန်းမှ လုံးဝဖယ်ရှားပေးရမည်ဟု ဆိုသည်။ အစိုးရအနေဖြင့် အဆိုပါ လေတပ်အခြေစိုက်စခန်းဆောက်လုပ်မှုကို ရပ်ဆိုင်းထားမည်ဖြစ်ပြီး အိုကီနာဝါ အာဏာပိုင်များနှင့် သဘောတူညီမှုရရှိအောင် ဆွေးနွေးမှုများပြုလုပ်သွားမည်ဟု ဆိုသည်။ **(ရိုက်တာ)**

မွမ်ဘိုင်းလေဆိပ်၌ အိန္ဒိယခရီးသည်တင်လေယာဉ်တစ်စင်း ဂီယာချွတ်ယွင်းမှုဖြစ်

နယူးဒေလီ မတ် ၄

အိန္ဒိယခရီးသည်တင် လေယာဉ်တစ်စင်းသည် ကြာသပတေးနေ့ညက မွမ်ဘိုင်းလေဆိပ်သို့ဆင်းသက်ပြီးနောက် ချက်ချင်းဆိုသလိုပင် အဆင်းဂီယာမှာ ချွတ်ယွင်းသွားကြောင်း သိရသည်။

သို့သော်လည်း မွမ်ဘိုင်းအခြေစိုက် ဂျက်လေယာဉ်လေကြောင်းလိုင်း၏ လေယာဉ်မှဝန်ထမ်းများနှင့် ခရီးသည် ၁၂၅ ဦးကျော်သည် ထိခိုက်မှုတစ်စုံတစ်ရာမရှိခဲ့ကြောင်း ဒေသတွင်းသတင်းအရင်းအမြစ်များက ပြောသည်။

အဆိုပါမတော်တဆမှုမှာ ဒေလီမှမွမ်ဘိုင်းသို့ ထွက်ခွာပျံသန်းပြီးနောက် ဟိုက်ဒရောလစ်စနစ် ချွတ်ယွင်းသွားစဉ် တာယာတစ်ခုပေါက်ကွဲပျက်စီးသွားခြင်းဖြစ်ကြောင်း သိရသည်။

လေကြောင်းလိုင်းမှ အင်ဂျင်နီယာအဖွဲ့သည် လေဆိပ်ရှိသီးသန့်နေရာ၌ လေယာဉ်မတော်တဆဖြစ်ပွားရခြင်း အကြောင်းရင်းကို စစ်ဆေးနေကြောင်း ထပ်လောင်းဖော်ပြထားသည်။

(ဆင်ဟွာ)

တရုတ်က ၂၀၁၆ ခုနှစ်အတွက် ကာကွယ်ရေးအသုံးစရိတ် တိုးမြှင့်သုံးစွဲ

ပေကျင်း မတ် ၄

၂၀၁၀ပြည့်နှစ်ကတည်းက အရှိန်နှေးကွေးနေရာမှ ယခုနှစ် တရုတ်နိုင်ငံ၏ကာကွယ်ရေးအသုံးစရိတ်မြင့်မားလာမှုကြောင့် စီးပွားရေးဘက်တွင် အနည်းငယ် အရှိန်လျော့သွားဖွယ်ရာရှိနိုင်ကြောင်း၊ ကိန်းဂဏန်းအချက်အလက် အတိအကျကိုမူ ထုတ်ပြန်နိုင်ခြင်းမရှိကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ ဥပဒေပြုအဖွဲ့မှ ပြောခွင့်ရပုဂ္ဂိုလ် ဖူရင်က အသုံးစရိတ်မှာ ၂၀၁၅ ခုနှစ်မှစ၍ ၇ ရာခိုင်နှုန်းမှ ၈ ရာခိုင်နှုန်းအထိ တိုးလာနိုင်ကြောင်း၊ ဆယ်စုနှစ် နှစ်ခုနီးပါးကြာပြီးနောက် အသုံးစရိတ် ကိန်းဂဏန်း နှစ်ဆမျှမြင့်တက်လာကြောင်း ပြောသည်။ ကိန်းဂဏန်းဇယား အတိအကျကို စနေနေ့တွင် ထုတ်ပြန်သွားမည် ဖြစ်ကြောင်း

ပေကျင်း၌ မတ် ၄ ရက်က အမျိုးသားပြည်သူ့ကွန်ဂရက် ဖွင့်ပွဲအခမ်းအနားတက်ရောက်ရန် ရောက်ရှိနေပြီဖြစ်သော တပ်မတော်ကိုယ်စားလှယ်များကို တွေ့ရစဉ်။

သတင်းစာရှင်းလင်းပွဲ တစ်ခုဌ ဖူက ပြောသည်။ စစ်ရေးအသုံးစရိတ်ကို ၇ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးမြှင့်သုံးစွဲခြင်းမှာ ၂၀၁၀ ပြည့်နှစ်ကတည်းက အသုံးစရိတ်နှင့်နှိုင်းယှဉ်လျှင် အနည်းငယ် တိုးမြင့်လာခြင်းဖြစ်သည်။

ယခင်နှစ်က ကာကွယ်ရေးအသုံးစရိတ်မှာ ယွမ်တန်ဖိုး ၈၈၆ ဒသမ ၉ ဘီလီယံခန့်ဖြစ်ပြီး ယင်းမှာ အမေရိကန် စစ်ရေးအသုံးစရိတ်၏ လေးပုံတစ်ပုံခန့်မျှဖြစ်သည်။ ၂၀၁၆ ခုနှစ်အတွက် အမေရိကန်နိုင်ငံ၏ ကာကွယ်ရေးဌာန အသုံးစရိတ်မှာ ဒေါ်လာ ၅۷۷ ဘီလီယံဖြစ်သည်။ **(ရိုက်တာ)**

ဩစတြေးလျှသမ္မိုင်းတွင် အကြီးဆုံးပရဟိတအဖွဲ့အစည်း တည်ထောင်ရန် မဲလ်ဘုန်းတက္ကသိုလ်စီစဉ်

မဲလ်ဘုန်း မတ် ၄

ဩစတြေးလျှရှိ အထင်ကရတက္ကသိုလ်များထဲမှ တစ်ခုဖြစ်သည့် မဲလ်ဘုန်းတက္ကသိုလ်သည် ဩစတြေးလျှသမ္မိုင်းကို မြှင့်တင်ရန် ရည်ရွယ်၍ အကြီးဆုံးပရဟိတအဖွဲ့အစည်း ဖန်တီးရန် ဩစတြေးလျှဒေါ်လာ ၁သန်းကျော် ရန်ပုံငွေ ရရှိပြီး ဖြစ်သည်။ မဲလ်ဘုန်းတက္ကသိုလ်မှ အဖွဲ့အစည်း၏ ရန်ပုံငွေကောက်ခံရမှုမှာ နှစ်နှစ်တာအတွင်း ဩစတြေးလျှဒေါ်လာ သန်း ၅၀၀ ကောက်ခံရရှိပြီးဖြစ်သည်။ ယင်းတက္ကသိုလ်၏ ဒုတိယအဓိပတိဖြစ်သူ ဂလင်းဒေးဗစ်က ၂၀၂၁ခုနှစ်တွင် ယခုကောက်ခံရရှိထားသော ပမာဏထက် နှစ်ဆရရှိရန်မျှော်မှန်းလျက်ရှိကြောင်းပြောခဲ့သည်။

ထို့အပြင် ကျွန်ုပ်တို့၏ ရည်မှန်းချက်မှာ အနာဂတ်မျိုးဆက်သစ်များ၏ ဘဝကိုပြောင်းလဲပေးရန် ဖြစ်သည်ဟု ပြောခဲ့သည်။ အနာဂတ်တွင်ဖြစ်လာမည့် ခေါင်းဆောင်များပညာသင်ကြားရန် အမေရိကန်ဒေါ်လာသန်း၁၅၀၊ အဖွဲ့အစည်း တိုးတက်စေရန် ဒေါ်လာသန်း၁၂၀၊ လူ့အခွင့်အရေးဥပဒေ၊ ကလေးသူငယ်များစိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအခြေအနေ၊ အရေပြားကင်ဆာစသည့် သုတေသနလုပ်ငန်းများ တိုးမြှင့်ရန်အတွက် ဒေါ်လာသန်း၂၃၀ကျော် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။ မဲလ်ဘုန်းတက္ကသိုလ်သည် ဩစတြေးလျှသမ္မိုင်းတွင် အကြီးမားဆုံးပရဟိတအဖွဲ့အစည်းဖြစ်ပြီး အာရှပစိဖိတ်ဒေသတွင်လည်း အကြီးမားဆုံးရန်ပုံငွေကောက်ခံရရှိသည့် တက္ကသိုလ်တစ်ခုဖြစ်သည်။ **(ဆင်ဟွာ)**

ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်စီမံကိန်း အကောင်အထည်ဖော်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာများဆွေးနွေး

နေပြည်တော် မတ် ၄

ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ဂျပန်နိုင်ငံ ဂျေကျိုစီအုပ်စု၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ မစ္စတာ ယိုရှိဟီဒို ရှိဂဲဟီဆ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော် သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာဝုံ)**

ထိုသို့တွေ့ဆုံစဉ် ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် စီမံကိန်းအကောင်အထည်ဖော်ရေး၊ လေဆိပ်နှင့်ဆက်စပ်လျက်ရှိသည့် လမ်းပန်းဆက်သွယ်ရေးအခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ ဂျပန်နိုင်ငံအစိုးရ၏ တရားဝင်ဖွံ့ဖြိုးမှုအကူအညီရရှိရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဘီလူးချောင်း အမှတ်(၂) ဓာတ်အားပေးစက်ရုံ အလုံးစုံပြုပြင်မြှင့်စီး၍ ဓာတ်အားပမာဏ အပြည့်အဝပြန်လည်ရရှိ

နေပြည်တော် မတ် ၄

ဘီလူးချောင်းအမှတ်(၂) ဓာတ်အားပေးစက်ရုံ အလုံးစုံပြုပြင်မွမ်းမံရေးစီမံကိန်းပြီးစီးခြင်းနှင့် စက်များလွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါစက်ရုံ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ဒုတိယဝန်ကြီး ဦးမော်သာထွေး၊ ဂျပန်သံအမတ်ကြီး Mr. Tateshi Higuchi၊ ဂျပန်-မြန်မာချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Yoshito Sengoku နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲ Mr Keiichiro NAKA-ZAWA တို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဘီလူးချောင်းအမှတ်(၂) ဓာတ်အားပေးစက်ရုံသက်တမ်းသည် ၅၃ နှစ်ကျော်ပြီ ဖြစ်ပါကြောင်း၊ စက်ရုံ၏ တာဘိုင်၊ ဂျင်နရေတာနှင့် လျှပ်စစ်ကြိုးများသည် သက်တမ်းကျော်လွန်နေပြီဖြစ်သောကြောင့် လုံခြုံစိတ်ချစွာမောင်းနှင်နိုင်ရန် မသင့်တော်သဖြင့် အစားထိုးပြုပြင်ရန်လိုအပ်လာပါကြောင်း၊ ထို့ကြောင့် ဂျပန်အစိုးရက စက်ရုံကြီးအလုံးစုံပြုပြင်မွမ်းမံရေး ဆောင်ရွက်နိုင်ရန် ပြန်လည်ပေးဆပ်ရန်မလိုသော ငွေကြေးအကူအညီ (Grant Aid) ဂျပန်ယန်းသန်းပေါင်း ၆၆၆၉ သန်းကို ထောက်ပံ့ကူညီပေးခဲ့ပါကြောင်း။

အလုံးစုံပြုပြင်မွမ်းမံရေးစီမံကိန်း ဆောင်ရွက်ခဲ့ရာတွင် တာဘိုင်၊ ဂျင်နရေတာ ဖိအားမြှင့်သံမဏိပိုက်လိုင်းနှင့် ဆက်စပ်ပစ္စည်းအမျိုးပေါင်း ၅၂ မျိုး လဲလှယ်ပြုပြင်ခြင်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီတွင် ပထမစက်သုံးလုံးပြုပြင်ပြီးစီးခဲ့ပြီး ကျန်စက်သုံးလုံးကို ၂၀၁၅ ခုနှစ် မိုးရာသီတွင် ထပ်မံပြုပြင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအခါ စက်ခြောက်လုံးပြုပြင်ပြီးစီးသွားပြီဖြစ်ပြီး ကြံ့ခိုင်မှုပြည့်ဝစွာဖြင့် မူလဒီဇိုင်းအတိုင်း စက်တစ်လုံးလျှင် ၂၈ မဂ္ဂါဝပ်အပြည့် စုစုပေါင်း ၁၆၈ မဂ္ဂါဝပ်ကို ဓာတ်အားစနစ်သို့ ပို့လွှတ်နိုင်ပြီဖြစ်ပါကြောင်း။

၂၀၃၀-၂၀၃၁ တွင် တစ်နိုင်ငံလုံးသို့ ၁၀၀ ရာခိုင်နှုန်း အပြည့်အဝ လျှပ်စစ်ဓာတ်အားပေးနိုင်မည့် အမျိုးသားလျှပ်စစ်ဓာတ်အား ပင်မစီမံချက် (National Electricity Master Plan) ကို JICA ၏ အကူအညီဖြင့် ရေးဆွဲပြီးဖြစ်ပါကြောင်း၊ ကယားပြည်နယ်ရှိ မြို့နယ်အားလုံးကို လျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်ပေးပြီးဖြစ်သည့်အတွက် ကယားပြည်နယ်အတွင်း လျှပ်စစ်မီးမရရှိသေးသည့်မြို့ မကျန်ရှိတော့ပါကြောင်း၊ ကျေးရွာမီးလင်းရေးတွင်လည်း ကယားပြည်နယ်အတွင်း ကျေးရွာ ၅၁၁ ရွာရှိသည့်အနက် ၁၄၂ ရွာ လျှပ်စစ်မီးရရှိပြီးဖြစ်ပါကြောင်း၊ ၂၀၁၅-၂၀၁၆ အတွင်း လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ရန်လျာထားခဲ့သော ရွာ ၁၁၄ ရွာအနက် ၄၁ ရွာ လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်ပေးခဲ့ပြီး ကျန် ၇၃ ရွာတွင်လည်း လျှပ်စစ်မီးရရှိရေးဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ အားလုံး ဆောင်ရွက်ပြီးစီးတော့မည်ဖြစ်ပါကြောင်း၊ ၂၀၁၅-၂၀၁၆ အကုန်တွင် စုစုပေါင်းကျေးရွာ ၂၅၆ ရွာ လျှပ်စစ်မီးရရှိမည် ဖြစ်ပါကြောင်း၊ လျှပ်စစ်မီးရရှိရန် ကျန်ရှိသည့်ကျေးရွာများကိုလည်း ဆိုလာစနစ်ဖြင့် ဆက်လက်ဆောင်ရွက်ပေးသွားရန် စီစဉ်ထားရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ဂျပန်-မြန်မာချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌက ယခုစက်ရုံကြီးသည် တည်ဆောက်ခဲ့သည်မှာ နှစ်ပေါင်းများစွာကြာပြီဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဓာတ်အားပေးစက်ရုံကြီး မူလအတိုင်း ဓာတ်အားပြန်လည်ထုတ်လုပ်နိုင်ရန် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် တာဝန်ရှိသူများ၊ ကယားပြည်နယ်သူ ပြည်နယ်သားများနှင့် JICA ကို ကျေးဇူးတင်ရှိပါကြောင်း၊ JICA အနေဖြင့်လည်း မြန်မာနိုင်ငံ၏ ပင်မလျှပ်စစ်ဓာတ်အားရရှိရေးမဟာဗျူဟာကို ပူးပေါင်းရေးဆွဲဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ၏ စက်မှုလက်မှုကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍများတွင် အကူအညီပေးရန် ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ကယားပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားတိုးချဲ့ရရှိရေးအတွက် ဆောင်ရွက်ပေးမှုအပေါ် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးက နိုင်ငံတော်ပြည်နယ်ဝန်ကြီးချုပ်၊ ဂျပန်သံအမတ်ကြီး၊ ဂျပန်-မြန်မာချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲတို့က ဘီလူးချောင်းအမှတ်(၂) ဓာတ်အားပေးစက်ရုံ အလုံးစုံပြုပြင်မွမ်းမံရေး စီမံကိန်းပြီးစီးခြင်းနှင့် စက်များလွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဘီလူးချောင်းအမှတ်(၂) ဓာတ်အားပေးစက်ရုံ အလုံးစုံပြုပြင်မွမ်းမံခြင်း ဆောင်ရွက်ခဲ့မှုအခြေအနေ မှတ်တမ်းဓာတ်ပုံများ အစိုးရ၏ သေချာစွာ ထိန်းသိမ်းမှုကြောင့် ယခုဓာတ်အားပေးစက်ရုံကြီးကို ပြန်လည်ပြုပြင်စီမံခန့်ခွဲနိုင်ခြင်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံကဏ္ဍတွင် ထောက်ပံ့ကူညီပေးရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ပါကြောင်း၊ ထိုသို့ ဆွေးနွေးရာတွင် ယခု ဓာတ်အားပေးစက်ရုံပြုပြင်မွမ်းမံရန် ကိစ္စပါဝင်ခဲ့ပြီး ယင်းကို အရေးကြီးကိစ္စရပ်တစ်ခုအဖြစ်သတ်မှတ်ပြီး ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် လျှပ်စစ်စွမ်းအားကဏ္ဍအပြင် အခြားကဏ္ဍပေါင်းစုံကို ပူးပေါင်းကူညီဆောင်ရွက်သွားရန် ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘီလူးချောင်းအမှတ်(၂) ဓာတ်အားပေးစက်ရုံ ထိန်းချုပ်ခန်းအတွင်း စက်များစွမ်းအားပြည့် ပြန်လည်မောင်းနှင်နေမှုကို ကြည့်ရှုသည်။ **(ဝဲဝုံ)**

ဘီလူးချောင်းအမှတ် (၂) စက်ရုံသည် လွိုင်ကော်မြို့နှင့် ၁၄ မိုင်ခန့် အကွာ၌တည်ရှိပြီး ၁၉၆၀ ပြည့်နှစ်တွင် ဂျပန်နိုင်ငံကပေးသော စစ်လျော်ကြေးဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

၂၀၁၃ ခုနှစ်တွင် ဘီလူးချောင်းအမှတ်(၂)စက်ရုံ၏ သက်တမ်းသည် နှစ်ပေါင်း ၅၃ နှစ် ကျော်ပြီဖြစ်၍ စက်မှုပိုင်းနှင့် လျှပ်စစ်ပိုင်းတို့တွင် လုံခြုံစိတ်ချရမှု လျော့နည်းလာသဖြင့် ဂျပန်နိုင်ငံအစိုးရ၏ ပြန်လည်ပေးဆပ်ရန်မလိုသော ငွေကြေးအကူအညီ (Grant Aid) ဂျပန်ယန်းသန်းပေါင်း ၆၆၆၉ သန်းဖြင့် ဘီလူးချောင်းအမှတ်(၂)စက်ရုံကို အလုံးစုံပြုပြင်ခဲ့သည်။

ယခုအခါ အလုံးစုံပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ပြီးစီးသွားသည့်အတွက် စက်များမပြုပြင်မီ လျော့နည်းနေခဲ့သော ဓာတ်အားပမာဏ မဂ္ဂါဝပ် ၃၀ ကို ပြန်လည်ရရှိခဲ့ပြီး ဘီလူးချောင်းအမှတ်(၂) စက်ရုံရှိ ဓာတ်အားပေးစက်ခြောက်လုံးက ထုတ်လုပ်သော ၁၆၈ မဂ္ဂါဝပ်ကို ပြည့်ပြည့်၀ဝ ပြန်လည်ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြုပြင်မွမ်းမံပြီးစီးသွားသော လျှပ်စစ်ဓာတ်အားပေးစက်ရုံ အစိတ်အပိုင်းများကို တွေ့ရစဉ်။

❖ ရှေ့ပုံးမှ

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဝန်ကြီးချုပ်များ၊ တိုင်းမှူးတို့နှင့်အတူ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြပြီး ကင်းထောက်လူငယ်များ စခန်းချနေသည့် (ပုပ္ပားစခန်း)သို့ ရောက်ရှိကြရာ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့၏ ကင်းထောက်ချုပ်ကြီး နိုင်ငံတော်သမ္မတအား ကင်းထောက်ကြီးများနှင့် ကင်းထောက်လူငယ်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များ၊ ကင်းထောက်ကြီးများနှင့် ကင်းထောက်လူငယ်များက နိုင်ငံတော်အလံကို အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ကင်းထောက်လူငယ်များအား အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ကင်းထောက်မောင်မယ်များ စခန်းချတွေ့ဆုံပွဲကို ယမန်နှစ်က ပြင်ဦးလွင်ထင်းရှူးတောစခန်း၌ ဆောင်ရွက်ခဲ့ပြီး ယခုနှစ်တွင် မောင်တို့မယ်တို့အတွက် အသစ်အဆန်းတစ်နေရာဖြစ်သည့် ပုပ္ပားစခန်းကို ရွေးချယ်စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ပုပ္ပားတောင်ကြီးကိုလည်း အထင်ကရတွေ့မြင်ရပြီး မောင်တို့မယ်တို့ကိုယ်တိုင် သမိုင်းဝင်အထင်ကရ ပုပ္ပားတောင်ကြီးနှင့် တောင်ကလပ်ကို တက်ရောက်ကြပြီးဖြစ်ကြောင်း။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ကင်းထောက်လူငယ်များက စခန်းချတွေ့ဆုံပွဲ အမှတ်တရလက်ဆောင်ပစ္စည်း ဂါရဝပြုပေးအပ်စဉ်။ (သတင်းစဉ်)

မောင်တို့မယ်တို့အဖွဲ့တွင် မြန်မာနိုင်ငံအနှံ့အပြား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ အခြေခံပညာအဆင့်၊ အထက်တန်းအဆင့်နှင့် တက္ကသိုလ်အဆင့်တို့မှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ပါဝင်ကြသည့်အတွက် ကင်းထောက်ညီအစ်ကို မောင်နှမများနှင့် တွေ့ဆုံရသည့် မမေ့နိုင်ဖွယ်ရာ တွေ့ဆုံပွဲလည်း ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် တိုင်းရင်းသားပေါင်းတစ်ရာကျော် စုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဖြစ်သည့်အတွက် တိုင်းရင်းသားအချင်းချင်းချစ်ခင်သည့် ညီအစ်ကို မောင်နှမစိတ်၊ တစ်နည်းအားဖြင့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိရမည်ဖြစ်ကြောင်း၊ ဥမကွဲသိုက်မပျက် အေးအတူ ပူအမျှ အတူတကွချစ်ကြည်စွာ နေထိုင်လိုသည့် ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ဖြစ်ကြောင်း၊ မောင်တို့မယ်တို့အနေဖြင့် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ကို ငယ်စဉ်ကျောင်းသားဘဝကပင် မွေးမြူကြရမည်ဖြစ်ကြောင်း။

ယခုလူငယ် နောင်ဝယ်လူကြီး ဆိုသကဲ့သို့ မောင်တို့မယ်တို့သည် တစ်ချိန်တွင် တိုင်းပြည်၏ တာဝန်များကို ကျရာအခန်းကဏ္ဍမှ ပါဝင်

စာမျက်နှာ ၇ သို့

နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များ ကင်းထောက်ကြီးများ၊ ကင်းထောက်လူငယ်များ၊ ကမ္ဘာ့ကင်းထောက်အဖွဲ့၊ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အာရှ-ပစိဖိတ်ဆိုင်ရာ အမျိုးသမီး ကင်းထောက်ဒေသဆိုင်ရာ ဒါရိုက်တာတို့နှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

တာဝန်ယူကြရမည် ဖြစ်ကြောင်း၊ တာဝန်သိသော နိုင်ငံ့သားကောင်းများဖြစ်ရန်အတွက် ဗလငါးတန်နှင့် ပြည့်စုံရန်လိုကြောင်း၊ ကိုယ်ကျင့်တရားကောင်းရန်၊ စည်းကမ်းကောင်းရန်၊ ဇွဲသတ္တိ၊ ဝီရိယဆိုသည့် အရည်အချင်းများသည် မရှိမဖြစ်လိုအပ်ကြောင်း၊ ထို့ပြင် အများအကျိုးကို သယ်ပိုးဆောင်ရွက်ရန်၊ အချင်းချင်း ရိုင်းပင်းကူညီရန်ဆိုသည့် စိတ်ထားများကိုပါ ကင်းထောက်မောင်မယ် ဘဝမှာကတည်းက လေ့ကျင့်သွားကြရမည်ဖြစ်ကြောင်း၊ ကင်းထောက်၏ ဆောင်ပုဒ်အတိုင်း နိုင်ငံအတွက် "အမြဲအသင့်" ဖြစ်နေကြရမည်ဖြစ်ကြောင်း။

ကင်းထောက် အဖွဲ့အစည်းကြီးသည် နိုင်ငံ့သားကောင်းများဖြစ်ရန် လေ့ကျင့်မွေးမြူပေးသည့် အဖွဲ့အစည်းကြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ သာမက ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကင်းထောက်အဖွဲ့အစည်း များစွာရှိကြကြောင်း၊ မိမိတို့နိုင်ငံတွင် ၁၉၁၃ ခုနှစ်တွင် ကင်းထောက်အသင်းစတင်ပေါ်ပေါက်ခဲ့ရာ လွတ်လပ်ရေးရပြီးနောက်ပိုင်းအထိ မြန်မာနိုင်ငံ ကင်းထောက်အသင်းများ ရှိခဲ့ကြောင်း၊ သို့သော်လည်း အကြောင်းကြောင်းများကြောင့် တိမ်ကောပျောက်ကွယ်သွားခဲ့သည်မှာ နှစ်ပေါင်း ၅၀ ခန့်ရှိပြီ ဖြစ်ကြောင်း။

ယခုအခါတွင် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်ကို ၂၀၁၂ ခုနှစ်တွင် ပြန်လည်ဖွဲ့စည်းနိုင်ခဲ့ပြီး အချိန်တိုအတွင်း စိတ်အားထက်သန်သည့် ကင်းထောက်မောင်မယ် အင်အား ၅၉၀၀၀ ကျော်အထိ ရှိလာခဲ့ကြောင်း၊ မောင်တို့မယ်တို့၏ နိုးကြားတက်ကြွစွာ ဆောင်ရွက်မှုကြောင့် ယခုအခါတွင် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ကို ကမ္ဘာ့ကင်းထောက် အဖွဲ့ဝင်နိုင်ငံ အဖြစ် အသိအမှတ်ပြုရန်အတွက် အကဲဖြတ်ရန် ကမ္ဘာ့ကင်းထောက် အဖွဲ့နှင့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက် အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အာရှ-ပစိဖိတ်ဆိုင်ရာ ကင်းထောက် ကော်မတီဥက္ကဋ္ဌနှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒါရိုက်တာပုဂ္ဂိုလ်များ မြန်မာနိုင်ငံသို့ ရောက်ရှိနေကြပြီဖြစ်ကြောင်း။

အဆိုပါ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများသည် သက်တမ်းအားဖြင့် နုနယ်သေးသည့် မိမိတို့ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ကို ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံဖြစ်လာရန်အတွက် နည်းပညာပိုင်းဆိုင်ရာ အကူအညီများလည်းပေးကြမည်ဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ်တွင် အဇာဘိုင်ဂျန်နိုင်ငံ၌ ကျင်းပမည့် ကမ္ဘာလုံးဆိုင်ရာ ကင်းထောက်အဖွဲ့အစည်းများ တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ကို ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံ ဖြစ်ရေးအတွက် ဝိုင်းဝန်းကူညီကြမည်ဖြစ်၍ ၎င်းတို့ကို ကျေးဇူးတင်ကြရမည် ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် မောင်တို့မယ်တို့သည် နိုင်ငံ့ဂုဏ်ဆောင် ကင်းထောက် မောင်မယ်များဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ ဗလငါးတန်နှင့်ပြည့်စုံသည့် နိုင်ငံ့သားကောင်းများဖြစ်အောင် လေ့ကျင့်ကြရမည်ဖြစ်ကြောင်း၊ သာယာလှပကောင်းမွန်သည့် မောင်တို့မယ်တို့၏ အနာဂတ်ကို ဖန်တီးနိုင်သည့် စွမ်းဆောင်ရှင်များဖြစ်အောင် အားထုတ်ကြိုးပမ်းကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ကင်းထောက်လူငယ်များ စခန်းချတွေ့ဆုံပွဲ မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်သမ္မတအား ကင်းထောက်လူငယ်များက စခန်းချတွေ့ဆုံပွဲ အမှတ်တရ လက်ဆောင်ပစ္စည်းကို ဂါရဝပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ကင်းထောက်လူငယ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ကင်းထောက်မောင်မယ်များ၏ ကင်းစိတ်အလိုက် စခန်းချစွမ်းဆောင်ထားမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကင်းထောက်ကြီးများ၊ ကင်းထောက်လူငယ်များ၊ ကမ္ဘာ့ကင်းထောက်အဖွဲ့၊ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်

အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အာရှ-ပစိဖိတ်ဆိုင်ရာ အမျိုးသမီး ကင်းထောက်ဒေသဆိုင်ရာ ဒါရိုက်တာတို့နှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ကမ္ဘာ့ကင်းထောက်အဖွဲ့၊ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အာရှ-ပစိဖိတ်ဆိုင်ရာ အမျိုးသမီးကင်းထောက်ဒေသဆိုင်ရာ ဒါရိုက်တာနှင့် အဖွဲ့ဝင်များအား ပုပ္ပားသစ်တောဥယျာဉ် ပညာပေးပြခန်းဧည့်ခန်းမ၌ တွေ့ဆုံပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ပုပ္ပားတောင်ပတ်လမ်းရှိ လျှော်တောရွာ၊ ဆည်ရွာ၊ နတ်ကန်လည်ရွာ၊ ဆင်ဇင်းရွာနှင့် ဆုံကုန်းကျေးရွာတို့၌ ဒေသခံပြည်သူများ၏ သရက်၊ ဌက်ပျော၊ နဂါးမောက်စိုက်ခင်းများကို ကြည့်ရှုပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ သောက်သုံးရေရရှိရေး၊ ကျေးလက်လမ်းများ ကောင်းမွန်ရေးနှင့် စာသင်ကျောင်းဆောင်သစ် လိုအပ်မှုကိစ္စများကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ပုပ္ပားအခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ကင်းထောက်လူငယ်များ စခန်းချတွေ့ဆုံပွဲအထိမ်းအမှတ် မီးပုံပွဲသို့ တက်ရောက်သည်။

အဆိုပါ ကင်းထောက်လူငယ်များ စခန်းချတွေ့ဆုံပွဲ (ပုပ္ပားစခန်း)၌ နိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများမှ ကင်းထောက်မောင်မယ်များ၊ ကင်းထောက်ကြီးများ၊ အထောက်အကူပြုအဖွဲ့များ စုစုပေါင်း ၆၁၉ ဦးတို့သည် မတ် ၁ ရက်မှ စတင်စခန်းချလျက်ရှိပြီး ကျွမ်းကျင်မှုများ ဆွေးနွေးပို့ချခြင်း၊ အမျိုးသား အမျိုးသမီး ကင်းထောက်ဆိုင်ရာ လုပ်ငန်းစဉ်များ သင်ကြားခြင်း၊ ခြေလျင်တောင်တက်ခရီးထွက်ခြင်း၊ ယဉ်ကျေးမှုနယ်မြေ လေ့လာခြင်း၊ ကင်းထောက်အရည်အသွေးဆန်းစစ်ခြင်းနှင့် စခန်းကာလ အတွေ့အကြုံများအပေါ် ဆန်းစစ်အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ယခု ကင်းထောက်စခန်းချတွေ့ဆုံမှုမှာ စတုတ္ထအကြိမ်ဖြစ်ပြီး ပထမအကြိမ် တွေ့ဆုံမှုကို ၂၀၁၃ ခုနှစ်က နေပြည်တော် ရွာတော်တည်းခိုရေးစခန်း၌ လည်းကောင်း၊ ဒုတိယအကြိမ် ကင်းထောက်စခန်းချတွေ့ဆုံမှု ၂၀၁၄ ခုနှစ်နှင့် တတိယအကြိမ် ကင်းထောက်စခန်းချတွေ့ဆုံမှု ၂၀၁၅ တို့ကို ပြင်ဦးလွင်မြို့ရှိ ကင်းထောက် မောင်မယ်စခန်း၌ လည်းကောင်း ကျင်းပခဲ့သည်။

(သတင်းစဉ်)

ဥမကွဲသိုက်မပျက် အေးအတူပူအမျှ အတူတကွ ချစ်ကြည်စွာ နေထိုင်လိုသည့် ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ဖြစ်။

မောင်တို့မယ်တို့အနေဖြင့် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ကို ငယ်စဉ်ကျောင်းသားဘဝကပင် မွေးမြူကြရမည်ဖြစ်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပုပ္ပားတောင်ပတ်လမ်းရှိ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။ (သတင်းစဉ်)

ကွန်ပျူတာ၊ အင်တာနက် ဆင့်ပွားသင်တန်းဆင်း

ရန်ကုန် မတ် ၄

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ရည်ရွယ်ဖွင့်လှစ်ခဲ့သည့် ကွန်ပျူတာ၊ အင်တာနက် နည်းပညာဆင့်ပွားသင်တန်းဆင်းပွဲကို မတ် ၃ ရက် နံနက် ၉ နာရီက ခရမ်းမြို့ ကမာကလူကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့ပြီး အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ခဲ့သည်။ **(သတင်းစဉ်)**

ကင်းထောက်လူငယ်များ ကျောက်ပန်းတောင်းမြို့နယ် (ပုပ္ပားစခန်း) မြင်ကွင်းပုံရိပ်များ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာရှ-ပစိဖိတ်ဆိုင်ရာ အမျိုးသမီးကင်းထောက်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးနှင့် အမှတ်တရလက်ဆောင်ပစ္စည်း အပြန်အလှန်ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကျောက်ပန်းတောင်းမြို့နယ် (ပုပ္ပားစခန်း)၌ မြန်မာနိုင်ငံ ကင်းထောက်ကြီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကျောက်ပန်းတောင်းမြို့နယ် (ပုပ္ပားစခန်း)၌ ကင်းထောက်လူငယ်များ ၏ ကင်းစိတ်အလိုက် စခန်းချစွမ်းဆောင်ထားမှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကျောက်ပန်းတောင်းမြို့နယ် (ပုပ္ပားစခန်း)၌ စခန်းချနေသည့် ကင်းထောက်လူငယ်များအား ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပုပ္ပားအခြေခံပညာအထက်တန်းကျောင်း၌ကျင်းပသည့် ကင်းထောက်လူငယ်များ စခန်းချတွေ့ဆုံပွဲ အထိမ်းအမှတ် မီးပုံပွဲတွင် ဖျော်ဖြေကပြမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော် သမ္မတ ဦးသိန်းစိန် ပြင်ဦးလွင်မြို့ ကင်းထောက်လူငယ်များ စခန်းချ တွေ့ဆုံပွဲ (၂၀၁၅)ကျင်းပစဉ်က ကင်းထောက်လူငယ်များ၏ ကင်းစိတ်အလိုက် စခန်းချ စွမ်းဆောင်ထားမှုများကို ကြည့်ရှုအားပေးစဉ်။(အပေါ်ပုံနှင့်ယာပုံ) (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ပြည်ပသို့သည်များအား သီးခြားစီလက်ခံ တွေ့ဆုံ

နေပြည်တော် မတ် ၄

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံ သံအမတ်ကြီး H.E. Mr.Mark McDowell အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် လည်းကောင်း **(အောက်ပုံ)**၊ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Andrew Patrick အား ယနေ့မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ UNICEF မှ ဌာနေ ကိုယ်စားလှယ် Mr. Bertrand Bainvel အား ယနေ့ ညနေ ၃ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌သီးခြားစီ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲများသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြည်ပသို့သည်များအား သီးခြားစီလက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၄

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် UNICEF ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Bertrand Bainvel အား ယနေ့မွန်းလွဲ ၂ နာရီတွင်လည်းကောင်း **(အပေါ်ပုံ)**၊ မြန်မာနိုင်ငံဆိုင်ရာ ကနေဒါ သံအမတ်ကြီး H. E. Mr. Mark McDowell အား ယနေ့ ညနေ ၃ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

UNICEF ဌာနေကိုယ်စားလှယ်နှင့်တွေ့ဆုံစဉ် ကလေးသူငယ်များ၏ ပညာရေး၊ ကျန်းမာရေးဆိုင်ရာကဏ္ဍများတွင် အကူအညီပေးရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ဆွေးနွေးကြသည်။

တွေ့ဆုံပွဲများသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

အိန္ဒိယမှ ရထားဒေါင်းတွဲသစ်များ ဝယ်ယူရေးနှင့် ပတ်သက်၍ သဘောတူစာချုပ် လက်မှတ်ရေးထိုး

နေပြည်တော် မတ် ၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားနှင့် အိန္ဒိယနိုင်ငံ နည်းပညာနှင့် စီးပွားရေး ဆောင်ရွက်မှုကုမ္ပဏီတို့ YDM-4 ခေါင်းတွဲသစ် ၁၈ ခေါင်း ဝယ်ယူရေးနှင့် ပတ်သက်၍ သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဥာဏ်ထွန်းအောင်၊ ဒုတိယဝန်ကြီးများ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး Mr. Shri Gautam Mukhopadhaya၊ အိန္ဒိယနိုင်ငံ နည်းပညာနှင့် စီးပွားရေး ဆောင်ရွက်မှုကုမ္ပဏီမှ ဒါရိုက်တာ Mr. S. B. Malik နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဥာဏ်ထွန်းအောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးက အမှာစကားပြောကြားသည်။

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်းနှင့် အိန္ဒိယနိုင်ငံ နည်းပညာနှင့် စီးပွားရေးဆောင်ရွက်မှု ကုမ္ပဏီ (RITES Ltd) မှ ဒါရိုက်တာ Mr. S. B. Malik တို့က အိန္ဒိယနိုင်ငံ ချေးငွေဖြင့် ဝယ်ယူမည့် YDM-4 ခေါင်းတွဲသစ် ၁၈ ခေါင်း ဝယ်ယူရေးနှင့်ပတ်သက်၍ သဘောတူလက်မှတ်ရေးထိုးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ စက်ခေါင်းများအား (၁) ခေါင်းလျှင် ၁ ဒသမ ၈ သန်း၊ ၁၈ ခေါင်းအတွက် ၃၂ ဒသမ ၄ သန်း ကုန်ကျမည်ဖြစ်သည်။ အဆိုပါ စက်ခေါင်းများအား လူစီးရထားများနှင့် ကုန်ရထားများတွင် အသုံးပြုပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကနေဒါ - မြန်မာ လွှတ်တော်ချင်း ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် မတ် ၄

အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဦးဇုန်လှယ်ထန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီး မစ္စတာ ဟုန်လျန်သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ကော်မတီရေးရာဆောင်အမှတ်(၂၀) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ တရုတ်ကုမ္ပဏီများ စီးပွားရေးရင်းနှီးမြှုပ်နှံနေမှုအပေါ် ပိုမိုပွင့်လင်းမြင်သာပြီး လူထုအကျိုးပြုလုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်ရေး၊ တရုတ်ပြည်လုံးကျွတ်ဆိုင်ရာညီလာခံ (MPC)ဖွဲ့စည်းထားရှိမှုနှင့် တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ခင်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးကြသည်။

အလားတူ ကနေဒါနိုင်ငံ သံရုံးမှ သံအမတ်ကြီး H.E. Mr. Mark McDowell သည် မွန်းတည့် ၁၂ နာရီတွင် အဆိုပါဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ကနေဒါ-မြန်မာ နှစ်နိုင်ငံလွှတ်တော်ချင်း ပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေးကဏ္ဍများတွင် အတူတကွပူးပေါင်း ဆောင်ရွက်ရေးနှင့် သတ္တုတွင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ သံရုံးမှ သံအမတ်ကြီး H.E. Mr. Gautam Mukhopadhaya သည် မွန်းလွဲ ၂ နာရီတွင် လာရောက်တွေ့ဆုံပြီး အိန္ဒိယ-မြန်မာ နှစ်နိုင်ငံအကြား အာဆီယံလမ်းမကြီး တစ်လျှောက် ခရီးသွား ဘတ်စ်ကားများပြေးဆွဲရေး၊ မြန်မာနိုင်ငံ အနောက်ဘက်ခြမ်းနှင့် အိန္ဒိယအရှေ့မြောက်ဘက်ခြမ်း ခရီးသွားလုပ်ငန်းများတိုးမြှင့်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲများသို့ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်းသို့ ဆေးပဒေသာပင်လှူဒါန်း

မန္တလေး မတ် ၄

ဦးလှထွန်း (Hospice) မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း မန္တလေးသို့ ယနေ့ နံနက်ပိုင်းက ပေါက်ခေါင်းမြို့မှ ဦးမောင်ကံ-ဒေါ်ကြည်နှင့် မန္တလေးမြို့မှ ဦးအေးငွေ-ဒေါ်မမလေးတို့အား ရည်စူး၍ ပြည်မြို့နေ ဦးမောင်မောင်-ဒေါ်စံပယ် မိသားစုက ဆေးပဒေသာပင် ငွေကျပ်သိန်း ၁၀၀ ကို လာရောက်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံ၍ အလှူရှင်အားဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

တင်မောင် (မန်းကိုယ်ပွား)

ဇောတိကစီမံကိန်း ထုတ်လုပ်ရေးစင်ပြူပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မတ် ၄

ကမ်းလွန်ဇောတိကစီမံကိန်း၏ နှစ်စဉ်ပြုလုပ်လေ့ရှိသည့် ထုတ်လုပ်ရေးစင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို မုတ်သုံရာသီမဝင်ရောက်မီ မတ် ၁၉ ရက် ဝဝးဝဝ နာရီမှ ၂၈ ရက် ၂၄းဝဝ နာရီထိ ၁ဝ ရက်ကြာ ဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါကာလအတွင်း သထုံ၊ မော်လမြိုင်၊ ကံပေါက်ဒေသရှိ သဘာဝဓာတ်ငွေ့ သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ဘိလပ်မြေစက်ရုံများနှင့် စက်ရုံငယ်များသို့ မတ် ၁၉ ရက်မှ ၂၄ ရက်အထိ သဘာဝဓာတ်ငွေ့ပို့လွှတ်မှု ခေတ္တရပ်ဆိုင်းထားမည်ဖြစ်သော်လည်း ရန်ကုန်ဧရိယာအတွင်း လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိရေးအတွက် ရတနာ-ရန်ကုန် ၂၄ လက်မ ပိုက်လိုင်းမှ ရတနာသဘာဝဓာတ်ငွေ့ဖြင့် အစားထိုးဖြန့်ဖြူးပေးသွားရန် စီမံထားပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေ့အပူချိန် ၅-၃-၂၀၁၆ အနည်းငယ်တိုးနိုင်

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။ **(မိုး/ဇလ)**

ပိုရမ်တက်ရောက်ရန်နှင့် ဆုယူရန် ဗီယက်နမ်သို့ထွက်ခွာ

ရန်ကုန် မတ် ၄

ဗီယက်နမ်နိုင်ငံ ဟန္တိုင်းမြို့၌ မတ် ၄ ရက်မှ ၅ ရက်အထိ ကျင်းပမည့် "The 2nd ASEAN Women Entrepreneurs Forum သို့တက်ရောက်ရန်နှင့် Outstanding ASEAN Women Entrepreneurs Award ဆုရရှိကြသော မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း ဥက္ကဋ္ဌ ဒေါ်လှဝတီ၊ ဒုတိယဥက္ကဋ္ဌများဖြစ်သော ဒေါ်ခင်လေးနှင့် ဒေါက်တာမြတ်သီတာမြင့်တို့ ပါဝင်သောအဖွဲ့ဝင် ၁ဝ ဦးနှင့် တက်ရောက်လေ့လာသူ ၂၈ ဦးတို့သည် ယမန်နေ့ညပိုင်းက လေကြောင်းခရီးဖြင့် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံ ကမ္ဘာ့ကင်းထောက်အဖွဲ့ ဝင်ဖြစ်ရန်ကြိုးပမ်းမှုကို ကူညီပေးပို့ဆန္ဒပြုကြပြီး ကာလတိုအတွင်း ထူးခြားအောင်မြင်မှုကို ဂုဏ်ပြု

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့၏ ကင်းထောက်ချုပ်ကြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မတ် ၄ ရက်နေ့ နံနက်ပိုင်းက ကင်းထောက်လူငယ်များ စခန်းချတွေ့ဆုံပွဲ (ပုဗွားစခန်း) သို့ရောက်ရှိပြီး မြန်မာနိုင်ငံကင်းထောက်လူငယ်များအား တွေ့ဆုံခဲ့သည်။

ယခုနှစ် ကင်းထောက်လူငယ်များ စခန်းချတွေ့ဆုံပွဲနှင့်ပတ်သက်၍ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ အမျိုးသမီးကင်းထောက်ချုပ် ဒေါက်တာ တင်လှကြည်၊ ကမ္ဘာ့ကင်းထောက်အဖွဲ့ အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ Ms. Reiko Suzuki နှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ ဒါရိုက်တာ Mr.ThianHiong-Boon တို့၏ သဘောထားအမြင်များကို ရေးသားတင်ပြလိုက်ရပါသည်-

ဒေါက်တာတင်ညို

ဒေါက်တာတင်လှကြည်

Ms. Reiko Suzuki

Mr.ThianHiong-Boon

ဒေါက်တာတင်ညို (အမျိုးသားကင်းထောက်ချုပ်)

ဒီနေ့ကျင်းပတဲ့ ကင်းထောက်လူငယ်များ စခန်းချတွေ့ဆုံပွဲဟာ စတုတ္ထအကြိမ် ကင်းထောက်တွေ့ဆုံပွဲဖြစ်ပါတယ်။ မြန်မာနိုင်ငံ ကင်းထောက်ချုပ်ကြီးက ကင်းထောက်လူငယ်တွေကို တွေ့ဆုံပြီး သြဝါဒပေးပါတယ်။

ထူးခြားတာက ကမ္ဘာ့အမျိုးသား၊ အမျိုးသမီးကင်းထောက်အဖွဲ့တွေကို ကိုယ်စားပြုတဲ့ အာရှနဲ့ ပစိဖိတ်ဒေသကပဂ္ဂိုလ်တွေ တက်ရောက်လာခြင်းဖြစ်ပါတယ်။ အာရှနဲ့ ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ကော်မတီ ဒုတိယဥက္ကဋ္ဌနဲ့အတူ ဒေသဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်တွေ၊ အာရှနဲ့ ပစိဖိတ်ဒေသအမျိုးသမီးကင်းထောက်အဖွဲ့က ဒေသဆိုင်ရာဒါရိုက်တာနဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေ တက်ရောက်ကြပါတယ်။

ဧည့်သည်တော်တွေက မြန်မာနိုင်ငံကင်းထောက်ချုပ်ကြီး နိုင်ငံတော်သမ္မတကြီးကို ဂါရဝပြုတွေ့ဆုံပါတယ်။ မြန်မာနိုင်ငံကင်းထောက် လှုပ်ရှားမှုကို လမ်းညွှန်ပေးတဲ့အတွက် ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်ကို ပေးခဲ့သလို ကင်းထောက်ချုပ်ကြီးကလည်း အမှတ်တရလက်ဆောင်တွေ ပြန်လည်ပေးအပ်ခဲ့ပါတယ်။

မြန်မာနိုင်ငံ ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် ကြိုးပမ်းဆောင်ရွက်မှုကို ကူညီပေးဖို့ဆန္ဒပြုကြပြီး အခုလိုကာလတိုအတွင်း ထူးခြားအောင်မြင်မှုကို ဂုဏ်ပြုမှတ်တမ်းတင်ကြပါတယ်။

ထူးခြားတိုက်ဆိုင်တာက ၂၀၁၆ နှစ်ဟာ မြန်မာနိုင်ငံမှာ အမျိုးသား၊ အမျိုးသမီးကင်းထောက်များ စတင်ဖွဲ့စည်းခဲ့တဲ့ နှစ်တစ်ရာပြည့်ဖြစ်လို့ ရာပြည့်အထိမ်းအမှတ်ဆောင်ရွက်ကြမှာ ဖြစ်ပါတယ်။

အခြားထူးခြားချက်ကတော့ မြန်မာနိုင်ငံကင်းထောက်အဖွဲ့မှာ အရည်အသွေးမြင့်မားစွာနဲ့ စွမ်းဆောင်ရည်ပြည့်ဝတဲ့ ကင်းထောက်ကြီးများရဲ့ ထက်သန်တဲ့ဇွဲနဲ့ အဆက်မပြတ် ပါဝင်ကူညီနေကြမှုတွေ ဖြစ်ပါတယ်။

ဒေါက်တာတင်လှကြည် (အမျိုးသမီးကင်းထောက်ချုပ်)

အခုပုဗွားမှာ မတ် ၁ ရက်ကနေ ၅ ရက်အထိ ပြုလုပ်နေတဲ့ မြန်မာကင်းထောက်လူငယ် စခန်းချတွေ့ဆုံပွဲမှာ ကင်းထောက်လူငယ် ၅၀၀၊ ကင်းထောက်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ စခန်းချပါဝင်လျက်ရှိပါတယ်။ ကျွမ်းကျင်မှုတွေ ဆွေးနွေးပို့ချပါတယ်။ သီချင်းဆို ကခုန်ကစားကြ၊ ယဉ်ကျေးမှုဖလှယ်ကြ၊ မိတ်ဆွေသစ်တွေရကြနဲ့ အလွန်ပျော်ရွှင်နေကြတာ တွေ့ရလို့လည်း အလွန်ဝမ်းသာပါတယ်။

ဒီနေ့ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်နဲ့အဖွဲ့၊ ကင်းထောက်လူငယ်များနဲ့ လာရောက်တွေ့ဆုံတဲ့အတွက် ဒီပုဗွားစခန်းတွေ့ဆုံပွဲတက်ရောက်နေသူအားလုံးအတွက် ဝမ်းသာဂုဏ်ယူရတဲ့နေ့ ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီးနဲ့ အနီးကပ်တွေ့ဆုံရ၊ စကားပြောရ၊ ဓာတ်ပုံအတူတကွ ရိုက်ခွင့်ရတာက ထူးကဲတဲ့အခွင့်အလမ်းဖြစ်ပါတယ်။ ဒီနေ့ထူးခြားချက်နောက်တစ်ခုကတော့ ကမ္ဘာ့ကင်းထောက်အဖွဲ့ကြီးနှစ်ခုဖြစ်တဲ့ ကမ္ဘာ့ကင်းထောက်အမျိုးသမီးအဖွဲ့ (WAGGGS)နှင့် ကမ္ဘာ့ကင်းထောက်

သတင်းနှင့် ဓာတ်ပုံ - ကိုလတ်(သတင်းစဉ်)

အမျိုးသားအဖွဲ့ (WOSM) အာရှပစိဖိတ်ဒေသဆိုင်ရာရုံးက အကြီးအကဲနှစ်ဦးစီ ဒီတွေ့ဆုံပွဲကြီးကို လာရောက်တက်ရောက်ခြင်း ဖြစ်ပါတယ်။

ဒီလိုတွေ့ဆုံပွဲတွေဟာ ကင်းထောက်တွေအတွက် အားသစ်လောင်းတဲ့ပွဲမျိုးလည်းဖြစ်တဲ့အတွက် နှစ်စဉ်ဆက်လက်ပြုလုပ်သင့်ပါတယ်။

ကမ္ဘာ့ကင်းထောက်အဖွဲ့ အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ Ms. Reiko Suzuki

အလွန်ထူးခြားတဲ့ အခမ်းအနားကို သမ္မတကြီးနဲ့ တွေ့ဆုံတက်ရောက်ခွင့်ရတဲ့အတွက် များစွာဂုဏ်ယူမိပါတယ်။ မြန်မာနိုင်ငံဟာ ကမ္ဘာ့ ကင်းထောက်အဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံများအနက် အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်လာမှာကို များစွာဆန္ဒရှိခဲ့ပါတယ်။ ဒီဆန္ဒဟာ မကြာမီအကောင်အထည်ဖော်လာမယ်လို့ ဆိုနိုင်ပါတယ်။ အကြောင်းကတော့ သမ္မတကြီးနဲ့ အစိုးရအဖွဲ့ရဲ့ အားသွန်ခွန်စိုက် ကူညီဆောင်ရွက်မှုကြောင့် ဖြစ်ပါတယ်။

အခုလို နိုင်ငံအတိုင်းအတာအရ တွေ့ဆုံပွဲရဲ့ အောင်မြင်မှုဟာ မြန်မာကင်းထောက်အဖွဲ့ရဲ့ သုံးနှစ်တာအတွင်း အောင်မြင်လာမှုလို့ ဆိုနိုင်ပါတယ်။ ဒီလိုတွေ့ဆုံပွဲကို လာရောက်ခဲ့ရတဲ့အတွက် ကမ္ဘာ့ကင်းထောက်အဖွဲ့ကိုယ်စား အလွန်ဝမ်းမြောက်ဂုဏ်ယူမိကြောင်း မြန်မာကင်းထောက်တွေကို ပြောလိုပါတယ်။ အခုလိုတွေ့ဆုံပွဲတက်ရောက်ဖို့ ဖိတ်ကြားတဲ့အတွက် သမ္မတကြီးနဲ့တကွ မြန်မာကင်းထောက်အဖွဲ့ကို ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။

အာရှပစိဖိတ်ဒေသဆိုင်ရာကင်းထောက်အဖွဲ့ ဒါရိုက်တာ Mr.ThianHiong-Boon

အလွန်ထူးခြားတဲ့ မြန်မာနိုင်ငံ ကင်းထောက်များရဲ့ တွေ့ဆုံပွဲ အောင်မြင်မှုအတွက် ကူညီလမ်းညွှန်ပေးသော နိုင်ငံတော်သမ္မတကြီးရဲ့ စေတနာနဲ့ ကူညီမှုကို များစွာခီးကျူးမိပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံ ကင်းထောက်လူငယ်တွေ ကမ္ဘာ့ကင်းထောက်အသိုင်းအဝိုင်းကို ဝင်ရောက်လာနိုင်မှာ ဖြစ်ပါတယ်။

သုံးနှစ်တာ အချိန်တိုကာလအတွင်းမှာ မြန်မာနိုင်ငံ၌ ကင်းထောက်အဖွဲ့ဝင် ခြောက်သောင်းနီးပါးတိုးတက်လာသလို ထပ်မံတိုးတက်လာနိုင်မယ်လို့ မျှော်လင့်ပါတယ်။ မြန်မာကင်းထောက်အဖွဲ့က နှစ်တစ်ရာပြည့် အခမ်းအနားကျင်းပမှာ ဖြစ်တဲ့အတွက် ကမ္ဘာ့ကင်းထောက်အဖွဲ့ကိုယ်စား များစွာခီးကျူးဂုဏ်ယူမိပါတယ်။

မြန်မာနိုင်ငံ ကင်းထောက်ချုပ်ကြီးနဲ့တကွ ကင်းထောက်အဖွဲ့ဝင်များရဲ့ ကြိုးစားအားထုတ်မှုများအားလုံးကို အားရမိပါတယ်။ ဒါမှမြန်မာနိုင်ငံဟာ ကမ္ဘာ့ကင်းထောက် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လာနိုင်မှာဖြစ်ပါတယ်။ အာရှပစိဖိတ်ဒေသ ကင်းထောက်အဖွဲ့က မြန်မာနိုင်ငံ ကင်း ထောက်အဖွဲ့ကြီး တိုးတက်ဖွံ့ဖြိုးမှုအတွက် အမြဲတမ်းကူညီဆောင်ရွက်ပေးနေမှာ ဖြစ်ပြီး မြန်မာနိုင်ငံဟာ ဆက်လက်အောင်မြင်စွာ ရပ်တည်လာနိုင်မယ်လို့ ယုံကြည်မျှော်လင့်မိပါတယ်။

❒ *ကျောဖုံးမှ*

ဆောင်ရွက်လျက်ရှိပြီး ရေပေးဝေရန်ပိုက်လိုင်းပေါင်းဆက်သွယ်ခြင်းလုပ်ငန်းကို မတ် ၃ ရက် နံနက်ပိုင်းက စတင်ဆောင်ရွက်ခဲ့ရာ မတ် ၇ ရက်တွင်ပြီးစီးရန် သတ်မှတ်ထားသော်လည်း မူလသတ်မှတ်ကာလထက် ဆောလျင်စွာပြီးစီးရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အခုဆိုရင် ရေပိုက်လိုင်းပေါင်းစပ်တဲ့အပိုင်းက ၇၀ ရာခိုင်နှုန်းပြီးစီးနေပါပြီ။ ပိုက်ဆက်သွယ်မှုလုပ်ငန်းပိုင်း ပြီးစီးပေမယ့် ရေရှည်ခိုင်ခံ့မှုရှိအောင်ပြုလုပ်ထားတဲ့ ကွန်ကရစ်တွေ အမြန်ခြောက်ဖို့လိုပါတယ်။ ကွန်ကရစ်တွေ ခြောက်သွားမှ ရေပေးဝေလို့ရမှာပါ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထိုသို့ဆောင်ရွက်မှုအနေဖြင့် အဆိုပါလမ်းတစ်လျှောက်၌ ရေပေးဝေရန် ပိုက်လိုင်းပေါင်းဆက်သွယ်ခြင်း၊ ပိုက်အသစ်လဲလှယ်တပ်ဆင်ခြင်းများကို နေရာ ကိုးနေရာတို့တွင် အလုပ်သမားအင်အား ၂၀၀ ခန့်ဖြင့် ဆောင်ရွက်လျက်ရှိပြီး မတ် ၆ ရက် နံနက်ပိုင်းတွင် ရေပေးဝေနိုင်ရန် ဆောင်ရွက်မည်ဖြစ်ပြီး ပြီးစီးသွားပါက ရန်ကုန်မြို့နေ ပြည်သူများအနေဖြင့် ရေအားပြည့်ဝစွာ ပြန်လည်ရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

▲ *ကျောဖုံးမှ*

အဆိုပါမြစ်ရေများသည် ပြည်မြို့၊ ဆိပ်သာမြို့၊ ဟသ်ာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁ ရက်မှ ၄ ရက်အတွင်း နှစ်ပေမှ လေးပေခန့်မြင့်တက်ခဲ့သည်။

ဧရာဝတီမြစ်အလယ်ပိုင်းတွင် မြင့်တက်ခဲ့သော မြစ်ရေများသည် နောက်တစ်ရက်မှ နောက်နှစ်ရက်အတွင်း ဟသ်ာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေမှ တစ်ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

သို့ဖြစ်၍ မြစ်ကြောင်းများအတွင်း သွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ်သဲသောင်ခုံများတွင် စိုက်ယိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေတိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ မီးဘေးသင့်ပြည်သူများအတွက် အလျှုငွေများပေးအပ်လျှုဒါန်း

နေပြည်တော် မတ် ၄

မီးဘေးသင့် ပြည်သူများအတွက် စေတနာရှင်များက အလျှုငွေနှင့် အလျှုပစ္စည်းများကို ထောက်ပံ့ လျှုဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်(ရုံးချုပ်)၌ ဦးအေးကိုကို-ဒေါ်ခင်စန္ဒာအောင် မိသားစု၊ ဒုတိယညွှန်ကြားရေးမှူးချုပ် စိုက်ယိုးရေးဦးစီးဌာနမှ ငွေကျပ် ၂၀၀၀၀၀ လာရောက်လျှုဒါန်းသည်။

မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ဒေါက်တာအောင်မြင့်၊ ပခုက္ကူလူမှုကူညီရေးအသင်းမှ ငွေကျပ် ၅၀၀၀၀၀၊ ဈေးချိုတော် တိုက်တန်းနှင့် ဈေးသူဈေးသားများက ငွေကျပ် ၄၁၄၃၀၀၀၊ မန်းမြန်မာဈေးချိုပလာဇာ ဈေးသူဈေးသားများက ငွေကျပ် ၁၅၀၀၀၀၊ ပြင်ဦးလွင်မြို့နယ် ပညာရေး(မိသားစု)က ငွေကျပ် ၈၇၄၅၀၀၊ဒေါ်ခင်နွဲ့ရီ အထပြ(ငြိမ်း) မိသားစုက ငွေကျပ် ၁၅၀၀၀၀၊ ကချင်ပြည်နယ်ဦးစီးမှူးရုံး၌ ဒေါ်သင်မိုးအေး၊ ဒေါ်ယဉ်မေ၊ မိသားစု မိုးညှင်းမြို့မှ ငွေကျပ် ၂၀၀၀၀၀၊ ရှမ်းပြည်နယ် ဦးစီးမှူးရုံး၌ ဦးစိန်လှ မိသားစုက ငွေကျပ် ၃၀၀၀၀၊ တပ်ကုန်းမြို့ရှိ အလျှုရှင်က (OA-011834) စာရင်းသို့ တိုက်ရိုက်လျှုဒါန်းငွေကျပ် ၁၅၀၀၀ တို့ကို လျှုဒါန်းခဲ့ကြသည်။

သို့ဖြစ်၍ ယနေ့ရရှိငွေမှာ စုစုပေါင်း ငွေကျပ် ၁၂၁၂၂၅၀ ဖြစ်သဖြင့် ဖေဖော်ဝါရီ ၅ ရက်မှ (ယနေ့) အထိလျှုဒါန်းရရှိငွေကျပ် စုစုပေါင်းမှာ ငွေကျပ် ၂၅၈၂၄၂၀ နှင့် အမေရိကန်ဒေါ်လာ ၃၀၂၀၀ ဖြစ်ပြီး ၄င်းရရှိငွေများအနက် ဖေဖော်ဝါရီ ၁၅ ရက်အထိ ရရှိငွေစုစုပေါင်း ငွေကျပ် ၁၀၈၇၃၂၃၀၀ ကို နမ့်ဆန်မြို့သို့ ငွေကျပ် ၃၅၁၇၀၃၀၀ ကိုလည်းကောင်း၊ လပွတ္တာမြို့သို့ ငွေကျပ် ၄၃၅၆၂၀၀ ကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီး ဖျောက်ဆိပ်ကုန်းကျေးရွာ မီးဘေးသို့ ငွေကျပ် ၃၀၀၀၀၀၀ ကို လည်းကောင်း သက်ဆိုင်ရာ ပြန်လည်ထူထောင်ရေး ကော်မတီအသီးသီးသို့ လွှဲပြောင်းပေးပို့ခဲ့ပြီးဖြစ်၍ ဖေဖော်ဝါရီ ၁၆ ရက်မှ ယနေ့အထိ ထပ်မံရရှိခဲ့သည့် လက်ကျန် ငွေကျပ် ၁၄၂၀၉၁၅ နှင့်အမေရိကန်ဒေါ်လာ ၃၀၂၀၀တို့ကိုလည်း ဆက်လက်လွှဲပြောင်းပေးပို့နိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကျေးလက်မှ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား/ကျောင်းသူများအတွက် ဖြူးမြို့နယ်၌ ဝဲကြီးကျေးရွာ အထက စာဖြေဌာနတစ်ခုတိုးဖွင့်

ဖြူး မတ် ၄

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်အတွင်းမှ တက္ကသိုလ်ဝင်တန်း ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရေးအတွက် ဖြူးမြို့နယ် ဝဲကြီးကျေးရွာ အ-ထ-ကတွင် စာဖြေဌာနတစ်ခုကို ပညာရေးဝန်ကြီးဌာနက တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုပေးခဲ့သည်။

ယခု ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် စာဖြေဌာနခုနစ်ခုတို့မှာ ဖြူးမြို့တွင် နှစ်ခု၊ ဇေယျဝတီမြို့တွင်တစ်ခု၊ ညောင်ပင်သာဒေသတွင် တစ်ခု၊ ကညွတ်ကွင်းမြို့တွင် နှစ်ခုနှင့် ဝဲကြီးကျေးရွာတွင် တစ်ခု စုစုပေါင်းစာဖြေဌာန ခုနစ်ခု တို့တွင် အတွင်းဖြေ ကျောင်းသား ၉၀၁ ဦး၊ ကျောင်းသူ ၁၁၇၆ ဦး ၊ အပြင်ဖြေ ကျောင်းသား ၄၄၂ ဦး၊ ကျောင်းသူ ၅၆၇ ဦး စုစုပေါင်း ၃၀၈၆ ဦးတို့ ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ဖြူး-မြင့်ဦး

သမိုင်းဝင် ဘီလူးချောင်းအမှတ် (၂) ဓာတ်အားပေးစက်ရုံ ဓာတ်အားအပြည့်ပြန်လည်ထုတ်လုပ်နိုင်ပြီ

တွေ့ဆုံမေးမြန်း-တင်မောင်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ-မောင်မွေး

လွှိုင်ကော် မတ် ၄

ကယားပြည်နယ် လွှိုင်ကော်မြို့၏ တောင်ဘက် ၁၄ မိုင်ခန့်အကွာရှိ ဘီလူးချောင်းပေါ်၌ တည်ဆောက်ထားသည့် သမိုင်းဝင်ဘီလူးချောင်းအမှတ် (၂)ဓာတ်အားပေးစက်ရုံကြီး၏ အလုံးစုံပြုပြင်မွမ်းမံရေးစီမံကိန်းပြီးစီးခြင်းနှင့် စက်များလွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို မတ် ၄ ရက်တွင် အောင်အောင်မြင်မြင်ဖြင့် ကျင်းပပြီးစီးခဲ့သည်။

မစ္စတာ ယိုရှီဒါ

ဦးမြတ်စိုးကျော်

ဦးရန်နိုင်အေး

မနု

နှစ်ပေါင်းအားဖြင့် ၅၄ နှစ်ကျော်ကြာ လည်ပတ်ခဲ့သည့် သမိုင်းဝင် ဘီလူးချောင်းအမှတ် (၂)ဓာတ်အားပေးစက်ရုံကြီးသည် သက်တမ်းရှည်လာသည်နှင့်အမျှ ဓာတ်အားထုတ်လုပ်မှုများ ကျဆင်းလာသဖြင့် စက်ချွတ်ယွင်းမှုမရှိစေဘဲ အကြီးစားပြန်လည်ပြုပြင်မွမ်းမံခဲ့ရာ ယခုအခါ စက်တစ်လုံးလျှင် ၂၈ မဂ္ဂါဝပ်ဖြင့် စက်ခြောက်လုံးစလုံး မူလဒီဇိုင်းအတိုင်း စုစုပေါင်း ၁၆၈ မဂ္ဂါဝပ်ဖြင့် ဓာတ်အားပြည့် လည်ပတ်ထုတ်လုပ်နိုင်ပြီဖြစ်သည်။

မြန်မာနိုင်ငံအတွက် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးနှင့် ပတ်သက်ပြီး ကူညီဆောင်ရွက်ပေးလျက်ရှိသည့် Japan Koei Co,.Ltd. မှ လျှပ်စစ်ဌာနညွှန်ကြားရေးမှူး မစ္စတာ ယိုရှီဒါက "ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး၊ သဘာဝဓာတ်ငွေ့အသုံးပြုပြီး လျှပ်စစ်အကောင်အထည်ဖော်ရေး၊ ကျောက်မီးသွေးအသုံးပြုပြီး လျှပ်စစ်ဓာတ်အား အကောင်အထည်ဖော်ရေးဆိုပြီး Master Plan သုံးခုကို ချထားပေးပါတယ်။ အဲဒီသုံးခုပေါ်မှာ မူတည်ပြီး ဂျပန်အစိုးရကနေ မြန်မာအစိုးရကို ကူညီထောက်ပံ့ပေးနေတာပါ။ ရှေ့ဆက်ပြီးတော့ ကူညီဆောင်ရွက်သွားဖို့ အစီအစဉ်တွေလည်း ရှိပါတယ်"ဟု ပြောသည်။

အဆိုပါ ဘီလူးချောင်း အမှတ်(၂)စက်ရုံ အကြီးစားပြုပြင်အစားထိုးလုပ်ဆောင်မှုများနှင့် ပတ်သက်ပြီး ဘီလူးချောင်း အမှတ်(၂) ဓာတ်အားပေးစက်ရုံမှ အင်ဂျင်နီယာမှူးကြီး ဦးမြတ်စိုးကျော်အား မေးမြန်းရာ "ကျွန်တော်တို့ ဘီလူးချောင်းအမှတ်(၂) ဓာတ်အားပေးစက်ရုံ အလုံးစုံ ပြုပြင်ထိန်းသိမ်းရေးကို ဂျပန်နိုင်ငံရဲ့ အကူအညီနဲ့ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ စုစုပေါင်းတန်ဖိုးကတော့ ဂျပန်ယန်း သန်း ၆၆၆၉ သန်းဖြစ်ပါတယ်။ ဒီစီမံကိန်းကို ၂၀၁၄ ခုနှစ် ဇူလိုင် ၁ ရက်က စတင်ဆောင်ရွက်ခဲ့တာဖြစ်ပြီး ဖေဖော်ဝါရီ ၂၆ ရက်မှာ ပြီးစီးခဲ့ပါတယ်။ စက်ခြောက်လုံးစလုံးရဲ့ အဓိက အစိတ်အပိုင်းတွေကို ပြုပြင်ပြောင်းလဲတာ ဖြစ်ပါတယ်။ ဒီစက်ကြီးတွေက နှစ်ပေါင်း ၅၀ ကျော်အောင် အသုံးပြုခဲ့တာဖြစ်တဲ့အတွက် အရည်အသွေးက အနည်းငယ်ကျဆင်းခဲ့လို့ ၉၂ ရာခိုင်နှုန်းလောက်ပဲ ထုတ်လုပ်နိုင်ခဲ့တယ်။ အခု ဒီစက်ပစ္စည်းအဓိကအစိတ်အပိုင်းတွေအားလုံးကို အသစ်လဲလှယ်ပေးလိုက်တဲ့အတွက် စက်တွေအားလုံးက ဗို့အားပြည့် ပြန်လည်ထုတ်လုပ်နိုင်ပြီးတော့ နောင်ဆက်ပြီး နှစ်ကြာကြာ ကောင်းမွန်လည်ပတ်နိုင်မှာဖြစ်ပါတယ်"ဟု ပြောပြသည်။

ဆက်လက်၍ ဘီလူးချောင်းအမှတ်(၂) ဓာတ်အားပေးစက်ရုံမှ အင်ဂျင်နီယာမှူး ဦးရန်နိုင်အေးက "ဒီစက်ရုံကအခုလိုမျိုး အကြီးစားပြုပြင်မှု မတိုင်ခင်က နှစ်ကြိမ်လုပ်ခဲ့ဖူးပါတယ်။ ပထမဆုံးအကြိမ်က ၁၉၉၀ ပြည့်နှစ်နဲ့ ဒုတိယအကြိမ်က ၂၀၀၃ ခုနှစ်မှာ လုပ်ခဲ့တာပါ။ အခုဟာက အကြီးစားပြုပြင်ခြင်းလုပ်ငန်းကို ထပ်မံပြီးတော့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အခုလက်ရှိပြုပြင်မှုလုပ်ငန်းမှာ ဂျပန်အစိုးရက ODA,Grand aid ဆိုတဲ့ ငွေကြေးအထောက်အပံ့နဲ့ ကူညီပေးပါတယ်။ အဲဒီအပြင် ဂျပန်ပညာရှင်ကိုယ်တိုင်ဒီမှာ ကြီးကြပ်ပြီး အကြီးစားပြုပြင်မှုလုပ်ငန်းတွေကို ကျွန်တော်တို့ လျှပ်စစ်စွမ်းအားဝန်ထမ်းတွေနဲ့ ပူးတွဲပြီးတော့ ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ ဒီစက်ရုံမှာ အဓိက ကတော့ အစိတ်အပိုင်းကြီးနှစ်ခုရှိတယ်။ စက်မှုပိုင်းဆိုင်ရာနဲ့ လျှပ်စစ်ပိုင်းဆိုင်ရာပါ။ စက်မှုပိုင်းဆိုင်ရာ ရေအားလျှပ်စစ်နဲ့ အကြီးစားစက်မှုပစ္စည်းတွေကို လဲလှယ်တယ်။ လျှပ်စစ်ပိုင်းဆိုင်ရာတွေကို လဲတယ်။ ထရန်စပို ကေဘယ်တွေ၊ ပါဝါကေဘယ်တွေ လဲတယ်။ ထရန်စဖော်မာကြီးတွေ လဲတယ်။

"ဒီလိုပြုပြင်တဲ့အခါမှာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက အင်ဂျင်နီယာဝန်ထမ်းတွေ ၇၀ ကျော်နဲ့ ဂျပန်ပညာရှင် ၂၀ တို့နဲ့ ပါဝင်ဆောင်ရွက် ခဲ့ပါတယ်။ ဘီလူးချောင်း လျှပ်စစ်ဓာတ်အားပေးစက်ရုံက မြန်မာပြည်ရဲ့ ဓာတ်အားကွန်ရက်စနစ်မှာ အဓိကစက်ရုံကြီးဖြစ်တဲ့အတွက် စက်ခြောက်လုံးစလုံး တစ်ပြိုင်တည်းရပ်ပြီး ပြုပြင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ အများပြည်သူ အကျိုးစီးပွားလည်း ရှိသေးတော့ ကျွန်တော်တို့ မိုးရာသီကာလ ဇူလိုင်လကစပြီးတော့ စက်တစ်လုံးပြီးတစ်လုံး ရပ်တန့်ပြီး ပြုပြင်ရပါတယ်။ စက်တစ်လုံးစီ တစ်လုံးစီရပ်တန့်ပြီး စက်ငါးလုံး လည်ပတ်စေတဲ့အတွက် ဓာတ်အားထုတ်လုပ်မှုကိုလည်း မထိခိုက်ပါဘူး။ စက်ခြောက်လုံးစလုံးကို နှစ်လစီ အချိန်ယူပြီး ပြုပြင်ခဲ့တာဖြစ်ပါတယ်။ အခုလိုပြုပြင်လိုက်တဲ့အတွက် သက်တမ်းနောက်နှစ် ၅၀ လောက်တော့ ကြာရှည်ခံဦးမှာ ဖြစ်ပါတယ်။ ဒီစက်ရုံကြီးက အခုလို ပြန်လည်ပြုပြင်လိုက်တဲ့အတွက် ဓာတ်အားအပြည့် ပြန်လည်ထုတ်လုပ်နိုင်ခဲ့ပြီ ဖြစ်ပါတယ်"ဟု စက်ပစ္စည်းအသစ်များ ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့မှုအခြေအနေနှင့် ပတ်သက်ပြီး ပြောပြသည်။

လွှိုင်ကော်မြို့နယ် ဒေါ်ဆန်းဘွန်းရွှာမှ ကယန်းတိုင်းရင်းသူ မနုက "ကျွန်မတို့ဒေသမှာရှိတဲ့ မြို့တိုင်းကို လျှပ်စစ်ဓာတ်အားတွေ ရောက်အောင်ဖြန့်ဖြူးပေးနေတယ်ကြားတော့ အလွန်ဝမ်းသာပါတယ်။ မီးရလာတာနဲ့အမျှ လူတိုင်းနီးပါးလည်း ဖုန်းတွေသုံးစွဲလာကြတော့ နည်းပညာတွေလည်း တိုးတက်လာတယ်။ အရင်တုန်းကဆို ကျွန်မတို့ရွာတွေကအစ အနီးဝန်းကျင်မှာရှိတဲ့ ကျေးရွာတော်တော်များများက မီးမရကြတော့ ညဆို ဖယောင်းတိုင်မီးကိုပဲ အသုံးပြုကြရတယ်။ အခုအခါမှာတော့ နိုင်ငံတော် အစိုးရက ကျွန်မတို့ကယားပြည်နယ်တစ်ခွင်လုံးကို မီးလင်းအောင် ဆောင်ရွက်ပေးမယ်လို့ကြားရတော့ အလွန်ပျော်ပါတယ်။ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ထာဝရ မီးအလင်းရောင် လင်းလက်တောက်ပနေတာကို တွေ့ချင်မြင်ချင်တာ အခုတော့ ဆန္ဒတွေ ပြည့်ဝလာတယ်လို့ ပြောရမှာပါ"ဟု သူ့ရင်တွင်းခံစားချက်ကို အပြုံးပန်းဝေဆာစွာဖြင့် ပြောပြသည်။

(မြန်မာ့အလင်း)

● *ကျောဖုံးမှ*

ရပ်တန့်လိုက်၍ ဘယ်ဘက်ဘီးနှစ်လုံးမှ မီးတောက်အနည်းငယ်နှင့် မီးခိုးများ ထွက်လာခြင်းကြောင့် မီးသတ်ဆေးဘူးဖြင့် ငြိမ်းသတ်ပြီး ခရီးသည်များအား လျင်မြန်စွာ ဆင်းစေခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ လေကြောင်းလိုင်းအနေနဲ့ မနက်ကဖြစ်တဲ့ မတော်တဆမှုက ထူးထူးခြားခြား အန္တရာယ်ဖြစ်လောက်အောင် မဟုတ်ပါဘူး။ လေယာဉ်ပေါ်လိုက်ပါတဲ့ ခရီးသည်တွေလည်း တစ်ဦးတစ်ယောက်မှ ထိခိုက်ဒဏ်ရာရရှိတာ မရှိပါဘူး။ ခရီးစဉ်အတွက်လည်း အနည်းငယ် အချိန်ပြောင်းလဲမှုကလွဲလို့ အခြား လေကြောင်းလိုင်းနဲ့ အဆင်ပြေအောင် ပို့ဆောင်ပေးနိုင်ခဲ့ပါတယ်"ဟု ရွှေမြန်မာ လေကြောင်းလိုင်းမှ CEO ဦးခင်မောင်မြင့်က ပြောသည်။

"မနက်အစော ၆ နာရီဝန်းကျင်က ရွှေမြန်မာလေကြောင်းလိုင်း လေယာဉ်ပျံသန်းဖို့အတက်မှာ မတော်တဆဖြစ်တယ်လို့တော့ သိလိုက်ရတယ်။ ခရီးသည်တွေ ပြောသံကြားတာတော့ တစ်ဦးတစ်ယောက်မှ ဘာမျှမဖြစ်ဘူးလို့ ကြားတယ်။ အခြားလေယာဉ်နဲ့ ခရီးသည်တွေကို ပို့ဆောင်ပေးဖို့ စီစဉ်တယ်လို့ပြောတယ်။ ဘယ်ပြည်တွင်း လေကြောင်းလိုင်းတော့ မသိဘူး"ဟု ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းတစ်ဦးက ပြောသည်။

လေယာဉ် မတော်တဆမှုကို သက်ဆိုင်ရာလေယာဉ်မှူးက စောစီးစွာ သိရှိခဲ့သဖြင့် ရွှေမြန်မာလေကြောင်း လေယာဉ်ပေါ်၌ စီးနင်းလိုက်ပါလာသော ခရီးသည် ၃၀ ကျော်မှာ ထိခိုက်ဒဏ်ရာမရရှိဘဲ ခရီးသည်များအား အခြားပြည်တွင်းလေကြောင်း လေယာဉ်ဖြင့် ဆက်လက်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၌ ကျားဖြူသုံးကောင်ပေါက်ဖွား

နေပြည်တော် မတ် ၄

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)ရှိ ကျားဖြူ ပြကွက်၌ မွေးမြူပြသထားသော ကျားဖြူအထီး(တရုတ်-ဝမ်ဝမ်း)နှင့် ကျားဖြူအမ (အာဖရိက-ရိုစီ) တို့မှ ဖေဖော်ဝါရီ ၂၃ ရက်ည ၇ နာရီ ၄၂ မိနစ်တွင် တစ်ကောင်၊ ည ၁၀ နာရီ ၂၃ မိနစ်တွင်တစ်ကောင်နှင့် ဖေဖော်ဝါရီ ၂၄ ရက် ဝဝးနာ၆ နာရီတွင် တစ်ကောင် စုစုပေါင်း ကျားဖြူငယ်သုံးကောင်ကို အောင်မြင်စွာ မွေးဖွားနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)ရှိ ကျားဖြူအထီးနှင့် ကျားဖြူအမတို့ကို ၁၅-၆-၂၀၁၅ ရက်တွင် မိတ်လိုက်သားစပ်ခြင်းလုပ်ငန်းများ ပြုလုပ်ဆောင်ရွက်ခဲ့ပြီး ၆-၁၁-၂၀၁၅ ရက်နေ့တွင် အောင်မြင်စွာ သားစပ်နိုင်ခဲ့ကြောင်း၊ ကျားဖြူမ (ရိုစီ) ကိုယ်ဝန်ဆောင်နေစဉ်ကာလအတွင်း ကိုယ်ဝန်ဆောင်အားဆေးများ တိုက်ကျွေးခြင်း၊ ဖြည့်စွက်အစာများကျွေးမွေးခြင်းတို့ဖြင့် ပြုစုစောင့်ရှောက်မှုကြောင့် အောင်မြင်စွာ မွေးဖွားနိုင်ခဲ့ကြောင်း၊ ယခုအခါ ကျားဖြူလေးသုံးကောင်သည် မိခင်နို့ကောင်းစွာရရှိပြီး မိခင်ကျားဖြူမကြီးနှင့် ကျားငယ်လေးများ ကျန်းမာလျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

ကျားဖြူများကို ကမ္ဘာပေါ်ရှိ သဘာဝတောတောင်ဒေသများတွင် တွေ့ရပြီး အများအားဖြင့် တရုတ်နိုင်ငံမြောက်ပိုင်း၊ ကိုရီးယားကျွန်းဆွယ်တို့၌ တွေ့ရသည်။ ဆိုက်ဘေးရီးယားဒေသတွင်လည်း မျိုးစပ်ပွားများခြင်းဖြင့် တွေ့နိုင်သည်။ ကျားဖြူများသည် အလွန်ရှားပါးပြီး ယခုအချိန်တွင် တိရစ္ဆာန်ဥယျာဉ်များ၌သာ တွေ့ရတော့သည်။ ကျားဖြူ၏ ကိုယ်ထည်သည် အနက်(သို့) အညိုရောင် စင်းများရှိကာ မျက်လုံးမှာ အပြာရောင်၊ ပယင်းရောင်ရှိသည်။ နှုတ်ခမ်း၊ နှုတ်သီးများပေါ်၌ ပန်းရောင်ရှိကာ နားရွက်အနောက်ဘက်တွင် ဘော်ခဲ အနက်(သို့) အညိုရောင်ပေါ်၌ အဖြူရောင်အကွက်ပါရှိသည်။ တစ်နှစ်ပတ်လုံး မိတ်လိုက်သားပေါက်နိုင်ပြီး အမများတွင် မြိုင်ပေါ်ချိန်သုံးရက်မှ ၁၀ ရက် အထိ ကြာသည်။ ဇီးလွယ်ရက်မှာ ၉၈ ရက်မှ ၁၁၀ ရက်အထိဖြစ်ပြီး တစ်ကြိမ်လျှင် တစ်ကောင်မှ ခြောက်ကောင်အထိ မွေးဖွားနိုင်သည်။ အသက်သုံးလအရွယ် နို့ခွဲပြီး ကျားသက်တမ်းမှာ ၂၅ နှစ်ဖြစ်ကြောင်း၊ ရေစိမ်ခြင်းကို နှစ်သက်ပြီး တိရစ္ဆာန်ဥယျာဉ်တို့တွင် အမဲ၊ ကြက်၊ အမဲရိုးတို့ကို ကျွေးကြရကြောင်း သိရ သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနမှ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)နှင့် ဆာဖာရီဥယျာဉ်(နေပြည်တော်)

တို့တွင် အများပြည်သူနှင့် ကလေးသူငယ်များ စိတ်ဝင်စားမှုအများဆုံးဖြစ်သည့် ရှားပါးတိရစ္ဆာန်များ ပြသခြင်း၊ သစ်ပင်ပန်းမန်များဖြင့် အပန်းဖြေ အနားယူနိုင်ရန်နှင့် ဗဟုသုတများ ရရှိစေရန်အတွက် အဆင့်မြှင့်တင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်း-မောင်ကျော်ကြီး၊ ဓာတ်ပုံ-သစ်တော

စိုက်ပျိုးရေးလုပ်ငန်းသုံးရန် စက်ရေတွင်းတူးဖော်ရာမှ ရေလျှံတွင်းတွေ့ရှိ

မလှိုင် မတ် ၄

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ကျောက်တန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းသုံးရန်အတွက် စက်ရေတွင်း တူးဖော်ခဲ့ရာ အနက်ပေ ၂၀၀ အရောက်တွင် ရေများ အလိုအလျောက် လျှံထွက်နေသည့် ရေလျှံတွင်းကို တွေ့ရှိခဲ့ကြောင်း သိရသည်။

ကျောက်တန်းကျေးရွာ ကွင်းအမှတ်(၃၄၉) ဦးပိုင်အမှတ် (၅၆/၁) ရှိ တောင်သူ ဦးစိန်လှိုင်၏ ယာမြေခရမ်းချဉ်စိုက်ခင်းနှင့် ကြက်သွန်စိုက်ခင်းတွင်အသုံးပြုရန်အတွက် စက်ရေတွင်းကို ဖေဖော်ဝါရီလ နောက်ဆုံးပတ်က တူးဖော်ခဲ့ရာ အနက် ပေ ၂၀၀ အရောက်တွင် ရေများအလိုအလျောက် လျှံထွက်နေသည့် ရေလျှံတွင်းကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ရေတွင်းမှာ အနက်ပေ ၂၀၀ ရှိ လေးလက်မ အဝိစိတွင်းဖြစ်ပြီး ကိုးမိနစ်လျှင် ရေတစ်စည်နှုန်း ထွက်ရှိကြောင်း သိရသည်။ ရေလျှံတွင်းမှ ထွက်ရှိသောရေသည် ရေချိုဖြစ်နေသဖြင့် စိုက်ပျိုးရေးအတွက်သာမက သောက်သုံးရန်အတွက်ပါ ကောင်းမွန်သဖြင့် ရေတွင်းပိုင်ရှင် ဦးစိန်လှိုင်က ရေလိုအပ်သူများကို အခမဲ့ပေးနေသဖြင့် ဒေသခံများ ရေအတွက် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ရေလျှံတွင်းက ရေချိုဖြစ်နေတာ ဝမ်းသာစရာပါ။ အယ်နီညိုရာသီဥတုကြောင့် ရေရှားမယ်၊ မိုးရွာသွန်းမှု နည်းပါးမယ်လို့ ပညာရှင်တွေခန့်မှန်းထားချိန်မှာ အခုလို ရေလျှံတွင်းတွေ့တာ ကျွန်တော်တို့ မြို့နယ်အတွက် ကံကောင်းတာပါ။ ဘယ်လောက်ကြာကြာ ထွက်မလဲ သတိထားကြည့်နေခဲ့တာပါ။ အခုချိန်ထိတော့ ရေထွက်အားလျော့မသွားသေးပါဘူး၊ ပုံမှန်လျှံထွက်နေပါတယ်။ ရေရှားမယ့်အချိန်မှာ ခုလိုမျိုး ရေလျှံတွင်းတွေ့တာ စိုက်ပျိုးရေးအတွက်သာမက သောက်သုံးရေပါ အသုံးပြုနိုင်လို့ အများကြီး အထောက်အပံ့ဖြစ်ပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးစန်းယုက ပြောပြသည်။

အောင်ဌေး(မလှိုင်)

နွားနို့တိုက်ပါ

ကိုယ်ခန္ဓာဖွံ့ဖြိုးစေဖို့
ကျန်းမာသန်စွမ်းစေဖို့
ဉာဏ်ရည်ဉာဏ်သွေး
ကောင်းစေဖို့
အသားအရေလှပစေဖို့
ကျောင်းနေအရွယ်
သင့်ကလေးကို
နွားနို့တိုက်ပါစို့

နေရာကွက်ကျားမိုးအနည်းငယ်ထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၄

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ **(မြန်မာ့အလင်း)**

ထုံးဘိုကျေးရွာပြည်သူများ ရေလုံလောက်စွာရရှိရေးမျှော်လင့်

တပ်ကုန်း မတ် ၄

ပြည်ထောင်စုနယ်မြေ ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ထုံးဘိုကျေးရွာ

သောက်ရေ၊ သုံးရေရရှိရေးအတွက် ရေခပ်သွားရောက်သည့် ထုံးဘိုကျေးရွာပြည်သူများအား တွေ့ရစဉ်။

အုပ်စု ထုံးဘိုကျေးရွာသည် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်း(၂)တစ်ကျောင်း၊ ကျန်းမာရေးဆေးခန်းတစ်ခု၊ အိမ်ခြေ ၃၂၉ လုံး၊ လူဦးရေ ၁၆၄၅ ဦး နေထိုင်သောကျေးရွာဖြစ်သည်။

အဆိုပါ ကျေးရွာတည်ရှိသည့် ရွာမြေများမှာ ကျောက်စရစ်ကုန်းမြေဖြစ်၍ အုတ်ရေတွင်း၊ လက်နှိပ်တုံကင်ရေတွင်း၊ စက်ရေတွင်းများ တူးဖော်ရာတွင် ကျောက်ဆောင်များ ခံနေပြီး ရေထွက်ရှိမှုမရှိသောကြောင့် ရွာ၏မြောက်ဘက် လယ်ယာမြေအနီးတွင် ပေ ၁၄၀ အနက်ရှိ စက်ရေတွင်းတစ်တွင်းသာ ရှိသော်လည်း ကျေးရွာပြည်သူများနှင့် ကျွဲ၊ နွားများအတွက် နွေရာသီတွင် သောက်သုံးရေ လုံလောက်မှုမရှိမည်ကို စိုးရိမ်လျက်ရှိသဖြင့် ရေတွင်း၊ ရေကန်အလျှုရှင်များ လိုအပ်နေကြောင်း ဒေသခံပြည်သူများက ပြောသည်။ **တင်စိုးလွင်(ပြန်/ဆက်)**

မြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုမှုဆက်လက်ဖြစ်ပွား

မအူပင် မတ် ၄

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့ အမှတ်(၁၀)ရပ်ကွက် ဆည်မြောင်းတာ အပြင်ဘက်ပိုင်းရှိ တိုးမြစ်ကမ်းနံဘေး ဦးတိုက်စိုး ဝါးပွဲရုံလုပ်ငန်းထိပ်မှ သစ်ဆန်းမုန့်ဟင်းခါးဖိုထိပ်အထိ အလျားပေ ၁၅၀ အကွာ၌ မြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုမှု မတ် ၁ ရက် ည ၈ နာရီ မိနစ် ၄၀ က စတင်ဖြစ်ပွားခဲ့သည်။

အဆိုပါ ပွဲရုံမှရောင်းကုန်ပစ္စည်းများ ဆုံးရှုံးမှုမရှိစေရန် မြို့နယ်မှတာဝန်ရှိသူများ၏ ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများက ကမ်းပြိုမှုနှင့်လွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြပြီး ကမ်းပြိုမှုအတွက် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့ ညနေ ၃ နာရီခန့်တွင် မြစ်ကမ်းနဖူးမှ ပေ ၅၀ ခန့် ဆက်လက်ပြိုကျလာရာ ဆည်မြောင်းတာ အပြင်ဘက်ရှိ ဝါး၊ ဓနိပွဲရုံပါ လုပ်ငန်းရှင် လေးဦး၏ အလုပ်ရုံအနီး ၁၅ ပေခန့်အကွာ၌ ကမ်းပြိုမှု ရပ်တန့်သွားသည်။

ကမ်းပြိုမှုကို ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးမှ တာဝန်ရှိသူများ၊ မြို့နယ်ဆည်မြောင်းဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ပြည်သူများက ကမ်းပြိုမှုကို ထိန်းသိမ်းနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်ခိုင်(ပြန်/ဆက်)

အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ မီးဘေးသင့်ပြည်သူများအတွက်လှူဒါန်း

နေပြည်တော် မတ် ၄

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ ဖေဖော်ဝါရီလအတွင်း မီးလောင်ကျွမ်းမှု ဖြစ်ပေါ်ခဲ့သော ရောဝတီတိုင်းဒေသကြီး လပွတ္တာမြို့ မီးဘေးသင့်အိမ်ထောင်စု ၃၂၉ စုအတွက် ငွေကျပ်သိန်း ၃၆၁၉၀၀၀ နှင့် စောင်၊ အဝတ်အထည်၊ မုန့်များသွားရောက်ပေးအပ်လှူဒါန်းခဲ့သည့်အပြင် ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့ရှိ မီးဘေးသင့်အိမ်ထောင်စု ၂၀၉ စုအတွက် ငွေကျပ် သိန်း ၂၅၀၈၀၀၀ ကိုလည်း လှူဒါန်းခဲ့ပြီး မီးဘေးသင့်ပြည်သူများအတွက် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ စုစုပေါင်း လှူဒါန်းငွေကျပ်သိန်း ၆၁၂၇၀၀၀ ပေးအပ်လှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများကို နိုင်ငံခြားငွေ၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က)	နိုင်ငံခြားစက္ကူ ၃၀"	-	၇၀၀၀ တန်
(ခ)	Web Ink(Black)	-	၆၃၂၀၀ ကီလို
(ဂ)	Web Ink(Cyan)	-	၄၀၀၀၀ ကီလို
(ဃ)	Web Ink(Magenta)	-	၃၈၀၀၀ ကီလို
(င)	Web Ink(Yellow)	-	၃၆၀၀၀ ကီလို
(စ)	Sheetfed Ink Black	-	၆၀၀ ကီလို
(ဆ)	Fountain Solution	-	၈၀၀၀ လီတာ
(ဇ)	CTP Plate (Fuji System)(889x609x0.3)mm	-	၃၂၀၀၀ ချပ်
(ဈ)	CTP Plate(Kodak System)(889x577x0.3)mm	-	၂၁၀၀၀ ချပ်
(ဉ)	CTP Plate(Kodak System)(889x609x0.3)mm	-	၁၀၅၀၀၀ ချပ်
(ဋ)	Developer(Fuji System)	-	၁၀၀၀ လီတာ
(ဌ)	Developer(Kodak System)	-	၂၀၀၀၀ လီတာ
(ဍ)	Replenisher(Fuji System)	-	၂၇၀၀ လီတာ
(ဎ)	Gurn Arabic	-	၄၀၀ လီတာ
(ဏ)	Wipe on Aluminium Plate(650x550x0.24)mm	-	၃၀၀၀ ချပ်
(တ)	Ortho Film(22"x32")	-	၆၀ ဘူး
(ထ)	Developing Lacquer	-	၃၀၀ လီတာ
(ဒ)	Plate Cleaner	-	၄၀၀ လီတာ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၇-၃-၂၀၁၆ရက်မှ ၆-၄-၂၀၁၆ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄:၃၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၆-၄-၂၀၁၆ရက် နံနက် ၉နာရီမှ ညနေ ၄:၃၀နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ်(၇)ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၂၃၃၊ ၀၆၇-၄၁၂၀၂၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၂၃၊ ၀၆၇-၄၁၂၀၂၈

တင်ဒါတင်သွင်းရန်လိပ်စာ
ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၂၇

သန်လျင်၌ တစ်နေ့တည်း မီးနှစ်ကြိမ်ဆက်လောင်

ရန်ကုန် မတ် ၄

သန်လျင်မြို့ မြို့မတောင်ရပ်ကွက် စျေးချိုလမ်းမဟာပိန္နဲ့ဘုရားကျောင်းဘေးရှိ ဦးဒုးယား(၄၀နှစ်)၏ ၁၀ ပေပတ်လည်ဆိုင်ခန်းမှ ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် မီးစတင်လောင်ရာ ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးရဲမင်းထွဋ် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် ခုနစ်စီး၊ အုပ်ချုပ်မှုယာဉ် သုံးစီးတို့ဖြင့် ငြိမ်းသတ်သဖြင့် နံနက် ၁၁ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ ရန်ကုန်တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကြည်လွင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးမြင့်နှင့် တာဝန်ရှိသူများက အချိန်မီရောက်ရှိ ကြီးကြပ်ကွပ်ကဲပေးကြသည်။ မီးလောင်မှုဖြစ်စဉ်နှင့် ပတ်သက်၍ သန်လျင်မြို့မရဲတပ်ဖွဲ့စခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

အလားတူ သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာ အရှေ့ပိုင်းနယ်မြေ (၁)ရှိ ဦးညီညီပိုင်ခြံဝင်း၌ ယနေ့မွန်းတည့် ၁၂ နာရီခန့်က မြက်ခြောက်များမှ မီးစတင်လောင်ရာ သန်လျင်မြို့နယ် မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်နှစ်စီးဖြင့် မီးငြိမ်းသတ်မှုကြောင့် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

သန်းဝင်း(သန်လျင်)

မိန်းမနှင့်စကားများပြီး နေအိမ်ကိုမီးရှို့

ကျောင်းကုန်း မတ် ၄

ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ကွင်းကြီးအုပ်စု ဂရက်ဝန်းလေးရွာ၌ နေအိမ်ကို မီးရှို့မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မတ် ၄ ရက် နံနက် ၁၀ နာရီခွဲခန့်က ဦဒီလုံး (ရာအိမ်မှူး)သည် နေအိမ်၌ရှိနေစဉ် တစ်ရွာတည်းနေ မစန်းမြင့်က ၄င်း၏ခင်ပွန်းဖြစ်သူ စောနောင်က နေအိမ်ကိုမီးရှို့ကြောင်း လာရောက်အကြောင်းကြားသဖြင့် သွားရောက်ကြည့်ရှုရာ မီးလောင်နေကြောင်း တွေ့ရှိရသဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးထံ ဖုန်းဖြင့်သတင်းပို့ခဲ့ကြောင်း၊ ကျောင်းကုန်းမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး မီးငြိမ်းသတ်ရာ နံနက် ၁၀ နာရီမိနစ် ၅၀ ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ အခြားနေအိမ်များသို့ ကူးစက်လောင်ကျွမ်းခြင်းမရှိကြောင်း သိရသည်။ စောနောင်သည် ဇနီးဖြစ်သူ မစန်းမြင့်နှင့် စကားများပြီး နေအိမ်တံစက်မြတ်အား ဂက်စ်မီးခြစ်ဖြင့်မီးရှို့ကာ ထွက်ပြေးသွားသောကြောင့် ဥပဒေအရအရေးယူပေးပါရန် တိုင်တန်းခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

ကျွပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်၍ နေအိမ်တစ်လုံးမီးလောင်

ဆားလင်းကြီး မတ် ၄

ဆားလင်းကြီးမြို့နယ်၌ မတ် ၃ ရက် နံနက် ၈ နာရီ မိနစ် ၅၀ က ကျွပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်၍ နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် မိုးကြိုးပြင်(မ)ရွာနေ ဦးမင်းနိုင်အိမ်မှ ကျွပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ပြီး နေအိမ်ကို မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း၊ မြန်မာဝမ်ပေါင်ကုမ္ပဏီက မီးသတ်ယာဉ်များဖြင့် လာရောက်ငြိမ်းသတ်ပေးသဖြင့် နံနက် ၉ နာရီတွင် မီး လုံးဝငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ မီးလောင်မှုနှင့်ပတ်သက်၍ ဦးမင်းနိုင် မိုးကြိုးပြင်(မ)ရွာ ဆားလင်းကြီးမြို့နယ်နေသူကို အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ဦးငယ်(ဆားလင်းကြီး)

စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၄

မူးယစ်တပ်ဖွဲ့စု(၂၈)ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂ ရက်က ကျိုင်းတုံမြို့နယ် မိုင်းခုတ်-ကျိုင်းတုံသွားကားလမ်းတွင် ကျအူ မောင်းနှင်ပြီး အာထောလိုက်ပါလာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၊ လက်ကိုင်ဖုန်း သုံးလုံး၊ ထိုင်းငွေဘတ် ၂၉၀၀၀ နှင့် မြန်မာငွေကျပ် ၈၅၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။ **(အပေါ်ယာပုံ)**

အလားတူ ယင်းနေ့က တောင်ဥက္ကလာပမြို့နယ် ယသဝတီလမ်းနှင့် (၁၄)လမ်းထိပ်၌ လမ်းလျှောက်လာသူ ကျော်လွင်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိပြီး ၎င်းနေထိုင်သည့် တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက် ၁၅ လမ်း အိမ်အမှတ် (၁၀၂၆)ရှိ နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၆၀ နှင့် ဆေးခြောက် ၂၄ ဂရမ်တို့ကိုလည်းကောင်း၊ မော်လမြိုင်မြို့ လှိုင်ရပ်ကွက် လှိုင်လမ်း၊ ဘဲကုန်းစျေးနေ စည်သူ၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၀ နှင့် မြန်မာငွေကျပ် နှစ်သိန်းတို့ကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ကိုရဲ

တိုက်ကြီးမြို့နယ်၌ ရွှေထည်ပစ္စည်းမျိုးစုံနှင့် ငွေကျပ် သိန်း ၄၀၀ ကျော် ခိုးယူမှုဖြစ်ပွား

တိုက်ကြီး မတ် ၄

တိုက်ကြီးမြို့နယ် ဥပ္ပါစုရပ်ကွက် မြဝတီလမ်း၌ နေထိုင်သူ ဦးအောင်ထွန်း(ခ)ဦးမောင်ဝင်း(၆၈နှစ်) အုတ်လုပ်ငန်းလုပ်ကိုင်သူသည် နေအိမ်ရှိ မီးခံသေတ္တာထဲမှ ရွှေထည်ပစ္စည်း ၅၁ မျိုးနှင့် ငွေကျပ် သိန်း ၇၀ စုစုပေါင်း တန်ဖိုးငွေကျပ် သိန်း ၄၀၀ ကျော်ခန့် ပျောက်ဆုံးနေကြောင်း ဖေဖော်ဝါရီ ၂၅ ရက်နံနက် ၉ နာရီက တိုက်ကြီးမြို့မရဲစခန်းသို့ တိုင်ကြားအမှုဖွင့်ခဲ့သည်။

အဆိုပါအမှုနှင့် ပတ်သက်၍ ပြစ်မှုကျူးလွန်သူများကို အရေးယူနိုင်ရန် စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

ထွန်းလှိုင်(မြိုင်)

အမည်ပြောင်း

ဦးမျိုးမင်းသန်းနှင့် ဒေါ်အေးမိမြတ်တို့၏သမီး ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း နဝမတန်း(က)မှ မဆုလဒ်ရတနာအား မရွှေရည်လင်းဟု ပြောင်းလဲခေါ်ပါရန်။ **မရွှေရည်လင်း**

ဖခင်အမည်မှန်

မြောက်ဥက္ကလာပမြို့နယ်၊ အလက(၈)အဌမတန်း S_3 မှမယုယုမော်၏ ဖခင်အမည်မှန်မှာ ဦးအောင်ထိုက်ဦး ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

အ. လ. က(၄)ရွှေပြည်သာ၊ သတ္တမတန်း(C)မှ မောင်ဇေယျာတွန်း၏ဖခင်အမည်မှန်မှာ ဦးသန်းအောင်(၁၄/အဂပ(နိုင်)၁၀၃၃၄၄) ဖြစ်ပါသည်။

ဦးသန်းအောင်

ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်

သန်လျင်မြို့အဝင်တွင် အေးအေးဆေးဆေးနေလိုသူများအတွက် ဗိုလ်ချုပ်နေဝင်းလမ်းမကြီးပေါ် မြေအကျယ် ပေ (၅၅×၁၄၅) ၊ ပြင်ဆင်ပြီးအသင့်နေထိုင်နိုင်သော နှစ်ထပ်အိမ်ကြီး (၁)လုံးပါ၊ ဘဏ်ဖွင့်ရန်၊ စားသောက်ဆိုင်ဖွင့်ရန်၊ စီးပွားရေးလုပ်ရန် အချက်အချာကျနေရာကောင်း လုံးချင်းအိမ်ဖြင့်နေလိုသူများအတွက် အလွန်သက်သာသောစျေးနှုန်း၊ Master bed room (၂) ခန်း၊ ရိုးရိုးအိပ်ခန်း(၁)ခန်း ရေ၊ မီးအပြည့်အစုံ။

ကျပ်သိန်း (၃၀၀၀)

ဆက်သွယ်ရန်ဖုန်း-၀၉-၅၁ဂ၈၉ဂ၉၊ ၀၉-၄၂၀၃၀၁၀၉၁၊ ၀၉-၄၃၀၂၂၈၂၈

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4I/8117၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရွာသာကြီး)

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9E/1671 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)

သန်လျင်မြို့

ရုံးခန်းငှားရန်ရှိသည်

လှိုင်မြို့နယ်၊ MICT Park အတွင်းရှိ ရုံးခန်းငှားရန်ရှိသည်။

ဆက်သွယ်ရန် - မစု (၀၉-၉၇၇၂၀၀၁၀၃)
မသွေး (၀၉-၉၇၀၁၉၁၆၀၂)

ဝဏ္ဏသိန္ဓိရေကူးကန်တွင် (၁/၂၀၁၆)နွေရာသီရေကူးသင်တန်းဖွင့်လှစ်မည်

ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်ရေကူး အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ အခြေခံရေကူးသင်တန်းအား နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဝဏ္ဏသိန္ဓိ Sports Complex အတွင်းရှိ ဝဏ္ဏသိန္ဓိရေကူးကန် တွင် မတ်လ (၇)ရက်နေ့မှ ဧပြီလ (၇)ရက်နေ့အထိ သင်တန်းကာလ (၁)လ ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

သင်တန်းချိန်များအား နံနက် (၇:၃၀)နာရီမှ (၉:၀၀)နာရီအထိ (၁)ချိန်၊ ညနေ (၁၆:၃၀)မှ (၁၈:၀၀)နာရီအထိ (၁)ချိန် သင်တန်းချိန် (၂)ချိန် ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါသည်။

သင်တန်းရက်များမှာ သောကြာနေ့မှအပ တစ်ပတ်လျှင် (၆)ရက် သင်ကြားပေးသွားမည်ဖြစ်ပါသည်။

သင်တန်းကြေးအဖြစ် တစ်ဦးလျှင်ကျပ် (၃၀,၀၀၀/-)နှုန်း သတ်မှတ်ကောက်ခံသွားမည်ဖြစ်ပြီး သင်တန်းတက်ရောက်လိုပါက ဝင်ငွေ့လျှောက်လွှာပုံစံ၊ ဓါတ်ပုံ (၃)ပုံနှင့်အတူ စာရင်းပေးသွင်းနိုင်ပြီဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက အားကစားကွင်း / အားကစားရုံဌာနခွဲ၊ ဝဏ္ဏသိန္ဓိရေကူးကန် ဖုန်းနံပါတ် ၀၆၇-၈၁၀၄၇၀ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကိုယ်ထူကိုယ်ထလျှပ်စစ်မီးဖွင့်ပွဲအတွက် အထူးကျေးဇူးတင်ရှိခြင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ နဘူးအိုင်စံပြကျေးရွာ၌ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာရရှိရေးအတွက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ တိုင်းဒေသကြီး လျှပ်စစ်ဝန်ကြီး ဦးကျော်မြင့်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဇံတို့၏ လမ်းညွှန်မှုတို့ဖြင့် ကိုယ်ထူကိုယ်ထ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၄-၃-၂၀၁၆ရက်တွင်လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားကို အထက(နဘူးအိုင်)၌ ကျင်းပခဲ့ပါသည်။ လမ်းညွှန်ခွင့်ပြုပေးပါသော ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သော တိုင်းဒေသကြီး လျှပ်စစ်ဝန်ကြီး ဦးကျော်မြင့်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်း၊ စီးပွားရေးဝန်ကြီး ဦးအောင်ဇံတို့၊ အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးခဲ့သော ဦးရွှေပု (အောင်မြင့်သူ သံဟောင်းရောင်းဝယ်ရေး)နှင့် ကျေးဇူးတင်ထိုက်သူ အားလုံးအား ကျေးဇူးအထူးတင်ရှိပါကြောင်း။

နဘူးအိုင်ကျေးရွာမီးလင်းရေးကော်မတီနှင့် ရွာသူ/ရွာသားများ

မြန်မာ့ရုပ်မြင်သံကြား News Channel

၅-၃-၂၀၁၆ (စနေနေ့)

နံနက်ပိုင်း

- ၆ : ၀၀ - မင်းကွန်း ဆရာတော်ကြီး ၏ ပရိတ်တရားတော်
- ၇ : ၃၅ - Hyper Sport
- ၈ : ၃၅ - The Farmer (နို့စားနွားမွေးမြူရေး)
- ၉ : ၁၅ - ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုဘာသာရပ်ဆိုင်ရာများ (ဘောဂဗေဒဘာသာရပ်)
- ၁၀ : ၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၂ : ၃၅ - တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၃ : ၂၀ - တစ်ပတ်အတွင်း လွှတ်တော်သတင်း
- ၁၄ : ၃၅ - **အလုပ်အကိုင်အခွင့်အလမ်းအစီအစဉ်**

ညပိုင်း

- ၁၅ : ၄၅ - Ooredoo MNL-1 2016 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (မကွေး FC အသင်းနှင့် ရတနာပုံ FC အသင်း)
- ၂၀ : ၀၀ - ပြည်တွင်းသတင်း၊
  - ဂီတတံခါးလေးဖွင့်ပါဦး
  - **နေမဝင်အလှများ** (ဒေါ်အေးအေးသင်းနှင့် တွေ့ဆုံခြင်း) (အပိုင်း-၁)

မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။

✪ ကျောဖုံးမှ

နှစ်သင်းစလုံးမှာ အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ဇွဲကပင်အသင်းသည် တိုက်စစ်ပိုင်းကို အပြောင်းအလဲလုပ်သည့် အနေဖြင့်ကင်မ်နေရာတွင် ဇီကိုဗစ်ကို ထည့်သွင်းအသုံးပြုခဲ့သည်။ ပထမပိုင်းတွင် ဟံသာဝတီအသင်း ကစားပုံပိုကောင်းခဲ့ပြီး နောက်ပိုင်းပွဲစဉ်များတွင်ခြေတွန်းပြနေသည့် တိုက်စစ်မျှူးအီမန်စ်က ၁၅ မိနစ်နှင့် ၁၈ မိနစ်တွင် နှစ်ဂိုးဆက်သွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းတွင် ဇွဲကပင်အသင်းချေပဂိုးရရှိရန် တိုက်စစ်အား မြှင့်လာခဲ့ပြီး ၅၃ မိနစ်တွင် သန်းဇော်မျိုးက သွင်းယူပေးခဲ့သည်။

သုဝဏ္ဏကွင်းခ်ဲ့ ကျင်းပသော ပွဲတွင် ချင်းယူနိုက်တက်အသင်းက ရခိုင်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ချင်းယူနိုက်တက်အတွက် ဂိုးများကိုချစ်စုမိုးနှင့်ဆာကေးတို့က သွင်းယူပေးခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်းခ်ဲ့ Horizon အသင်းကို ငါးဂိုးပြတ် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အတွက် အနိုင်ဂိုးများကို စိုးမင်းဦးက နှစ်ဂိုး၊ ဟိန်းသီဟဇော်၊ ဇင်မင်းထွန်းနှင့် ပက်ထရစ်တို့က သွင်းယူပေးခဲ့သည်။

ယနေ့ပွဲ
(ဗထူးကွင်း)
ရတနာပုံ-မကွေး

ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ နွေရာသီအခြေခံအားကစားသင်တန်းဖွင့်

တောင်ကြီး မတ် ၄

၂၀၁၆ ခုနှစ် ရှမ်းပြည်နယ် (တောင်ပိုင်း) ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ နွေရာသီအခြေခံ အားကစားသင်တန်းကို မတ် ၁ ရက်က တောင်ကြီးမြို့ပြည်နယ်အားကစားကွင်းခ်ဲ့ ကျင်းပကြောင်း သိရသည်။

အဆိုပါရှမ်းပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ နွေရာသီအခြေခံအားကစား သင်တန်းတွင် ဘောလုံး၊ ဘတ်စကက်ဘော၊ ပိုက်ကျော်ခြင်း၊ ရိုးရာခြင်း၊ ကြက်တောင်၊ ပြေးခုန်ပစ်၊ စားပွဲတင်တင်းနစ်၊ တင်းနစ်၊ တိုက်ကွမ်ဒို၊ ကရာတေးဒို၊ မြန်မာ့သိုင်း၊ အေးရိုးဗစ်၊ ခရစ်ကတ် အားကစားနည်း(၁၃) မျိုးကို နည်းပြဆရာများဖြင့် အားကစားနှင့် ကာယပညာဦးစီးဌာန၊ ရှမ်းပြည်နယ်အားကစားဆပ်ကော်မတီ ပညာရေးဌာနတို့မှ ၉၀ အား သင်တန်းချိန်များ သတ်မှတ်ပေး၍ သင်တန်းကာလကို မတ် ၁ ရက်မှ ဧပြီ ၆ ရက်အထိ သင်တန်းပို့ချပေးပြီး သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၂၀၀ခန့် တက်ရောက်သင်ယူကြသည်။ အဆိုပါသင်တန်းသို့ တောင်ကြီးမြို့နယ်အတွင်းရှိ အေးသာယာ၊ တောင်လေးလုံး၊ တောင်နီကျေးရွာရှိ ဟိုနားကျေးရွာတို့မှ လာရောက်သင်ယူကြပြီး သင်တန်းခ်ဲ့ထူးချွန် အားကစားသမားများကို ပြည်နယ်အားကစား ဆပ်ကော်မတီက ကျင်းပမည့် ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

ဘာစီလိုနာတို့ နိုင်ပွဲဆက်ပြီး လာလီဂါ၌ ဆက်လက်ဦးဆောင် (သီဟ)

စပိန်လာလီဂါပွဲစဉ်(၂၇) ပွဲစဉ်များကို မတ် ၄ ရက်(သောကြာနေ့)နံနက်ပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဗယ်လက်ကာနိုနှင့်ဘာစီလိုနာပွဲစဉ်တွင် ဘာစီလိုနာအသင်း အဝေးကွင်းခ်ဲ့ ၀ါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အိမ်ရှင်ဗယ်လက်ကာနိုအသင်းသည် ၄-၂-၃-၁ ပုံစံဖြင့် ပွဲထွက်လာပြီး ဘာစီလိုနာအသင်းမှာပုံမှန်တိုက်စစ်ကစားကွက် ၄-၃-၃ ဖြင့်ပွဲထွက်ခဲ့သည်။ ပွဲချိန် ၂၂မိနစ်တွင် ကွင်းလယ်ကစားသမားရာကီတစ်က ဘာစီလိုနာအတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။ ၂၃ မိနစ်တွင် နေမာဖန်တီးပေး၍ တိုက်စစ်မျှူးမက်ဆီက ဘာစီလိုနာအတွက် ဒုတိယဂိုးသွင်းယူခဲ့သည်။ ပထမပိုင်း ၄၂ မိနစ်တွင် ဗယ်လက်ကာနိုနောက်တန်းကစားသမား လော်ရန်တီတိုက်ရိုက်အနီဖြင့် ထုတ်ပယ်ခံရသည်။

ဒုတိယပိုင်း ၅၃ မိနစ်တွင် မက်ဆီက တတိယဂိုးသွင်းယူခဲ့ပြီး ၅၇ မိနစ်တွင် ဗယ်လက်ကာနို ချေပဂိုးကို တိုက်စစ်မျှူး မန်နူချိုကသွင်းယူပေးခဲ့သည်။ ၆၇ မိနစ်တွင် ဗယ်လက်ကာနို ကွင်းလယ်ကစားသမား အိုင်တာရာတိုက်ရိုက်အနီဖြင့် ထုတ်ပယ်ခံရသည်။ ၆၉ မိနစ်တွင် ဘာစီလိုနာ ပယ်နယ်တီကန်ခွင့်ရကာ ဆွာရက်ဇီကန်သွင်းခဲ့သော်လည်း ဂိုးမရရှိခဲ့ပေ။ ၇၂ မိနစ်တွင် မက်ဆီက စတုတ္ထမြောက်ဂိုး သွင်းယူခဲ့သည်။ ပွဲချိန် ၈၆ မိနစ်တွင် တူရန်က ပဉ္စမမြောက် ဂိုးသွင်းယူခဲ့ရာ ဘာစီလိုနာအသင်းအဝေးကွင်းခ်ဲ့ ၀ါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပွဲစဉ် (၂၇)အပြီးတွင် ဘာစီလိုနာအသင်း ရမှတ် ၆၉မှတ်ဖြင့် ဇယားထိပ်၌ ဦးဆောင်နေပြီး အက်သလက်တီကိုအသင်းမှာ ရမှတ် ၆၁ မှတ်ဖြင့် အဆင့်(၂)တွင်ရပ်တည်နေကာ ရီးရဲမက်ဒရစ်အသင်းမှာ ရမှတ် ၅၇ မှတ်ဖြင့် အဆင့်(၃)၌ ရပ်တည်နေသည်။

မန္တလေးတက္ကသိုလ် ဘာသာရပ်ပေါင်းစုံဘောလုံးပြိုင်ပွဲကျင်းပ

မန္တလေး မတ် ၄

၂၀၁၅-၂၀၁၆ ပညာသင်နှစ် မန္တလေးတက္ကသိုလ် ဘာသာရပ်ပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ ညနေပိုင်းက တက္ကသိုလ်အားကစားကွင်း၌ ညွှန့်ပေါင်းအသင်းနှင့် ဘူမိဗေဒအသင်းတို့ယှဉ်ပြိုင်ကြရာ ညွှန့်ပေါင်းအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ပြိုင်ပွဲအပြီး ဆုချီးမြှင့်ပွဲကျင်းပရာ ဒုတိယဆုရအသင်းအား ဒုတိယပါမောက္ခချုပ် ဒေါက်တာနုနုရီနှင့် ပထမဆုရအသင်းအား တာဝန်ခံပါမောက္ခချုပ် ဒေါက်တာသီတာဝင်းက ဆုနှင့်ပထမတံခွန်စိုက်ဒိုင်းဆုကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6J/7841 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ထွန်းထွန်းလင်း(၁၂/ကခက(နိုင်)၀၇၃၄၉၄)၏ သက်သေခံသားမှတ်ပုံတင်လက်မှတ် အမှတ်-စဂ၉၁၂၈၊ နိုင်ငံကူးလက်မှတ် MA 061948 ၊ SID နှင့်သက်ဆိုင်ရာလက်မှတ်များဖြစ်သော BST ၊ PSCRB ၊ SSA ၊ DSD TF ၊ WK ၊ EDH နှင့် ပညာအရည်အချင်းထောက်ခံချက် လက်မှတ်များဖြင့်သော ဘွဲ့လက်မှတ်၊ ဆယ်တန်းအောင်လက်မှတ် များခရီးသွားရင်းပျောက်ဆုံးသွားပါဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၄၈၆၉၁၁၊ ၀၉-၄၂၁၁၆၄၄

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်ကျော်လွင် ၁၄/ရကန(နိုင်)၁၀၉၃၁၁၏ Passport No. မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

ဖုန်း-၀၉-၄၂၂၄၄၃၁၀၁

ပြင်ဆင်ဖတ်ရှုပါရန်

၂၉-၂-၂၀၁၆ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၉)မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း ကြော်ငြာတွင် ဦးနိုင်ဝေကျော်၅/အစန(နိုင်) ၁၈၃၁၉၈ အစား၁၂/အစန(နိုင်)၁၈၃၁၉၈ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားလွှာ

အ.လ.က (၂) သာကေတ၊ ဇကျာင်းသား/ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် မြတ်ဆရာ ပူဇော်ပွဲကို (၂၇.၃.၂၀၁၆) (တပ်မတော်နေ့) (တနင်္ဂနွေနေ့)တွင် သရဖီစန်းမဋ္ဌ နံနက် (၉) နာရီတွင် ကျင်းပမည် ဖြစ်ပါသည်။ ၁၉၇၉ - ၈၀ မှ ၁၉၈၇ - ၁၉၈၈ ထိ အ.လ.က(၂)တွင် တာဝန်ထမ်းဆောင်ခဲ့သော ဆရာ/ဆရာမ များနှင့် ရပ်နီးရပ်ဝေးမှ ကျောင်းသား/ကျောင်းသူဟောင်းများ ဒုတိယအကြိမ်မြတ်ဆရာပူဇော်ကန်တော့ပွဲသို့ တက်ရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

အလှူငွေများကို	- ဦးသိန်းစိုး	09-254017883
	- ဦးအောင်နိုင်	09-254497176
	- ဦးသက်နိုင်	09-30357487
	- ဒေါ်ဆွေဆွေသန်း	09-254409696
	- ဒေါ်အေးအေးဌေး	09-262375994

ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

မြတ်ဆရာ ပူဇော်ကန့်တော့ပွဲ ဖြစ်မြောက်ရေးကော်မတီ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊
သစ်တောဦးစီးဌာန
မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်

သစ်တောဦးစီးဌာန၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်ရှိ ပုံစံ(၈)ကျွန်း/သစ်မာ/အခြား (ခွဲသား/သစ်လုံး)၊ မီးသွေးများအား ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ သစ်တောဦးစီးဌာန၊ မြို့နယ်ဦးစီးဌာနမှုးရုံးတွင် အောက်ပါအတိုင်း လေလံတင်ရောင်းချပါမည်။

စဉ်	ခရိုင်/မြို့နယ်	ပစ္စည်းအချိုးအမည်	တန်ပမာဏ	လေလံတင်ရောင်းချမည့်ရက်
၁။	ပခုက္ကူ/မြိုင်	ကျွန်း/သစ်မာ	၄၇.၉၀၃၅	၁၂-၃-၂၀၁၆ ၀၉:၃၀ နာရီ
၂။	ပခုက္ကူ/မြိုင်	အုပ်စု(၂)/အခြား	၁၅.၀၀၆၁	၁၂-၃-၂၀၁၆ ၀၉:၃၀ နာရီ
၃။	ပခုက္ကူ/မြိုင်	မီးသွေး	၈.၆၄၀၀	၁၂-၃-၂၀၁၆ ၀၉:၃၀ နာရီ

လေလံဆွဲဝယ်ယူလိုသူများသည် ၁၁-၃-၂၀၁၆ ရက် နောက်ဆုံးထား၍ ပခုက္ကူ ခရိုင်၊ မြိုင်မြို့နယ်၊ သစ်တောဦးစီးဌာန၊ မြို့နယ်ဦးစီးဌာနမှုးရုံးတွင် လာရောက်စာရင်းသွင်းလျှောက်ထားပါရန်နှင့် လေလံစည်းကမ်းနှင့်အသေးစိတ်အချက်အလက်များ လာရောက်စုံစမ်းလေ့လာနိုင်ပါကြောင်းကြေညာအပ်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့၊ သစ်တောဦးစီးဌာန၊ ပခုက္ကူခရိုင်၊ မြိုင်မြို့

ယာဉ်မောင်းအလိုရှိသည်

ရန်ကုန်မြို့တွင်း မောင်းရမည်၊ လိုင်စင် ၅နှစ်အထက်၊
လစာ-၂၀၀၀၀၀-၂၅၀၀၀၀
ဖုန်း-၀၉-၉၇၁စ၉၉၉၁၅

အမည်မှန်

ဦးကျအူ၏သမီး ကျိုင်းတုံမြို့ သူနာပြုကျောင်း(ပထမနှစ်)မှ မလာခင်လှ ၁၃/ပဟ(နိုင်)၀၀၀၂၀၃၏ အမည်မှန်မှာ မရာခင်လှ ဖြစ်ပြီး ၄င်း၏မွေးသက္ကရာဇ်အမှန်မှာ ၁၁-၁၁-၁၉၉၅ ဖြစ်ပါကြောင်း။ **မရာခင်လှ**

ရေခဲမုန့်/အအေး ကျွမ်းကျင်ဆရာအလိုရှိသည်

ဖာလူဒါ၊ ဒိုမီနို၊ ဒူးမလိုင်၊ ကူးဗီး၊ အအေးအမျိုးမျိုး
ဆက်သွယ်ရန်- ဖုန်း-၀၉-၂၆၂၆၁၆၆၈၊ ၀၉-၇စ၄၅၇စ၇၀

အမည်ပြောင်း

ဦးမြင့်ထွေး ၁၂/အစန(နိုင်)၀၃၇၃၁၃ ၏သား ပြည်မြို့၊ အထက(၁)၊ အမွေတန်း (C) မှ မောင်အောင်မိုးမြင့်အား မောင်အောင်မြင့်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်မြင့်ကျော်**

ဥတုရာသီ တောကိုမှီ

ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်

ကွန်ကရစ်ခင်းပြီး၊ လေးလမ်းသွားလမ်းမကြီးဘေး၊ မျက်နှာစာနှစ်ဖက်ပါ၊ တက္ကသိုလ်ရိပ်မွန်အရှေ့၊ စက်မှုဇုန်အနီး၊ ကျန်စစ်သားလမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်၊ ကျန်စစ်သားလမ်းမကြီးပေါ်တွင် မျက်နှာစာ 110', Sqft 6324 ခြံစည်းရိုးခတ်ပြီး၊ ဘဏ်ဖွင့်လိုသူများ၊ Super Market၊ အိမ်ဆောက်ပစ္စည်းဆိုင်၊ ဆီဆိုင်၊ အဆောင်ဖွင့်လိုသူများနှင့် လက်ဖက်ရည်ဆိုင်ကြီးများ ဖွင့်လိုသူများအတွက် စီးပွားရေးလုပ်ရန် အချက်အချာကျ နေရာကောင်း။

ကျပ်သိန်း (၃၉၀၀)

ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၇စ၉၇၉၊ ၀၉-၄၂၀၃၁၀၀၉၁၊ ၀၉-၄၃၀၂၂စ၂စ

အခြားသူများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များ လေးစားရေး

Respect to the rights and freedoms of others

ကိုစစ်(လူမှု)

လူ့အခွင့်အရေးနှင့် ဂုဏ်သိက္ခာဆောင်းပါးတွင် လူ့အခွင့်အရေး၏ ပဋ္ဌသီလ (၅) ချက်တွင် "အခြားသူ၏ အခွင့်အရေးလေးစားရေး" ဟူသော လူ့အခွင့်အရေး၏ အနှစ်သာရ တစ်ချက်ပါရှိသည်။ လူ့အခွင့်အရေးစံနှုန်းများမြင့်မားသော လူ့အဖွဲ့အစည်းတွင် လူတိုင်းသည် လူ့အခွင့်အရေးများကို လေးစားလိုက်နာရမည်ဖြစ်သည်။ အလားတူ အခြားသူ၏ အခွင့်အရေးများကိုလည်း လေးစားရမည်သာဖြစ်သည်။

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (အတိုအားဖြင့် UDHR) ၏ နိဒါန်း ခြောက်ခုမြောက် အပိုဒ်တွင် **"ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတို့သည် ကုလသမဂ္ဂအဖွဲ့နှင့်ပူးပေါင်း၍ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို ကမ္ဘာ့တစ်ဝန်းလုံးက ပိုမိုမြှင့်တင်လေးစားလိုက်နာ ကျင့်သုံးကြစေရေးအတွက် ဆောင်ရွက်မည်ဟု ကတိပြုပြီးဖြစ်သောကြောင့် လည်းကောင်း"** ဟု အခိုင်အမာဖော်ပြထားပေသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံများသည် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို လေးစားလိုက်နာကြရန်တာဝန် (Responsibility) ရှိပေသည်။

UDHR ၏အပိုဒ် (၁) တွင်ပါရှိသည့် **"လူသားအားလုံးသည် လွတ်လပ်သူများအဖြစ် မွေးဖွားလာကြပြီး ဂုဏ်သိက္ခာနှင့် အခွင့်အရေးများ တန်းတူရည်တူရှိကြသည်။ လူတို့၌ ဆင်ခြင်တုံတရားနှင့် အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိကြ၍၊ တစ်ဦးကိုတစ်ဦး ညီရင်းအစ်ကို စိတ်ဓာတ်ဖြင့် ဆက်ဆံကျင့်သုံးသင့်သည်"** ဟု တိုက်တွန်းထားပါသည်။ ရှင်းလင်းရသည်ရှိသော် အနှောင်အဖွဲ့မရှိလွတ်လပ်သူများသာဖြစ်သည်။ ဂုဏ်သိက္ခာနှင့် အခွင့်အရေးများလည်း အားလုံးအတူအညီသာ ရရှိခံစားခွင့်ရှိကြသည်။ လူ့အခွင့်အရေးများရရှိ ခံစားနိုင်ခွင့်နှင့် ဆောင်ရွက်ပိုင်ခွင့်တို့ ကျင့်သုံးရာတွင် အပေးအယူမျှမျှ၊ ဆင်ခြင်ဝေဖန်မှုရှိရှိဖြင့် ချစ်ခင်ကြင်နာသော ညီအစ်ကို သဖွယ်၊ ညီအစ်မသဖွယ်ကျင့်သုံးကြရန် လိုအပ်ပါကြောင်း ဖော်ညွှန်းထားခြင်း ဖြစ်ပေသည်။

UDHR ၏အပိုဒ် (၂၉) (၂) တွင် **"မိမိ၏အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် လူတိုင်းသည် အခြားသူများ၏အခွင့်အရေးများနှင့် လွတ်လပ်ခွင့်ကို အသိအမှတ်ပြု၍ လေးစားရန် အလို့ငှာလည်းကောင်း၊ ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် တရားမျှတသော လိုအပ်ချက်များဖြစ်သည့် ကိုယ်ကျင့်တရား၊ အမျာပြည်သူ အေးချမ်းသာယာရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးတို့ကို ဖြည့်ဆည်းရန်အလို့ငှာ လည်းကောင်း၊ ဥပဒေအရသတ်မှတ်ထားသည့် ကန့်သတ်ချက်များအတိုင်းသာ ကျင့်သုံးပိုင်ခွင့်ရှိသည်"** ဟု ဖော်ပြပါရှိပါသည်။ အခြားသူများ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို လေးစားရန် တစ်နည်းဆိုသော် မထိပါးမိရန် တိုက်တွန်းထားခြင်းဖြစ်သလို ဥပဒေပြဋ္ဌာန်းချက်များ အတွင်းမှသာ ကျင့်သုံးခွင့်ရှိသည်ကို ရှင်းလင်းစွာ သတိပေးထားသည်။

ကော်မရှင်၏ **" ရည်ရွယ်ချက်"** တစ်ရပ်မှာ-

"မြန်မာနိုင်ငံအတွင်း၌ လူ့အခွင့်အရေးမြှင့်တင်ခြင်းနှင့် ကာကွယ်ခြင်းအားဖြင့် လူ့အခွင့်အရေးကို လေးစားလိုက်နာ ကျင့်သုံးသည့် လူ့အဖွဲ့အစည်းတစ်ရပ်ပေါ် ပေါက်လာစေရန်"ဟု ဖြစ်သည်။ လူ့အခွင့်အရေးများကို လေးစားရုံသာမက လိုက်နာကျင့်သုံးသည့် အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာရေးကို ရည်ရွယ်မျှော်မှန်းပေသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေး အသိပညာမြှင့်တင်ရေးလုပ်ငန်းစဉ်များ၏ ရည်ရွယ်ချက်တစ်ရပ်မှာ-

"လောကပါလတရားနှင့် ဗြဟ္မာစိုရ်တရားထွန်းကားပြီး လူ့အခွင့်အရေး စံနှုန်းများမြင့်မားသော လူ့ဘောင်ပေါ်ထွန်းစေရန်အတွက် နိုင်ငံသားတိုင်း လူ့အခွင့်အရေးများ လိုက်နာကျင့်သုံးတတ်စေရန်" ဖြစ်သည်။

ကျွန်တော်တို့ရရှိပိုင်ဆိုင်လိုသော၊ တည်ဆောက်လိုသော လူ့အခွင့်အရေး စံနှုန်းများနှင့် ကိုက်ညီသော လူ့ဘောင်အဖွဲ့အစည်းတစ်ရပ် ဖြစ်ထွန်းလာရေးအတွက် အချင်းချင်းအပေါ် မေတ္တာ၊ ကရုဏာ၊ မုဒိတာနှင့် ဥပေက္ခာတရားများ ထားရှိခြင်း၊ လောကပါလတရား (၃) ပါး၏လွတ်လပ်ခြင်း-ညီမျှခြင်း-တရားမျှတခြင်းများ ကျင့်သုံးခြင်းဖြင့်လည်း လူ့အခွင့်အရေးများ မြှင့်တင်သင့်လှပေသည်။

လွတ်လပ်ခွင့်နှင့် ပတ်သက်၍ အတွေ့အကြုံတစ်ခုကို ဖော်ပြလိုပါသည်။ ကျွန်တော်တို့ကော်မရှင်အဖွဲ့ ၂၀၁၅ ခုနှစ် မတ်လတွင် အောင်လံမြို့၌ လူ့အခွင့်အရေးအကြောင်း သိကောင်းစရာများ ဟောပြောပွဲ ပြုလုပ်ခဲ့ပါသည်။ ဟောပြောပြီး အမေးအဖြေအပြန်အလှန်ပြုလုပ်သည်။ အသက် (၈၀) ကျော် ခန့်ရှိအဍြိမ်းစားအရာရှိတစ်ဦးက တင်ပြတိုင်ကြားသည်မှာ **"ညအချိန်မတော်တွင် မော်တော်ဆိုင်ကယ်တချို့၏ ကျယ်လောင်သော အိတ်ဇောသံကြောင့် လန့်နိုးပြီး ပြန်အိပ်၍မရတော့ကြောင်း၊ ဖြေရှင်းဆောင်ရွက်ပေးစေလိုကြောင်း"** ဖြစ်သည်။ ဆိုင်ကယ်စီးသူ၏ မဆင်မခြင် ပါဝါအိတ်ဇောတပ်၍ စီးနင်းမှုကြောင့် အခြားလူတွင် ထိခိုက်ခံစားမှုဖြစ်ရသည်ကို ကျွန်တော် နားလည်လိုက်သည်။ အသံ၏ ပတ်ဝန်းကျင်ထိခိုက်မှု (Noise Pollution) ဖြစ်စေပါသည်။ ဤတင်ပြချက်အပေါ် အဖွဲ့ခေါင်းဆောင် ကျွန်တော်မှပင် ရန်ကုန်တိုင်းဒေသကြီး အစိုးရ၏ ပါဝါအိတ်ဇောတပ်ကားများအား ဖမ်းဆီးထိန်းသိမ်းပြီး ဥပဒေအရ အရေးယူသင့်တာယူ၊ သတိပေးပြန်လွှတ်တာလွှတ်၍ ဖြေရှင်းဆောင်ရွက်ပေးမှုကို ဥပမာပေးရှင်းပြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး အနေဖြင့် သင့်တော်သလို တားမြစ်ဆောင်ရွက်ပေးရန် တိုက်တွန်းရသည်။

လူ့အခွင့်အရေးကို **" လူသားတို့၏ လူ့အခွင့်အရေးဆိုင်ရာ ရရှိခံစားနိုင်ခွင့်နှင့် ဆောင်ရွက်ပိုင်ခွင့်"** ဟု ဖွင့်ဆိုပေသည်။ ရရှိခံစားပိုင်ခွင့်တွင်လူသားတစ်ဦး၏မွေးရာပါ အခွင့်အရေးများ ရရှိခံစားနိုင်ခွင့်ရှိပြီး အခြားသူများ၏ အခွင့်အရေးအတွက်ကိုလည်း ဆောင်ရွက်ပေးရမည့် တာဝန်ဝတ္တရားရှိလာပါက ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ဒါကြောင့် သင်၏ ဆောင်ရွက်ရန် တာဝန်ဝတ္တရားရှိမှုတွင် **"အခြားသူ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်"** များကို လေးစားရန်လည်း အထူးလိုအပ်လှပေသည်။

"လူအချင်းချင်း အပြန်အလှန်လေးစားရမည်" (Due to respect) ဟူသောစကားမှာ ကျွန်တော်တို့လူမှု ဘဝနယ်ပယ်တွင် ပြောရိုးပြောစဉ် ကြားရ

> **ကျွန်တော်တို့ရရှိပိုင်ဆိုင်လိုသော၊ တည်ဆောက်လိုသော လူ့အခွင့်အရေး စံနှုန်းများနှင့်ကိုက်ညီသော လူ့ဘောင်အဖွဲ့အစည်းတစ်ရပ် ဖြစ်ထွန်းလာရေးအတွက် အချင်းချင်းအပေါ် မေတ္တာ၊ ကရုဏာ၊ မုဒိတာနှင့်ဥပေက္ခာတရားများထားရှိခြင်း၊ လောကပါလတရား (၃)ပါး၏ လွတ်လပ်ခြင်း-ညီမျှခြင်း-တရားမျှတခြင်းများ ကျင့်သုံးခြင်းဖြင့်လည်း လူ့အခွင့်အရေးများ မြှင့်တင်သင့် ။ ။ ။**

လေ့ရှိသည်။ ဤစကားသည် **"လူ့အခွင့်အရေး၏ အပြန်အလှန်လေးစားခြင်း"** နှင့်အနှစ်သာရတူသာဖြစ်သည်။

UDHR ၏ အပိုဒ်(၃) တွင် **"လူတိုင်းတွင် အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် လုပုဂ္ဂိုလ်လုံခြုံမှု ရခွင့်ရှိသည်"** ဟု ဖော်ပြထားသည်။ လူသားများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်ကို အကာအကွယ်ပေးထားသည်။

ကမ္ဘာကြီးသည် ၂၁ ရာစုသို့ ရောက်နေပြီဖြစ်သည်။ လူသားအဖြစ် စတင်ပေါ်ထွန်းလာခဲ့သည်နှင့်ဆိုသော် နှစ်ပေါင်းသန်းချီကြာညောင်းခဲ့ပါပြီ။ သို့သော် ကမ္ဘာ့နေရာအနှံ့အပြားတွင် စိုးရိမ်ထိတ်လန့်ဖွယ်ရာ လူ့အခွင့်အရေး ချိုးဖောက်မှုများ ကြားသိရပါသည်။ အင်တာနက်နှင့်တီဗီသတင်းများတွင် တွေ့မြင်နေရသည်။ ဥပမာ-ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံ နယ်စပ်မှ လူမှောင်ခိုကူးခံရသူများ၊ တရားမဝင် ရွှေ့ပြောင်းအလုပ်သမားများ၏ အလောင်းများ ဖော်ထုတ်တွေ့ရှိမှုများ၊ အင်ဒိုနီးရှားကျွန်းများပေါ်ရှိ ကျွန်ပြုခံရသူ မြန်မာများနှင့် အခြားနိုင်ငံသားများ၊ အာဖရိက နှင့် အရှေ့အလယ်ပိုင်းဒေသများတွင် အပြစ်မဲ့လူသားများ အစုလိုက်၊ အပြုံလိုက် သတ်ဖြတ်ခံရမှုများ၊ လူ့အခွင့် အရေး ချိုးဖောက်ခံရမှုများ၊ မြို့များတွင် အကြမ်းဖက် ဖောက်ခွဲမှုများ၊ ပစ်ခတ်သတ်ဖြတ်ခံရမှုများ၊ လူစီးလေယာဉ်များအား ဖောက်ခွဲမှုများမှာ ကမ္ဘာကြီး၏ ရတက်မအေးဖွယ်ရာ လူ့အခွင့်အရေး အခြေအနေများ ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၃၅၃) တွင် **"မည်သူကိုမျှ တည်ဆဲဥပဒေနှင့် အညီမှတစ်ပါး အသက်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကိုဖြစ်စေ နစ်နာဆုံးရှုံးမှုမဖြစ်စေရ"** ဟု ပြဋ္ဌာန်း၍ အသက်ရှင်သန်ခွင့်နှင့် လွတ်လပ်ခွင့်ကို ကာကွယ်ပေးထားပါသည်။ နိုင်ငံသားများ၏ အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို အကာအကွယ်ပေးခြင်းလည်းဖြစ်သည်။

ယနေ့ ကမ္ဘာကြီးတွင် လူကုန်ကူးမှုများ၊ လိင်ကျွန်ပြုမှုများ၊ လူများအား တရားမဝင် သယ်ဆောင်ခြင်းများ၊ ခေါင်းပုံဖြတ်အမြတ်ထုတ်ကြသူများ၊ ခေတ်သစ်ကျွန်ပြုခြင်းများ၊ ရက်စက်စွာ ညှဉ်းပန်းနှိပ်စက်မှုများကို ကမ္ဘာကြီးက စိတ်မချမ်းမြေ့သော်လည်း ဖြစ်ရိုးဖြစ်စဉ် ဖြစ်နေကျများအဖြစ် မထူးဆန်း၊ မအံ့ဩတော့ပေ။

ပြည်တွင်းအစေအပါးပြုမှုရှိနေသည်။ လွန်ကဲစွာ ပြုကျင့်သည်ရှိသော် ခေတ်သစ်ကျွန်ပြုမှုဟု သတ်မှတ်ထိုက်သည်။ အိမ်ဖော်အဖြစ် အသုံးချခံရသော ကလေးတစ်ယောက်သည် ၄၄၏အခွင့်အရေးများ ဆုံးရှုံးသည့်အပြင် ညှဉ်းပန်းနှိပ်စက်မှုဖြစ်စဉ်များ မကြာခဏ ကြားသိရသည်။ ကော်မရှင်သို့ တိုင်တန်းမှုများ ရှိသည်။ ကော်မရှင်မှ လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ပြုပြီး တွေ့ရှိချက်၊ သုံးသပ်ချက်၊ တိုက်တွန်းချက်များနှင့်အတူ သက်ဆိုင်ရာအစိုးရအဖွဲ့သို့ ပေးပို့ လျက်ရှိသည်။ သက်ဆိုင်ရာအစိုးရအဖွဲ့မှလည်း တည်ဆဲဥပဒေများနှင့်အညီ လည်းကောင်း လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သော အနှစ်သာရ ဖြင့်လည်းကောင်း ဆောင်ရွက်ဖြေရှင်းပေးရန် လိုအပ်ပါသည်။

UDHR အပိုဒ် (၂၃-၃)တွင် **"အလုပ်လုပ်သည့်လူတိုင်းတွင် မိမိနှင့် မိမိ၏ မိသားစုအတွက် လူ့ဂုဏ်သိက္ခာနှင့်ထိုက်တန်သော ဘဝရပ်တည်မှုကို အာမခံနိုင်မည့် တရားမျှတ၍ လျော်ကန်သင့်မြတ်သော အခကြေးငွေ ရပိုင်ခွင့်ရှိသည်။ လိုအပ်လျှင် အခြားလူမှုကာကွယ်ရေး စောင့်ရှောက်မှုများ ကိုလည်း ဖြည့်စွက်ရရှိခံစားပိုင်ခွင့်ရှိသည်"** ဟု ဖော်ပြထားသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ(၂၄)တွင် **"နိုင်ငံတော်သည် အလုပ်သမားများ၏ အခွင့်အရေးများကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်"** ဟု ဖော်ပြ၍ အလုပ်သမားများအားအကာအကွယ်ပေးထားသည်။ ထိုကြောင့်အလုပ်သမားဝန်ကြီးဌာနမှ **"အလုပ်သမားအဖွဲ့အစည်းဥပဒေ"** (၂၀၁၁-ခုနှစ်)၊ **"လူမှုဖူလုံရေးဥပဒေ "** (၂၀၁၂-ခုနှစ်)၊ **"အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ"** (၂၀၁၂-ခုနှစ်)၊ **"အနှည်းဆုံးလုပ်ခလစာဥပဒေ "** (၂၀၁၃-ခုနှစ်)များပြဋ္ဌာန်းခဲ့သည်ကိုတွေ့ရှိရပါသည်။

အလုပ်လုပ်သူတိုင်းသည် လခစားဖြစ်စေ၊ လုပ်ခနေ့စားဖြစ်စေ၄င်းတို့ လူမှု ဘဝအဆင့်အတန်းဖူလုံမှုအတွက် သင့်တင့်မျှတသော လုပ်အားခများ ခံစားခွင့်ရှိသင့်ပေသည်။ အလုပ်သမားများကဂုဏ်းတို့၏အခွင့်အရေးတွင် အဓိကကျသောထိုက်တန်သည့်လုပ်ခလစာရရှိရေး ဆန္ဒပြ တောင်းဆိုနေကြသည်။ ထိုက်တန်သည့်လုပ်ခလစာမရရှိခြင်းသည် အလုပ်သမားများ၏ အခွင့်အရေးလျစ်လျူရှုခံရမှုဖြစ်သည်။ အလုပ်သမားတိုင်းသည်၄င်းတို့၏ လုပ်အား၊ ကျွမ်းကျင်မှု၊ ပညာအရည်အချင်းအပေါ်မူတည်၍ သင့်တော်သော လုပ်ခ ရခွင့်ရှိသည်။

မသန်စွမ်းသူများသည် လူ့အခွင့်အရေးများကို ရရှိခံစားခွင့်နှင့်မသန်စွမ်းအခွင့်အရေးများကိုလည်းရရှိခံစားခွင့်ရှိကြသည်။ မသန်စွမ်းများ၏ အခွင့်အရေးကိုကျွန်တော်တို့ အသိအမှတ်ပြုလေးစားကြရန် လိုအပ်ပါသည်။ အဓိကမှာ ခွဲခြားမှုမပြုရေး၊ တန်းတူညီမျှရေး၊ လူတိုင်းအကျုံးဝင်ပညာရေး(Inclusive Education-IE) သင်ယူခွင့်၊ လူမှုအသိုင်းအဝိုင်းအတွင်း အကျုံးဝင်ပါဝင်ခွင့်ရရှိရေးများမှာ အဓိကကျပေသည်။

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအပိုဒ် (၁၈)တွင် **"လူတိုင်းတွင် လွတ်လပ်စွာတွေးခေါ်ခွင့်၊ အမှားအမှန်ဝေဖန်ပိုင်းခြားခွင့်နှင့် ကိုးကွယ်ခွင့်ရှိသည်"** ဟု ဘာသာရေးကိုးကွယ်မှုလွတ်လပ်ခွင့်ကိုဖော်ပြထားသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၃၄) တွင် **"ငြိမ်ဝပ်ပိပြားရေးနှင့်သော်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားသော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့်သော်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြားပြဋ္ဌာန်းချက်တို့နှင့်သော်လည်းကောင်းမဆန့်ကျင်လျှင်နိုင်ငံသားတိုင်းသည် ဘာသာ သာသနာရေးတွင်လွတ်လပ်စွာယူဆနိုင်သောအခွင့်အရေး၊ လွတ်လပ်စွာ ကိုးကွယ်ဆောက်တည်နိုင်သော အခွင့်အရေးတို့ကိုအညီအမျှရရှိစေရမည်"** ဟု ပြဋ္ဌာန်း၍ အခွင့်အရေးပေးထားသည်။

လွတ်လပ်စွာကိုးကွယ်ခွင့်၊ ယုံကြည်တည်ဆောက်ခွင့်ရှိသည်။ မိမိ၏ ကိုးကွယ်ခွင့်နှင့်ယုံကြည်တည်ဆောက်ခွင့်အား လွတ်လပ်စွာပြောင်းလဲခွင့်ရှိသည်။ ဒါကြောင့်ကျွန်တော်တို့သည်လူတစ်ဦး၏ ကိုးကွယ်ခွင့်၊ ယုံကြည်တည်ဆောက်ခွင့်များကို အပြန်အလှန် လေးစားခြင်းအားဖြင့် ညီညွတ်မျှတ၍ ဟန်ချက်ညီသော လူမှုအဖွဲ့အစည်း၏ ပျော်ရွှင်ချမ်းမြေ့ဖွယ်ဘဝများကို ရရှိပိုင်ဆိုင်နိုင်ကြပါသည်။

အခြားလွတ်လပ်ခွင့်များမှ အချို့အား ရှင်းလင်းဖော်ပြလိုပါသည်။ UDHR အပိုဒ် (၁၂)တွင် ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့် (Personal Privacy) အားဖော်ပြထားသည်။ သာဓကအားဖြင့်လူအများ အိပ်စက်အနားယူချိန်တွင်အသံချဲ့စက် အသုံးပြုခြင်းများ၊ တေးဂီတ ဖျော်ဖြေပွဲများအားအချိန်ကန့်သတ်၍ဆောင်ရွက်ခွင့်ပြုခြင်းဖြင့် အများပြည်သူ၏ လွတ်လပ်စွာ အိပ်စက်အနားယူခွင့်ကို ကာကွယ်ပေးထားသည်။ တယ်လီဖုန်း ခိုးနားထောင်ခြင်း၊ ကြားဖြတ်ဖမ်းယူခြင်း၊ ပေးစာများဖွင့်ဖောက် ဖတ်ရှုခြင်းများသည် ပုဂ္ဂိုလ်ရေးလွပ်လပ်ခွင့်ကိုထိပါးခြင်းဖြစ်သည်။ ယနေ့ခေတ်တွင် ဖေ့စ်ဘွတ်ခ်(Facebook)ဖြင့်အခြားသူ၏ ဂုဏ်သိက္ခာထိပါးခြင်း၊ ဖေ့စ်ဘွတ်ခ်(Fb) အားနှောင့်ယှက်တိုက်ခိုက်ခြင်းများမှာမြန်မာနိုင်ငံအပါအဝင် ကမ္ဘာကြီးတွင်စက္ကန့်နာရီမလပ် ဖြစ်ပွားနေသော လူ့အခွင့်အရေး ထိပါးမှုများ ဖြစ်နေပါပြီ။ ဖေ့စ်ဘွတ်ခ်ဖြင့်ကမ္ဘာကြီးအား ကြည်နူးပျော်ရွှင်ဖွယ်ရွာကြီးတစ်ရွာအဖြစ် ဖန်တီးနိုင်ကြပါသည်။ အဆုံးမရှိသော ဗဟုသုတများကို ရှာဖွေခြင်း၊ လေ့လာခြင်း၊ မျှဝေခြင်းများအလေးထားပြုလုပ်နိုင်ကြပါသည်။

မိမိအခွင့်အရေးလေးစားတတ်သူ၊ အခြားသူများ၏ အခွင့်အရေးလေးစားတတ်သူများသည် **"လူ့အခွင့်အရေးမထိပါး" "မွေးရာပါဂုဏ်သိက္ခာကို တန်ဖိုးထား" "ခွဲခြားခြင်းမပြု" "တန်းတူညီမျှအလေးထား"** ကြမည်သာ ဖြစ်ပေသည်။

ငါးသယံဇာတမျိုးသုဉ်းမှုမဖြစ်ဟွားရေးနှင့် ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းရေး ဆွေးနွေး

ပူတာအို မတ် ၄

ကချင်ပြည်နယ် ပူတာအိုမြို့နယ် မန်စေကျေးရွာအုပ်စု အောက် ဆန်ဂေါင်ကျေးရွာရှိ ငါးလုပ်ငန်း ဦးစီးဌာန ငါးလုပ်ငန်းစခန်းသို့ မတ် ၂ ရက်က မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးနှင့် တာဝန်ရှိသူများ ရောက်ရှိခဲ့ကြောင်း သိရသည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဒေသငါးမျိုးများဖြစ်သည့် ငါးနီ၊ ငါးဒေါက်မျိုး ငါးများမွေးမြူထားရှိမှု အခြေအနေနှင့် အစာကျွေးမွေးမှုစနစ်များ၊ သားဖောက်ကန်အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဒေသငါးမျိုးများမှ အရွယ်ရောက် ငါးမျိုးများကို ထပ်မံစုဆောင်းပြီး အောင်မြင်အောင် သားဖောက်ရန်၊ ထွက်ရှိလာသော ငါးသားပေါက်များကို မြစ်ချောင်းများသို့ မျိုးစိုက်ထည့်ရန်၊ တာဝန်ခံနှင့်ဝန်ထမ်းများ၏ အခက်အခဲများကို မေးမြန်းပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားခဲ့သည်။

ဆက်လက်၍ အထက်ဆန်ဂေါင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲခန်းမ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ ဒုတိယဝန်ကြီးက ပူတာအိုဒေသ၌ ကမ္ဘာပေါ်တွင် မှတ်တမ်းမတင်ရသေးသည့် ငါးမျိုးစိတ် ငါးမျိုးကိုတွေ့ရှိရပြီး မြန်မာနိုင်ငံ၏ အခြားဒေသတွင်မတွေ့နိုင်သည့် ရှားပါးငါးမျိုးစိတ်များ ရှိသဖြင့် ဂုဏ်ယူရမည်ဖြစ်ကြောင်း၊ သဘာဝအလျောက်တည်ရှိသောငါးသယံဇာတများကို ဒေသခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းမှသာ နောင်မျိုးဆက်များအတွက် လိုအပ်သော ငါးရိက္ခာကို ပြည့်ဝစွာစားသောက်နိုင်မည်ဖြစ်ကြောင်း၊ ပြောကြားသည်။

ထို့နောက် FAUNA and FLORA International စီမံကိန်းမန်နေဂျာ ဦးဇော်လွန်းက ငါးထိန်းသိမ်းရေးဇုန် တည်ထောင်ခြင်း၊ ဒေသခံများမှ တာဝန်ယူထိန်းသိမ်းရမည့် ကဏ္ဍများ၊ ငါးလုပ်ငန်းဦးစီးဌာနမှ ဦးဆောင်၍ ဌာနဆိုင်ရာများက ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အရန်မျိုးစေ့များ ကြိုတင်စီမံစုဆောင်းထားရှိရေး နှိုးဆော်ချက်

၁။ ယခင်နှစ် မြန်မာနိုင်ငံ အနှံ့အပြားတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီး ရေလွှမ်းခြင်းများဖြစ်ပေါ်ခဲ့ပြီး စပါးစိုက်လယ်မြေများ ရေနစ်မြုပ်ခြင်း၊ ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့မှုအပေါ် အချိန်မီပြန်လည်စိုက်ပျိုးရေးအတွက် မျိုးလုံလောက်မှုမရှိသည့် အခက်အခဲများ ကြုံတွေ့ခဲ့ပါသည်။

၂။ မိုးရာသီကာလတွင် ရေကြီးရေလွှမ်းဖြစ်လေ့ဖြစ်ထရှိသော ဒေသများ အနေဖြင့် လာမည့်မိုးရာသီကာလအတွက် **အရန်မျိုးစေ့များ ကို ယခုနှစ် နွေသီးနှံပေါ်ချိန်တွင် ကြိုတင်စီမံစုဆောင်းထားရှိကြရန်** လိုအပ်မည်ဖြစ်ပါသည်။

၃။ ရာသီဥတုကြောင့် သီးနှံများပျက်စီးဆုံးရှုံးမှုရှိလာသည့်ကာလတွင် နိုင်ငံ၏ စားရေရိက္ခာထုတ်လုပ်မှုကို မထိခိုက်စေရေးအတွက် အချိန်မီ အချိန်ကိုက် ပြန်လည်အစားထိုး စိုက်ပျိုးနိုင်ကြရန်၊ လိုအပ်သော **အရန်မျိုးစေ့များကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် စီမံချက်များဖြင့် မြို့နယ်အသီးသီးတွင် ကြိုတင်စီမံစုဆောင်းထားရှိကြရန်** နှိုးဆော်အပ်ပါသည်။

(လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)

ငါးရစ်၊ ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

အလုပ်ခွင်တွင်ထိခိုက်မှုကြောင့် သေဆုံးသူ၏ ကျန်ရစ်သူမိသားစုအား အကျိုးခံစားခွင့်ထုတ်ပေး

ပဲခူး မတ် ၄

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အလုပ်ခွင်တွင်ထိခိုက်မှုကြောင့် သေဆုံးသူ၏ ကျန်ရစ်သူမိသားစုများအား ငွေလုံးငွေရင်းအကျိုးခံစားခွင့်ထုတ်ပေးသည့် အခမ်းအနားကို ဖေဖော်ဝါရီလနောက်ဆုံးပတ်က ပဲခူးမြို့ရှိ တိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့အစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ နေပြည်တော်လူမှုဖူလုံရေးအဖွဲ့ ရုံးချုပ်မှ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းသန်းက အမှာစကားပြောကြားသည်။

ထို့နောက် ညောင်လေးပင်မြို့နယ် လူမှုဖူလုံရေးရုံး၌ မှတ်ပုံတင်ထားသည့် ကျောက်တံခါးမြို့နယ် သာယာကုန်းမှဓာတ်အားပို့လွှတ်ရေး စီမံကိန်း မန်နေဂျာရုံး(၂)မှ လုပ်ငန်းခွင်ထိခိုက်မှုကြောင့် သေဆုံးသွားသည့် အာမခံအလုပ်သမား လက်ထောက်မန်နေဂျာ ဦးတင်ဇော်မင်းအတွက် ကျန်ရစ်သူမိသားစုအား နာရေးစရိတ်နှင့် ကျန်ရစ်သူအကျိုးခံစားငွေကျပ် ၅၄ သိန်းကို ညွှန်ကြားရေးမှူးချုပ် ဦးထွန်းသန်းက ပေးအပ်ခဲ့သည်။

အခမ်းအနားတွင် အာမခံအလုပ်သမားသုံးဦးတို့အတွက် ငွေလုံးငွေရင်းနှင့် အကျိုးခံစားခွင့်များထုတ်ပေးခဲ့ကြကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

သားဆက်ခြား မိသားစုစီမံကိန်းအလုပ်ရုံဆွေးနွေး

လားရှိုး မတ် ၄

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေးကျန်းမာရေးဌာနခွဲနှင့် Myanmar Partners in Policy and Research (MPPR) အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် သားဆက်ခြား မိသားစု စီမံကိန်းဆွေးနွေးပွဲကို မတ် ၂ ရက်က လားရှိုးမြို့ သူနာပြုသားဖွား သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိန်အုပ်က အမှာစကားပြောကြားပြီး တွဲဖက်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ထွန်းမင်းက သားဆက်ခြားမိသားစုစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် Pathfimder International မှ Ms. Sono Aibe က ပျိုရွယ်သူများ အဆင်ပြေမည့် မျိုးဆက်ပွားကျန်းမာရေးဝန်ဆောင်မှုများကို ရှင်းလင်းပြောကြားပြီးနောက် အစုအဖွဲ့ခုနစ်ဖွဲ့ ဖွဲ့ပြီး ဆွေးနွေးပွဲ အစီရင်ခံခြင်း၊ ထင်မြင်ချက်ပေးခြင်း၊ လုပ်ငန်းစီမံချက်ရေးဆွဲခြင်း၊ လုပ်ငန်းများအတွက် ကုန်ကျစရိတ် တွက်ချက်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဝေလင်းအောင်(ပြန်/ဆက်)

ဆရာအတတ်ပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ကလေးပတိုပြုချဉ်းကပ်နည်း (CCA) ပြည်နယ်အဆင့်နည်းပြသင်တန်းဖွင့်

စစ်တွေ မတ် ၄

ဆရာအတတ်ပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ကလေးပတိုပြုချဉ်းကပ်နည်း(CCA) ပြည်နယ်အဆင့် နည်းပြသင်တန်းဖွင့်ပွဲကို မတ် ၂ ရက်က စစ်တွေမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းရှိ မဟာ ပညာကျော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ဦးလှစိန်ထွန်းနှင့် ဒုတိယညွှန်ကြားရေးမှူး (စီမံ)ဦးစိန်ထွန်းလှတို့က သင်တန်းဖွင့်အမှာစကားပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး (စီမံကိန်းကြီးကြပ် အကဲဖြတ်) ဦးကျော်လှက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းတွင် သင်တန်းနည်းပြများဖြစ်သည့် ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးဦးကျော်လှ၊ ကျောက်ဖြူပညာရေးကောလိပ်မှ နည်းပြဆရာ ဦးစည်သူကျော်နှင့် နည်းပြ ၂၂ ဦးတို့က ကလေးပတိုပြုသင်ပြနည်း၊ အကျိုးဆောင်၏နည်းလမ်းများ၊ ကျောင်းတွင်းဆွေးနွေးပွဲ၊ ကျောင်းအုပ်စုဆွေးနွေးပွဲ၊ Lesson study မိတ်ဆက်၊ Lesson study အထွေထွေ၊ သိပ္ပံ၊ သင်္ချာ၊ လူမှု၊ သင်ပုန်း မှတ်ချက်ရေးသားနည်း မြန်မာစာ၊ အင်္ဂလိပ်စာ၊ ဆရာကျောင်းသားဆက်ဆံရေး၊ အုပ်စုလုပ်ငန်းပေးခြင်း၊ စာသင်ခန်းတွင်မေးခွန်းမေးမြန်းခြင်း၊ စစ်ဆေးအကဲ ဖြတ်ခြင်း (ကြည့်ရှုလေ့လာ၊ စီကုံးရေးသား၊ အခန်းဆုံးစစ်)၊ သင်ကူ ပြုလုပ် အသုံးပြုလုပ်ခြင်း အထွေထွေ၊ လူမှု၊ သိပ္ပံ၊ သင်္ချာ၊ Action Plan ရေးဆွဲခြင်း၊ ကျောင်းတွင်း၊ အုပ်စုဆွေးနွေးပွဲ၊ Action Plan သင်တန်းစသည့် ဘာသာရပ်များကို လေးရက်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တော၊ ပေါက်တောမြို့နယ်တို့မှ ဆရာ ဆရာမ ၁၉၄ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းတက်ရောက်သောဆရာ ဆရာမများမှတစ်ဆင့် မိမိတို့မြို့နယ်အလိုက် ဆင့်ပွားသင်တန်းများဖွင့်လှစ်၍ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြတ်ဝေ

မြန်မာအပြည်ပြည်ဆိုင်ရာ လယ်ယာသုံးစက်ကိရိယာ ၂၀၁၆ ပြပွဲဖွင့်

ရန်ကုန် မတ် ၄

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၄)ရပ်ကွက် မင်းခမ္မလမ်းရှိ MCC ခန်းမ၌ပြုလုပ်သော မြန်မာအပြည်ပြည်ဆိုင်ရာ လယ်ယာသုံးစက်ကိရိယာ ၂၀၁၆ ပြပွဲကို မတ် ၃ ရက်က ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ UMFCCI ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အကြံပေးပုဂ္ဂိုလ်များ၊ စက်မှုလုပ်ငန်းရှင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ပြပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါပြပွဲကို မတ် ၃ ရက်မှ ၆ ရက်အထိ အပြည်ပြည်ဆိုင်ရာ အရှေ့တောင်အာရှနိုင်ငံများ၊ ပြည်တွင်းကုမ္ပဏီလုပ်ငန်းရှင်များမှ ထုတ်လုပ်သော လယ်ယာသုံးအကြီးစား စက်ယန္တရားများ၊ စက်အပိုပစ္စည်းစက်ကိရိယာများကို ရောင်းချသွားမည်ဖြစ်ကြောင်းသိရသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)

ဒလ၌ နွေရာသီအားကစား သင်တန်းများဖွင့်

ဒလ မတ် ၄

နွေရာသီကျောင်းပိတ်ရက်များ၌ ကျောင်းသား ကျောင်းသူများအတွက် ဒလမြို့နယ်တွင် နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

အဆိုပါနွေရာသီအားကစားသင်တန်းကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ ပညာရေးနှင့် အား/ကာဦးစီးဌာနတို့က ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး ဗိုလ်တေဇအားကစားပြိုင်ပွဲဝင်းရှိ အားကစားခန်းမ၌ မတ် ၁ ရက်မှစတင်၍ ရက်သတ္တလေးပတ်ကြာ သင်တန်းပို့ချလျက်ရှိကြောင်း သိရသည်။

မောင်ယဉ်ဦး(ဒလ)

ငပုတောမြို့နယ်၌ နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

ငပုတော မတ် ၄

သတ္တမ အကြိမ်မြောက် နွေရာသီပုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၃ ရက် နံနက် ၈ နာရီက ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့ တောင်ပိုင်းရပ်ကွက် သာယာကျောင်းတိုက်၌ ကျင်းပခဲ့သည်။

သာယာ ကျောင်းတိုက်ဆရာတော်က ဩဝါဒကထာမြွက်ကြားပြီး (၆၆)ကြိမ်မြောက် ပိုင်အမ်ဘီအေ အသင်းကြီးက ကျင်းပသော ဗုဒ္ဓဝင်နှင့် တရားဒေသနာတော်ရေးဖြေ စာမေးပွဲတိုင်း အဆင့်ဆုရရှိခဲ့သော ကျောင်းသား ကျောင်းသူတို့အား ထပ်ဆင့်ဂုဏ်ပြုဆု ချီးမြှင့်ပေးအပ်သည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ဘာသာရေးအကျိုးတော်ဆောင်များ၊ ပညာရေးဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ သင်တန်းကာလမှာ တက်ရောက်ကြပြီး ကျောင်းသူများ တစ်လကြာ မြင့်မည်ဖြစ်ကြောင်း သိရသည်။

မျိုးကျော်သူ(ပြန်/ဆက်)

မြဝတီဇုန် တင်းနစ်ကလပ်အသင်းများ အလွတ်တန်းတင်းနစ်ပြိုင်ပွဲဖွင့်

မြဝတီ မတ် ၄

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ တင်းနစ်အားကစားကွင်း၌ မြန်မာ့တင်းနစ်အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် ကလပ်အသင်းများ ပြန်လည်စည်းလုံး၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နှင့် ပူးပေါင်းဆောင်ရွက်စေရန် ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်မှ ကြီးမှူး၍ Myanmar C.P Livestock Co.,Ltd. ၏ ကူညီမှုဖြင့် ၂၀၁၆ ခုနှစ် Myanmar C.P မှ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဇုန်များသတ်မှတ်၍ ပြိုင်ပွဲများကျင်းပမည်ဖြစ်ရာ မြဝတီဇုန်၏ တင်းနစ်ကလပ်အသင်းများ အလွတ်တန်း တင်းနစ်ပြိုင်ပွဲများဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ နောက်ဆုံးပတ်က ကျင်းပခဲ့ကြောင်း သိရသည်။

(ယာပုံ)

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက အမှာစကားပြောကြားသည်။ အဆိုပါအလွတ်တန်းတင်းနစ်ပြိုင်ပွဲများကို တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် မုံရွာဇုန်၊ မေမြို့ဇုန်၊ လားရှိုးနှင့်တောင်ကြီးဇုန်၊ ပဲခူး၊ တနင်္သာရီ၊ ရခိုင်၊ မြောင်းမြ၊ ပုသိမ်ဇုန်ဟူ၍ ဇုန် ကိုး ဇုန်သတ်မှတ်ထားပြီး မြဝတီဇုန်အနေဖြင့် မြဝတီကလပ်အသင်းA၊ မြဝတီကလပ်အသင်း B၊ ကော့ကရိတ်၊ လှိုင်းဘွဲ့၊ သံဖြူဇရပ်၊ မော်လမြိုင်နှင့် ဘားအံကလပ် အသင်းများအပါအဝင် စုစုပေါင်း ခြောက် သင်းယှဉ်ပြိုင်သွားမည်ဖြစ်သည်။ အဆိုပါ ဇုန်ကိုးဇုန်မှ ပထမနှင့် ဒုတိယရရှိသည့် ကလပ်အသင်းများကို မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် သိမ်ဖြူကွင်းတွင် မေ ၁၄ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် ၂၀၁၆ ခုနှစ် Myanmar C.P တိုင်းဒေသကြီးနှင့် ပြည်နယ်တင်းနစ်ပြိုင်ပွဲနှင့် အလွတ်တန်းတင်းနစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်မှုဘဝပုံစံအလေ့အကျင့်ရရှိရေး ပညာပေးနည်းပြသင်တန်းဖွင့်

လပွတ္တာ မတ် ၄

ကျေးလက်နေပြည်သူများ ကျန်းမာရေးဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍ ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်မှုဘဝ ပုံစံအလေ့အကျင့်ရရှိရေး ပညာပေးနည်းပြသင်တန်းကို လပွတ္တာမြို့နယ် ကျောက်အိုင်ကျေးရွာ၌ လပွတ္တာခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ မတ် ၂ ရက်က ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန္တာဝင်းသိန်းက အမှာစကားပြောကြားပြီး ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်မှုဘဝပုံစံအလေ့အကျင့်ရရှိရေး၊ ကိုယ်ဝန်ဆောင်မိခင်များအား စောင့်ရှောက်ခြင်း၊ မီးဖွားချိန်တွင် သတိပြုရန်အချက်များ၊ မီးဖွားပြီးနောက် ဆောင်ရန်ရှောင်ရန်များ အကြောင်းကို တာဝန်ရှိသူများက ပြောကြားပြီး ကျေးလက်နေ ပြည်သူများသို့ ဆေးရည်စိမ်ခြင်ထောင်များနှင့် အမျိုးသမီးအသုံးအဆောင် ပစ္စည်းများ ပေးဝေခဲ့ကြောင်း သိရသည်။

ဝင်းကျော်မြင့်(လပွတ္တာ)

ကသာခရိုင် ပြည်သူ့ဆေးရုံဝင်းအတွင်း အမှိုက်ကောက်

ကသာ မတ် ၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း အမှိုက်ကောက်ခြင်းကို မတ် ၂ ရက်က အဆိုပါ ဆေးရုံကြီးဝင်းအတွင်း၌ ပြုလုပ်ခဲ့သည်။

အမှိုက်ကောက်ခြင်း၊ စွန့်ပစ်ပလတ်စတစ်အိတ်ခွန်များကောက်ခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်းများကို ကသာခရိုင် ဆေးရုံအုပ်ကြီးဒေါက်တာဝဏ္ဏသောင်း ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ၁ရှင်လူနာစောင့်များ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လူအောင်(ကသာ)

နွေရာသီ ရှင်အပါး (၈၀) ရှင်ပြုပွဲကျင်းပ

ပင်းတယ မတ် ၄

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်း၌ နွေရာသီကျောင်းပိတ်ရက်အတွင်း ကျောင်းသား ၈၀ ကို ရှစ်ပါးပရိက္ခရာ စုံလင်စွာဖြင့် ရှင်သာမဏေအဖြစ် ခီးမြှင့်ခြင်းအခမ်းအနားကို မတ် ၂ ရက် နံနက် ၇ နာရီတွင် အော်ယောရပ်ကွက် ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးအုံးကြိုင်နှင့် ဝန်ထမ်းများ၊ စေတနာရှင်အလှူရှင်များစုပေါင်း၍ လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချတရားတော်နာယူကြသည်။

အဆိုပါအခမ်းအနားသို့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးထူးကိုကိုနှင့် ဦးစီးအဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များတက်ရောက်ပြီး တရားတော် နာယူကြခဲ့ကြောင်း သိရသည်။

မိုးမိုးထွေး(ပင်းတယ)

မြစ်ကြီးနား၌ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းဆင်း

မြစ်ကြီးနား မတ် ၄

ကချင်ပြည်နယ် သမဝါယမဝန်ကြီးဌာန ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်းမှ ကြီးမှူးဖွင့်လှစ်သော စက်ချုပ်သင်တန်းဆင်းပွဲကို မတ် ၃ ရက်က မြစ်ကြီးနားမြို့ ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း၌ ကျင်းပသည်။ အဆိုပါသင်တန်းဆင်းပွဲတွင် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မဉ္ဇူဝင်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသူ ၃၈ ဦးတို့ကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ ယင်းသင်တန်းကို ဖေဖော်ဝါရီ ၁ ရက်မှ၂၉ ရက်အထိ အခြေခံစက်ချုပ်နည်း၊ ပုဆိုး၊ ထဘီစကပ်၊ ရှပ်အင်္ကျီချုပ်နည်း၊ အနားကွပ်နည်း၊ ရင်ဖုံးအင်္ကျီ ချုပ်နည်းများကို သင်ကြားပေးခဲ့ကြောင်း သိရသည်။ **မင်းရာဇာ**

တက္ကသိုလ်ဝင်စာမေးပွဲ မွန်ပြည်နယ်တစ်ခုလုံး စာစစ်ဌာန (၄၈) ခုဖွင့်မည်

ရန်ကုန် မတ် ၄

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မွန်ပြည်နယ်တစ်ခုလုံးစာစစ်ဌာန ၄၈ ခု၌ ကျောင်းတက်ဖြေဆိုသူ ၁၅၆၀၆ ဦး၊ ပြင်ပဖြေဆိုသူ ၅၁၂၂ ဦး စုစုပေါင်း ၂၀၇၂၈ ဦးဖြေဆိုရန် စာရင်းပေးသွင်းထားကြောင်းနှင့် ယမန်နှစ်ကထက် ဖြေဆိုသူ ၂၅၀၀ ကျော် ပိုမိုကြောင်း သိရသည်။

ယမန်နှစ်က စာဖြေဌာန ၄၄ ခုသာ ဖွင့်လှစ်ခဲ့ပြီး ယခုနှစ်တွင် စာဖြေကျောင်းသား ကျောင်းသူများ သွားလာမှု လွယ်ကူအဆင်ပြေစေရန် အထက ခွဲ ကျိုက်ထို၊ အထက (၉) မော်လမြိုင်၊ အထက ချောင်းဆုံ (မုဒ္ဒန်း)နှင့် အထက ကျူချောင်း (ကျိုက်ထို) တို့ကို တိုးမြှင့်ဖွင့်လှစ်ခြင်းကြောင့် စာစစ်ဌာန စုစုပေါင်း ၄၈ ခု ဖွင့်လှစ်မည်ဖြစ်သည်။ **ကိုချစ်**

မြန်မာ့အလင်း စာတည်းထံပေးစာများ

ဈေးသည်များကြောင့် လမ်းပိတ်ဆို့မှုရှင်းလင်းပေးစေလို

ဒဂုံမြို့သစ်(တောင်ပိုင်း) ၁၉ ရပ်ကွက်ရှိ ယခင်ဈေးဝင်းနေရာတွင် သားစိမ်း၊ ငါးစိမ်းဈေးသည်များ ရောင်းချခြင်းမရှိတော့ဘဲ လူနေရပ်ကွက်မာလာမြိုင်လမ်းတစ်လျှောက် လူနေဆိုင်ခန်းများ ကတ္တရာလမ်းပေါ် အခိုင်အမာ ဆောက်လုပ်၍ မျက်နှာချင်းဆိုင်ရောင်းချခြင်း၊ လူနေအိမ်ခန်းများ ငှားရမ်းထားခြင်းကြောင့် စည်ပင်လမ်းနှင့်မောင်းမကန် လမ်းထွက်ပေါက် ပိတ်နေသဖြင့် သာရေး၊ နာရေးကားများ၊ ကျောင်းကားများ၊ မီးသတ်ကားများ ဝင်ထွက်၍ မရတော့ပါ။ မာလာမြိုင် ၁၊ ၂၊ ၃ လမ်းထိပ်တွင်လည်း ဆိုက်ကားများ၊ ခုံများပိတ်ဆို့နေခြင်းတို့ ကြောင့် မီးဘေးအန္တရာယ်စိုးရိမ်နေရပါသဖြင့် (၁၉)ရပ်ကွက်ဈေးအား စနစ်တကျဖြစ်အောင် သက်ဆိုင်ရာမှ ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သူ ရပ်ကွက်သားများ

မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ပေးစေလို

စစ်တွေမြို့လယ် ကျေးပင်ကြီးရပ်ကွက် ရွှေသာလမ်းရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးမှပိုင်ဆိုင်သော အလျား ၁၀ ပေခန့်စီရှိ ဆိုင်ခန်း၀ါးခန်းတွင် ပုဂ္ဂလိကများမှ ရေနံဆီ ဓာတ်ဆီပီပါများကို ထားရှိပြီး ဖြန့်ချိရောင်းချလျက်ရှိသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ ယင်းဆိုင်ခန်းများ၏ တည်နေရာမှာ အစိုးရဘဏ်၊ မြန်မာ့ဆိပ်ကမ်းပိုင်ဝန်ထမ်းအိမ်ရာနှင့် ကျောချင်းကပ်လျက် ထမင်းဆိုင်များနှင့် နီးကပ်စွာတည်ရှိနေသောကြောင့် မီးဘေးစိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မီးဘေးအန္တရာယ်စိုးရိမ်သူများ

Heat Stroke ရာသီ ရောက်လာပြီ

လွန်ခဲ့သောရက်ပိုင်းအတွင်းကပင် အသက် ၂၁ နှစ်အရွယ် လူငယ်တစ်ဦးမှာ နေပူပြင်းချိန် အပြင်မှပြန်လာပြီး အိမ်ရောက်သောအခါ ရေသန့်ဘူးကို ရေခဲသေတ္တာအတွင်းမှ ယူသောက်ပြီး ခဏအကြာတွင် နှုတ်ခမ်းများပြာနမ်းလာပြီး စကားမေးမရဖြစ်ကာ ဆေးရုံသို့ပို့ဆောင်စဉ် သေဆုံးခဲ့ကြောင်း...

ယခုအချိန်သည် နေရောင်ခြည်အပူရှိန် လွန်ကဲသဖြင့် နေအိမ်အပြင်ထွက် အလုပ်လုပ်ရသူများ သတိပြုရမည့် ရာသီဖြစ်သည်။ အထူးသဖြင့် အသက် ၅၀ ကျော်လူကြီးများ၊ သွေးတိုးရောဂါရှိသူများ အပြင်ထွက်လျှင် ပို၍သတိထားရမည်။ နေရောင်ခြည်နှင့် တစ်နာရီကျော်ထက်ပို၍ မထိတွေ့အောင် သတိပြုသွားလာပြီး အရိပ်ရှိရာတွင် နားနေသင့်သည်။

နေရောင်ခြည်တွင်ပါဝင်သော ဥဏှာတေဇောဓာတ်သည် အရေပြားမှတစ်ဆင့် သွေးကြောများသို့ ဝင်ရောက်စီးဝင်ကာ ဟဒယဝတ္ထုခေါ် နှလုံးသို့ရောက်ရှိသည်။ နှလုံးတွင် အပူဓာတ်များစုမိသောအခါ နှလုံးသွေးများဆူပွက်ပြီး ဖြစ်ပေါ်လာသည့် လေပူဓာတ် ဂုဏ္ဍာဝါယောကို ဦးနှောက်သို့ တွန်းတင်လိုက်သောအခါ အဘိဉာဏ်ပျက်၍ သတိလစ်မေ့လဲခြင်း ဖြစ်ရလေသည်။

ရှေးက ဆေးကျမ်းများတွင်ပါဝင်သည့် နှလုံးသွေးဖောက်ပြန်မှုကြောင့် မေးလျှင်မထူး၊ ခေါ်လျှင်မကြား၊ စကားမပီ၊ သတိချို့ယွင်း၊ အပူကြီး၊ မူးလဲသော 'ဒါဟ' အဖျားလက္ခဏာသည် ယခုခေတ် Heat Stroke ရောဂါနှင့် အလွန်ပင်ဆင်တူသဖြင့် ရှေးနှစ်ပေါင်းနှစ်ရာကျော်ကပင် လူသားတို့တွင်ဖြစ်ပွားခဲ့သောရောဂါဟု မှတ်ယူနိုင်သည်။

နေမင်းသည် ကမ္ဘာနှင့်အလွန်နီးကပ်လာသည့် အပူရှိန်ပြင်းလာသည့်ကာလမှာ တက်ဥတုဖြစ်သည်။ ဒေသနာနယဆေးပညာအခြေခံတွင်ပါဝင်သော အယဉ်နှစ်ပါးပြဆိုချက်တွင် ဒကွ်ဏာယဉ်နှင့် ဥတ္တရာယဉ်ဟူ၍ ရှိရာ ပြာသိုလပြည့်ကျော်တစ်ရက်နေ့မှ ဝါဆိုလပြည့်တိုင် ဥတ္တရာယဉ်ဖြစ်၍ ဓာတ်တက်အောင်စေသော ဥတု၊ ပြဋ္ဌာန်းသော ကာလဟု ဆိုသည်။ သူရိယနေမင်းနှင့်တကွ အလုံးစုံသောလောကတို့သည် အကုန်တက်ကြကုန်၏ဟု ဓာတုဝိနိစ္ဆယရူပကဏ္ဍာကျမ်းတွင် ဆိုသည်။

"နွေဥတုကို ဓာတ်ညီတက်ရှောင်း၊ မိုးနှင့်ဆောင်းမှ ဓာတ်ပေါင်းသက်၏"ဟု အဆိုရှိသည်။ ဆေးကုသောဆရာတို့သည် ဥတုသဘောကိုလိုက်၍ကုတတ်မှ လူနာချမ်းသာမည်။ "ရာသီမပိုင် ဆေးမကိုင်နှင့်"ဟု ရှေးဆရာတို့ဆိုသည်။ ပူပြင်းမှုမြင့်တက်လာသော နွေလယ်တွင် ပို၍သတိပြုရမည်ဟုဆိုသည်။ ဆေးကုသည့်ဆရာတို့အတွက် "နွေလယ်၊ မိုးလယ်၊ ဆောင်းလယ်ဝေမှုန်ကဆုန်၊ တော်သလင်း၊ ပြာသိုတွင်းကို ဆေးမကုလို၊ ခက်သည်ဆို၏" ဟု ကျမ်းတွင်ဖော်ပြထားသည်။

အပူဒဏ်ကြောင့် ပထမအဆင့်တွင် ကိုယ်အပူချိန်တက်ခြင်း(ဖျားခြင်း)၊ ဒုတိယအဆင့်တွင် သတိလစ်ခြင်း(စကားမေးမရခြင်း)၊ တတိယအဆင့်တွင် ဦးနှောက်သွေးကြောပေါက်ခြင်း(လေဖြတ်ခြင်း)တို့ အဆင့်ဆင့်ဖြစ်နိုင်သည်။ ပထမအဆင့်တွင် ကယ်တင်နိုင်လျှင် ဒုတိယအဆင့်မရောက်၊ ဒုတိယအဆင့်တွင် ကယ်တင်နိုင်လျှင် တတိယအဆင့်သို့ မရောက်နိုင်ပါ။ ဆေးရုံနှင့်နီးသော မြို့ကြီးများတွင် အပူလျှပ်ခြင်း (Heat Stroke) ကုရန် အရေးပေါ်ဌာနများဖွင့်ထားလျှင် အလျင်အမြန်ပို့ပေးရန်လိုသည်။

ပူပြင်းသောဥတုတွင် အပြင်သို့ မထွက်သော်လည်း ပူစပ်သောအစာများ စားခြင်းကြောင့်လည်း အပူရှိန်တက်တတ်သည်။ အရက်သေစာသောက်စားသူများသည် မရှောင်နိုင်လျှင် နေ့လယ်၊ ညနေစောင်း နေပူရှိန်ပြင်းနေချိန်တွင် မသောက်သင့်ပါ။ ရက်လွန်ချက်ပြုတ်ထားသောဟင်းကို မစားသင့်။ အပူကိုဆန့်ကျင်ပြီး ကန်ထုတ်နိုင်သည့် ရေခဲရေ၊ အလွန်အေးသောရေကို မသောက်သင့်ပါ။

အစားအသောက်များတွင် အပူစာ၊ အအေးစာဟု ရှိသကဲ့သို့ တိုင်းရင်းမြန်မာဆေးများတွင်လည်း အပူဆေး၊ အအေးဆေးများရှိသည်။ အပူစာနှင့် အအေးစာကို မြန်မာလူမျိုးအတော်များများက သိကြပါသည်။ ယခုရာသီတွင် အပူစာများကို ရှောင်ကြဉ်ပြီး ဆေးဝါးသောက်သုံးရာတွင်လည်း အပူဆေးများကို ရှောင်ကြဉ်သင့်ပါသည်။ အပူနှင့်အအေးဆန့်ကျင်သော အပြုအမူများဖြစ်သည့် ရေချိုးခြင်း၊ ခြေဆေးခြင်းတို့ကိုလည်း နေပူထဲမှ ပြန်လာပြီးလျှင် မပြုလုပ်သင့်ပေ။

အပူရှပ်ခြင်းဆိုသည်မှာ ပြင်းထန်သော အပူဒဏ်(နေပူဒဏ်)နှင့် ထိတွေ့ပြီး အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်သွေးကြောများအတွင်းသို့ အပူဓာတ်လွန်ကဲစွာ ရောက်သွားပြီး ဖျားလာခြင်း။ ထို့နောက် ဦးနှောက်သွေးကြောပေါက်ကာ သတိလစ်ခြင်း၊ ဦးနှောက်အတွင်းသွေးယိုစိမ့်မှုကြောင့် လေဖြတ်ပြီး ခန္ဓာကိုယ်တစ်ခြမ်း(သို့မဟုတ်)တစ်စိတ်တစ်ဒေသ မလှုပ်ရှားနိုင်တော့ခြင်း၊ စကားပီသအောင် မပြောနိုင်ခြင်း (သို့မဟုတ်) စကားလုံးဝမပြောနိုင်တော့ခြင်းဖြစ်ရပ်များ ဆက်တိုက်ဆိုသလိုဖြစ်ပွားခြင်းကိုခေါ်သည်။

အပူရှပ်၍ လေဖြတ်ခြင်းသည် အောက်ပါအတိုင်း နှစ်မျိုးရှိနိုင်ပါသည်။

(က) နေပူထဲမှပြန်လာပြီး အအေးထဲသို့ ဝင်ရောက်ခြင်း၊ ရေအေးသောက်ခြင်း၊ ရေချိုးခြင်းများ ပြုလုပ်မိခြင်း၊

(ခ) အအေးခန်းအတွင်းနေထိုင်ရာမှ ရုတ်တရက် ပူပြင်းသောနေရောင်အောက်သို့ထွက်ခြင်း၊ (ဥပမာ- အဲယားကွန်းကားစီးပြီး ဆင်းလိုက်သောအခါ ပူပြင်းသော နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်း)။

အပူအအေးဝိရောဓိဖြစ်ခြင်းဟုခေါ်သော ဆန့်ကျင်ဘက်ဖြစ်ခြင်းကြောင့် ခန္ဓာကိုယ်တွင်း သွေးစီးကြောင်းများတွင် သွေးကြောများ ရုတ်ခြည်းပြောင်းလဲမှုဒဏ်ကို မခံနိုင်တော့ဘဲ သွေးကြောကြီးများ အက်ကွဲခြင်း၊ သွေးကြောင်ယ်လေးများ ပြတ်ထွက်ခြင်းဖြစ်နိုင်ပေသည်။ အသက်ကြီးသောသူများတွင် ပို၍ဖြစ်ရခြင်းမှာ သူတို့၏ သွေးကြောများမှာ ဟောင်နွမ်းပြီးမာဆတ်မှုကြောင့် ပူ၍ကျယ်ခြင်း၊ အေး၍ကျုံ့ခြင်းဒဏ်ကို မခံနိုင်ခြင်းဖြစ်သည်။ ပလတ်စတစ်ပိုက်များ ဟောင်နွမ်းသောအခါ မာ၍ကျွတ်ဆတ်ပြီး ကွဲလွယ်ပေါက်လွယ်သည့် သဘောပင်ဖြစ်သည်။

လူကြီးများတွင်သာမက လူငယ်နှင့်လူလတ်ပိုင်းများတွင်လည်း Heat Stroke ကြောင့် သတိလစ်ခြင်း၊ အဖျားကြီး၍ တက်ခြင်း၊ ဖျားပြီး ဦးနှောက်အမြှေးရောင်ခြင်း၊ အဖျားကြီးလွန်း၍ အူတွင်းသွေးကြောများ ပေါက်ခြင်း၊ ဦးနှောက်သွေးကြောငယ်များ ပေါက်ခြင်းတို့ ဖြစ်နိုင်စေသည်။

လွန်ခဲ့သောရက်ပိုင်းအတွင်းကပင် အသက် ၂၁ နှစ်အရွယ်လူငယ်တစ်ဦးမှာ နေပူပြင်းချိန် အပြင်မှပြန်လာပြီး အိမ်ရောက်သောအခါ ရေသန့်ဘူးကို ရေခဲသေတ္တာအတွင်းမှ ယူသောက်ပြီး ခဏအကြာတွင် နှုတ်ခမ်းများ ပြာနမ်းလာပြီး စကားမေးမရဖြစ်ကာ ဆေးရုံသို့ပို့ဆောင်စဉ် သေဆုံးခဲ့ကြောင်းနှင့် မိသားစုက "သူသောက်ခဲ့တဲ့ ရေကိုစစ်ကြည့်တော့ ရိုးရိုးသောက်ရောဘူးပါ။ အလောင်းကို ဆေးရုံသို့ပို့ပြီး ရင်ခွဲစစ်ဆေးချက်အရ ဦးနှောက်သွေးကြောပြတ်ပြီး သေဆုံးတာလို့ ဆရာဝန်က အတည်ပြုပါတယ်" ဟုဆိုသည်။ ထို့ကြောင့် အသက်ကြီးသူများ သာမက လူငယ်များပါ သတိမထားလျှင် Heat Stroke ကြောင့် ရုတ်တရက် အသက်ဆုံးရှုံးနိုင်သည်ကို သတိပြုဖို့လိုသည်။

အပူရှပ်၍လေဖြတ်ခြင်း Heat Stroke မဖြစ်စေရန် အောက်ပါအချက်များကို ဂရုပြုဆောင်ရွက်ရန် လိုအပ်ပါသည်။

(က) နေပူပြင်းချိန်တွင် အပြင်မထွက်ပါနှင့်၊ မလွဲမရှောင်သာ၍ ထွက်ရလျှင် လုံခြုံသော အဆောင်း၊ အကာ၊ ထီး၊ ဦးထုပ်ပါဖို့လိုသည်။

(ခ) စောင့်ဆိုင်းရသောအလုပ်ဖြစ်လျှင် သစ်ပင်အရိပ်၊ အဆောက်အအုံအရိပ်၊ အမိုးအကာ အောက်မှစောင့်ပါ။

(ဂ) ရေတတ်လျှင် ရိုးရိုးရေသောက်ပါ၊ ရေခဲရေ မသောက်ပါနှင့်။

(ဃ) အဲကွန်းကားစီးသွားပြီး လိုရာရောက်၍ နေပူရှိန်ပြင်းသောနေရာတွင် ဆင်းရမည်ဆိုလျှင် မဆင်းမီက ကြိုတင်၍ ရေသောက်ထားပါ။ အစာအိမ်အတွင်း ရေရှိလျှင် သွေးကြောများက ရေကိုစုပ်ယူထားသဖြင့် တော်ရုံအပူဒဏ်ကို ခံနိုင်သည်။

(င) နေပူထဲမှပြန်လာပြီးလျှင် ရေခဲရေ (လုံးဝ) မသောက်ပါနှင့်၊ ရေမချိုးပါနှင့်၊ မျက်နှာမသစ်ပါနှင့်၊ ခြေထောက်မဆေးပါနှင့်။

(စ) ရေနွေးကြမ်းတွင် ဆားလျော်အနည်းငယ်ခပ်သောက်ခြင်းသည် ရှေးလူကြီးများ၏ အပူဒဏ်ကာကွယ်နည်းဖြစ်ပါသည်။

ကြည်လွင်မြင့် (မုဒ္ဒာ)

ယခုရက်ပိုင်းအတွင်း ပုပ္ပားတောင်ကလပ်သို့ ဘုရားဖူးလာရောက်သူ ပိုများလာ

ကျောက်ပန်းတောင်း မတ် ၄

ယခုအချိန်သည် မူလတန်းအဆင့်မှ နဝမတန်းအထိ စာမေးပွဲများဖြေဆိုပြီး ချိန်ဖြစ်၍ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်း ရှိ ပုပ္ပားတောင်ကလပ်ဘုရားသို့ ယခုရက်ပိုင်းအတွင်း ဘုရားဖူးလာရောက်ကြသူများ တစ်နေ့ထက်တစ်နေ့များပြားလာလျက်ရှိကြောင်း သိရသည်။

ဘုရားဖူးအလာများသဖြင့် ဘုရားအနီးရှိ စျေးဆိုင်ခန်းများနှင့် ခေါင်းရွက်ဗျက်ထိုး ဘုရားပန်းရောင်းချသည့် သူများမှာ စျေးရောင်းကောင်းကာ နေ့စဉ်ဝင်ရရှိပြီး အဆင်ပြေနေကြကြောင်း ပုပ္ပားတောင်ကလပ် ဘုရားအနီးရှိ ဒေသခံအချို့က ပြောသည်။

ပုပ္ပားတောင်ကလပ် ဘုရားအောက်ခြေတွင် စားသောက်ဆိုင်ဖွင့်ထားသည့် ဒေသခံတစ်ဦးက "ကျွန်မတို့ ပုပ္ပားတောင်ကလပ်ဘုရားကို အခုရက်ပိုင်းအတွင်း ဘုရားဖူးလာရောက်တဲ့သူ တစ်ရက်တစ်ရက် ပိုများလာပါတယ်။ ဘုရားဖူးလာရောက်ကြတဲ့ သူတွေကလည်း ညအိပ်ရပ်နားပြီး ညပိုင်းကျမှ ပုပ္ပားတောင်ကလပ်ပေါ်တက်ပြီး အေးအေးဆေးဆေး ဘုရားဖူးတက်ကြပါတယ်။ အခုရက်ပိုင်းအတွင်း ဘုရားဖူးလာတဲ့သူများနေတဲ့အတွက် ကျွန်မတို့ဆိုင်တွေရယ်၊ နောက်ပြီး ပုပ္ပားအမှတ်တရ လက်ဆောင်ပစ္စည်းအရောင်းဆိုင်တွေရယ်၊ ဘုရားပန်းရောင်းချတဲ့စျေးသည်တွေ အားလုံး စျေးရောင်းရလို့ အဆင်ပြေနေပါတယ်"ဟု ပြောသည်။

လက်ရှိအချိန်တွင် ဘုရားဖူးလာသူများနေသကဲ့သို့ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုပြီးချိန်တွင် ဘုရားဖူးလာသူ ယခုထက်ပို၍ များနိုင်ပြီး စျေးရောင်းသူများအနေဖြင့် ပို၍အဆင်ပြေမည်ဟု တောင်ခြေမှ စျေးရောင်းသူများက မျှော်လင့်လျက်ရှိသည်။

ရဲဝင်းနိုင်(ညောင်ဦး)

ဘိန်းစိုက်ပျိုးမှု တားဆီးနှိမ်နင်းရေးဆောင်ရွက်မှုကြောင့် ဟိုပုံးမြို့နယ်အတွင်း ဘိန်းခင်းဖျက် ဒသမ ၅ ဧက ဖျက်ဆီး

ဟိုပုံး မတ် ၄

မြန်မာနိုင်ငံ၌ မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေးအတွက် နှစ်တို/နှစ်ရှည်စီမံကိန်းများချမှတ်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဘိန်းခင်းစိုက်ပျိုးမှုများ ပပျောက်ရေး၊ ပြည်သူလူထုအား အသိပညာပေးရေး၊ တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်အတွင်း ကျေးရွာအုပ်စု ခြောက်အုပ်စုရှိ ကျေးရွာများ၌ ရေသွင်းစိုက်ပျိုးထားသည့် ဘိန်းခင်းများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ဝင်းနှင့် တပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၂၃ ရက်၌ စတင်ဖျက်ဆီးခဲ့ရာ ဘိန်းခင်းဧက ၆၅ ဒသမ ၅ ဧက ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

ယခင်က ကျေးရွာအုပ်စု ခြောက်အုပ်စုအတွင်းရှိ ဘိန်းစိုက်ပျိုးသည့် ကျေးရွာများကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှစတင်၍ ဘိန်းခင်းများဖျက်ဆီးရာ ယခုနှစ်တွင် ဘိန်းခင်းဧက စုစုပေါင်း ၃၈၇၇ ဧက ဖျက်ဆီးခဲ့ကြောင်း သိရသည်။

နန်းဦးခမ်း(ဟိုပုံး)

အယ်နီညိုအကျိုးသက်ရောက်မှုဆိုင်ရာ အသိပညာပေးဆွေးနွေး

ဘီးလင်း မတ် ၄

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ အယ်နီညိုအကျိုးသက်ရောက်မှုများ အကြောင်း အသိပညာပေးဆွေးနွေးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ မတ် ၁ ရက်က ကျင်းပခဲ့သည်။ ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမောင်မောင်က အမှာစကားပြောကြားပြီး အယ်နီညိုအကျိုးသက်ရောက်မှုနှင့် သတိပြုဖွယ်ရာများစသည့် အကြောင်းအရာများကို မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်မိုးလေဝသဦးစီးဌာနနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက ပညာပေးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြိုင်ဆိုင်မှုပြင်းထန်ဦးမယ့် လီဂူး-၁ ပွဲစဉ်(၂၉)

ပြိုင်သစ်မြေက လီဂူး-၁ ပွဲစဉ်(၂၉)ကို ဒီတစ်ပတ် တနင်္ဂနွေဖြစ်တဲ့ မတ် ၆ ရက်မှာ ဆက်လက်ကစားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ တန်းစီဇယား တတိယနေရာက နိုက်စ်၊ ပဉ္စမနေရာ စိန့်အီတင်း၊ ဆဋ္ဌမနေရာမှာ ရပ်တည်နေတဲ့ လိုင်ယွန်တို့ရဲ့ အားထုတ်မှုတွေကို စောင့်ကြည့်အကဲခတ်ရမှာဖြစ်ပါတယ်။ တန်းစီဇယားအပြောင်းအလဲဖြစ်သွားနိုင်တဲ့ ပွဲရလဒ်တွေထဲမှာ ဘယ်အသင်းတွေ အောင်ပွဲနဲ့အတူ ကျော်ဖြတ်သွားမလဲဆိုတာ ရင်ခုန်စွာနဲ့ အားပေးရတော့မှာဖြစ်ပါတယ်။

ပိုးမြင့်လင်းလက်

လိုင်လီနှင့် ရမ်းစ်

တန်းဆင်းဇုန်ထဲမကျဆင်းအောင် အားထုတ်ရမယ့် ရမ်းစ်ဟာ ဒီပွဲကို အဝေးကွင်းမှာကစားရပေမယ့် အမှတ်ရအောင် ကြိုးစားပါလိမ့်မယ်။ လိုင်လီတို့ကတော့ အိမ်ကွင်းမှာ ခြေစွမ်းကောင်းပြသနိုင်တဲ့ အသင်းဖြစ်ပြီး ရမ်းစ်အသင်းကိုအိမ်ကွင်းမှာ ဂိုးပြတ်သွင်း အနိုင်ယူထားဖူးပါတယ်။ လိုင်လီရဲ့ အိမ်ကွင်းမှာ ရလဒ်ကောင်းအောင် ကြိုးစားမှုက အခုပွဲရဲ့ သုံးမှတ်ကို အပြည့်ရယူကာ အောင်ပွဲခံသွားမယ်လို့ ယုံကြည်ပါတယ်။

အန်ဂါးစ်နှင့် စိန့်အီတင်း

စိန့်အီတင်းတို့က အဝေးကွင်းမှာ ရှုံးပွဲများတတ်ပြီး တိုက်စစ်မျှားတွေကလည်း ဂိုးသွင်းစွမ်းရည်ကျဆင်းတတ်ပါတယ်။ ဒုံအပြင် ခံစစ်မျှားတွေကလည်း အမှားအယွင်းတွေရှိနေတတ်တာကြောင့် ဒီပွဲမှာ မျှော်လင့်ချက်များများထားလို့ မရနိုင်ပါဘူး။ အန်ဂါးစ်တို့က အိမ်ကွင်းမှာဆိုရင် နိုင်ပွဲရအောင် ကစားတတ်သလို အမှတ်ရအောင်လည်း ယူနိုင်စွမ်းရှိတာမို့ စိန့်အီတင်းတို့ သာမန်အားထုတ်မှုမျိုးနဲ့ မရနိုင်ပါဘူး။ အန်ဂါးစ်နဲ့ စိန့်အီတင်းတို့ နောက်ဆုံးသုံးပွဲတွေ့ဆုံခဲ့မှုရလဒ်တွေကိုကြည့်ရင် စိန့်အီတင်းက တစ်ပွဲနိုင်ပြီး နှစ်ပွဲသရေဖြစ်ထားပါတယ်။ ဒါပေမယ့် အန်ဂါးစ်အသင်းဟာ စိန့်အီတင်းကို အနိုင်မရခဲ့တာ နှစ်ပေါင်း ၄၀ နီးပါးရှိနေပြီဖြစ်တာမို့ ငယ်နိုင်လိုဖြစ်နေတဲ့ အန်ဂါးစ်ကို စိန့်အီတင်းတို့ အနိမ့်ဆုံး သရေကစားပြီး အနိုင်ရလဒ်အတွက် သိမ်းပိုက်ဖို့ ခြေစွမ်းရှိနေတာ အမှန်ပါပဲ။

ဘော်ဒိုးနှင့် ဂါဇီလက်

တန်းဆင်းဇုန်ထဲက ဂါဇီလက်တို့ရဲ့ ရှုန်းကန်အားက အဝေးကွင်း ဆိုပေမယ့် ဒီပွဲကို သုံးမှတ်အပြည့်ရယူရေး စွမ်းဆောင်ပါလိမ့်မယ်။ ဘော်ဒိုးရဲ့ ခြေစွမ်းကလည်း အကောင်းဆုံးပုံစံပြန်ရဖို့ ဦးတည်နေတာမို့ နှစ်သင်းစလုံး ခြေကုန်ဖွင့် ကစားကြမယ့်အနေအထားပါပဲ။ ဘော်ဒိုးတိုက်စစ်မျှားတွေက အိမ်ကွင်းမှာဆိုရင် ဂိုးသွင်းစွမ်းရည်ကောင်းမွန်တတ်တဲ့အပြင် ခံစစ်ကြောင်းကလည်း အတိမ်းအစောင်းမရှိအောင် ထိန်းချုပ်နိုင်စွမ်းရှိပါတယ်။ ဂါဇီလက်ရဲ့ ခံစစ်မျှားတွေက အဝေးကွင်းမှာကစားတိုင်း စိုးရိမ်စိတ်များတတ်ပြီး အမှားအယွင်းဖြစ်တတ်တာမို့ ဒီပွဲမှာ ဘော်ဒိုးတိုက်စစ်မျှားတွေရဲ့ ဖြတ်ကျော်ဂိုးသွင်းမှုတွေကို ခွင့်ပြုရကိန်းဆိုက်သွားနိုင်ပါတယ်။ အနိုင်ဆိုတာ အိမ်ရှင်တို့အတွက် ဖြစ်သွားပါလိမ့်မယ်။

နိုက်စ်နှင့် ထရိုရက်စ်

ဒီနှစ်သင်းရဲ့ လီဂူး-၁ ပွဲစဉ်တွေမှာ တွေ့ဆုံခဲ့မှုသမိုင်းကိုကြည့်ရင် နိုက်စ်တို့က ၁၂ ပွဲနိုင်ပြီး ထရိုရက်စ်တို့က လေးပွဲနိုင်ကာ ကိုးပွဲသရေဖြစ်ထားပါတယ်။ နိုက်စ်နဲ့ ထရိုရက်စ်တို့ နောက်ဆုံးသုံးပွဲတွေ့ဆုံမှုကိုကြည့်ရင်လည်း နိုက်စ်က တစ်ပွဲနိုင်ပြီး သရေနှစ်ပွဲဖြစ်ထားတာမို့ ဒီပွဲမှာ အိမ်ရှင်တို့ ပြတ်သားတဲ့ ရလဒ်ကို ဖော်ထုတ်နိုင်မလားကြည့်ရမှာဖြစ်ပါတယ်။ ချန်ပီယံလီဂ် ဝင်ခွင့် တစ်နေရာအတွက် တိုက်ပွဲဝင်နေတဲ့ နိုက်စ်တို့က ဒီပွဲကိုမဖြစ်မနေ အနိုင်ကစားပြီး အမှတ်ပြည့်ရရှိရေး ခြေကုန်ထုတ်ကစားပါလိမ့်မယ်။ ထရိုရက်စ်ရဲ့ ရပိုင်ခွင့်က အမြင့်ဆုံးတစ်မှတ်ထက်မပိုနိုင်ပါဘူး။

ဘက်စ်တီယာနှင့် လိုရီယန်

တန်းစီဇယားအထက်အောက် ရပ်တည်နေကြတဲ့ အသင်းတွေဖြစ်ပြီး လက်ရှိခြေစွမ်းပိုင်းကလည်း ကွာဟမှုမရှိပါဘူး။ ဘက်စ်တီယာတို့က အိမ်ကွင်းမှာဆိုရင် နိုင်ပွဲတွေရရှိအောင် အားထုတ်နိုင်ပြီး သရေပွဲမရှိအောင် ကြိုးစားထားနိုင်ပါတယ်။ ဘက်စ်တီယာရဲ့ အားသာချက်က ခံစစ်ပိုင်းဖြစ်ပြီး အတိမ်းအစောင်း အမှားအယွင်းမရှိအောင် ကစားနိုင်တဲ့သူတွေဖြစ်ပါတယ်။ ဒုံအပြင် ပြိုင်ဘက်တိုက်စစ်မျှားတွေကို ကောင်းကောင်းထိန်းချုပ်နိုင်စွမ်းရှိတာမို့ အခုပွဲမှာလည်း ဘက်စ်တီယာတို့ရဲ့ တိုက်စစ်၊ ခံစစ်စွမ်းရည်တွေကို အကောင်းဆုံး ထုတ်ပြနိုင်ပါလိမ့်မယ်။ လိုရီယန်တို့က အဝေးကွင်းဆိုရင် ရလဒ်မကောင်းတတ်သလို စွမ်းဆောင်ရည်လည်း ကျဆင်းတတ်တာမို့ ဒီပွဲဟာ အိမ်ရှင်ရဲ့နိုင်ပွဲလို့ သတ်မှတ်ပြီး အားပေးရမှာဖြစ်ပါတယ်။ ။

မန်စီးတီးနဲ့အပြိုင် အမှတ်တူဦးဆောင်လာတဲ့ မန်ယူ

ယခုသတင်းပတ် ပရီမီယာလီဂ်ထိပ်သီးတွေဖြစ်တဲ့ အာဆင်နယ်၊ မန်စီးတီးနဲ့ စပါးတို့ ရှုံးပွဲကြုံတွေ့နေချိန်မှာ ဗန်ဟားလ်ရဲ့ မန်ယူကတော့ မာတာရဲ့ တစ်လုံးတည်းသော အနိုင်ဂိုးနဲ့ ရမှတ်သုံးမှတ်ကို သိမ်းပိုက်နိုင်ခဲ့ပြီး မန်စီးတီးနဲ့အတူ အမှတ်တူဦးဆောင်လာတာတွေ့ရပါတယ်။ မန်ယူနဲ့ မန်စီးတီးတို့ဟာ ချန်ပီယံလီဂ်နေရာအတွက် အားပြိုင်လာပြီး ရမှတ် ၄၇ မှတ်စီနဲ့ အပြိုင်ဦးဆောင်လာတာတွေ့ရပါတယ်။ မန်ယူက နိုဝင်ဘာလအတွင်းကလည်း ဝက်ဖို့ဒ်ကိုအနိုင်ယူခဲ့တာပါ။ ဒီအတွက်ကြောင့်လည်း ပွဲမစမီကပင် ဝက်ဖို့ဒ်ကို အနိုင်ယူဖို့ ကြိုးစားခဲ့တာပါ။ သို့ပေမယ့် ပြိုင်ပွဲမှာ အကြိတ်အနယ်ကစားပြီးမှ ပွဲချိန် ၈၃ မိနစ်မှာ အသင်းခေါင်းဆောင် မာတာက သွင်းယူခဲ့တဲ့အတွက် ဗန်ဟားလ်ရဲ့ မျှော်လင့်ချက်အတိုင်း ဖြစ်လာခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် အခြားအသင်းကြီးတွေ ရှုံးနိမ့်ချိန်မှာ မန်ယူတို့အနိုင်ပွဲရလိုက်တဲ့အတွက် အတော်လေးကံကောင်းတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

ကိုပါအီတာလီယာပိုလ်လုပွဲတက်သွားတဲ့ ဂျူဗင်တပ်စ်

လက်ရှိချန်ပီယံ ဂျူဗင်တပ်စ်အသင်းဟာ အင်တာမီလန်အသင်းကို ပယ်နယ်တီ ငါးဂိုး-သုံးဂိုးနဲ့နိုင်ပြီး ကိုပါအီတာလီယာပိုလ်လုပွဲတက်ရောက်သွားနိုင်ခဲ့ပါတယ်။ ဂျူဗင်တပ်စ်နဲ့ အင်တာမီလန်အသင်းတို့ဟာ ပထမအကျော့မှာ ဂျူဗင်တပ်စ်က သုံးဂိုးပြတ်နဲ့နိုင်ပြီး ဒုတိယအကျော့မှာ အင်တာမီလန်က သုံးဂိုးပြတ်နဲ့ အနိုင်ရလိုက်လို့ ပယ်နယ်တီကစားရာမှာ ဂျူဗင်တပ်စ်ကနိုင်ပြီး ဗိုလ်လုပွဲတက်ခဲ့တာပါ။ ဒီအတွက်ကြောင့် ဂျူဗင်တပ်စ်အသင်းဟာ မေလမှာ ကစားမယ့် ဗိုလ်လုပွဲမှာ အေစီမီလန်အသင်းနဲ့ကစားရမှာ ဖြစ်ပါတယ်။ အေစီမီလန်အသင်းကတော့ ကိုပါအီတာလီယာ အကြိုဗိုလ်လုပွဲမှာ တတိယတန်းအသင်းဖြစ်တဲ့ အလက်ဇန်းဒီးယားအသင်းကို နှစ်ကျော့ပေါင်းခြောက်ဂိုးပြတ်နဲ့ အနိုင်ရပြီး ဗိုလ်လုပွဲရောက်ခဲ့ပါတယ်။ ဂျူဗင်တပ်စ်နဲ့ အေစီမီလန်အသင်းတို့ရဲ့ ကိုပါအီတာလီယာဖလား ဗိုလ်လုပွဲဟာ တကယ့်အကောင်းဆုံးပြိုင်ပွဲတစ်ပွဲပါပဲ။

မြောက်လန်ဒန်ဒါဘီပွဲနဲ့ လွဲချော်နိုင်တဲ့ ပီတာချက်

အာဆင်နယ်အသင်းအနေနဲ့ စပါးနဲ့ကစားရမယ့် အဓိကပြိုင်ပွဲတစ်ပွဲဖြစ်တဲ့ မြောက်လန်ဒန်ဒါဘီပွဲမှာ ဝါရင့်ဂိုးသမား ပီတာချက်ဟာ ဆွမ်ဆီးကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်သွားတဲ့ပွဲမှာ ခြေသလုံးကြွက်သားအနာတရဖြစ်သွားတဲ့အတွက် စပါးနဲ့ ကစားမယ့်ပွဲမှာ ပါဝင်နိုင်မှာ မဟုတ်ဘူးလို့ နည်းပြဝင်းဂါးက ဆိုပါတယ်။ ဒီပွဲဟာ အာဆင်နယ်အတွက် အရေးကြီးတဲ့ပွဲတစ်ပွဲဖြစ်ပါတယ်။ အာဆင်နယ်ရဲ့ ဖလားလုပြိုင်ပွဲတွေထဲက တစ်ပွဲဖြစ်ပါတယ်။

သို့ပေမယ့် ဆွမ်ဆီးကို မထင်မှတ်ဘဲရှုံးနိမ့်သွားတဲ့အတွက် အာဆင်နယ်အတွက် အဓိကရမှတ် သုံးမှတ်ဆုံးရှုံးသွားခဲ့တာပါ။ မတ် ၅ ရက်မှာ စပါး အိမ်ကွင်းမှာ ကစားမယ့် ဒီပွဲဟာ နည်းပြဝင်းဂါးအတွက်တော့ အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်လာပါတယ်။ ပီတာချက်ဟာ အဓိက အားထားရတဲ့ ဂိုးသမားဖြစ်ပါတယ်။ အာဆင်နယ် ဒုတိယဂိုးသမားဖြစ်တဲ့ ဒေးဗစ်အိုရှိန်းကို ခေါ်ယူထားရပါတယ်။ ပီတာချက်ဟာ ချယ်လ်ဆီးအသင်းမှ ပြောင်းလာပြီးနောက် အာဆင်နယ်အသင်းရဲ့ အဓိကဂိုးသမားနေရာမှာ ကစားနေသူဖြစ်ပါတယ်။

ကောင်းမြတ်သူ – စုစည်းသည်။

ခြင်းတောင်းရက်လုပ်သူများ လုပ်ငန်းကောင်းသော်လည်း ကုန်ကြမ်းရှားပါးနေ

ရေး မတ် ၄

မွန်ပြည်နယ် ရေးမြို့နယ် ကျုံ လောင်းရွာဟောင်းအုပ်စု ကျောက်မိ ချောင်းမြောက်ပိုင်းကျေးရွာ၌ မိရိုး ဖလာလုပ်ငန်းဖြစ်သော ဝါးကုန်ကြမ်း မှတစ်ဆင့် ဆိုင်ကယ်တင်တွဲဆိုင်း ခြင်းတောင်းများကို ရက်လုပ်သူများ မှာ ရောင်းအားကောင်းသော်လည်း ဝါးကုန်ကြမ်းရှားပါးသဖြင့် လိုအပ် သလောက် ပြုလုပ်ရန်အခက်အခဲရှိ နေကြောင်း သိရသည်။

ခြင်းတောင်း တစ်ခုရက်လုပ်ရာ တွင် ကုန်ကြမ်းအဖြစ် ခြင်းတစ်ခြင်း စာအတွက် ဝါးနက်ဝါးအမျိုးအစား နှစ်လုံး၊ ကြိမ်ပါကင်ကြိုး၊ တာယာကြိုး အနည်းငယ်စီကို သုံးရကြောင်း၊ ခြင်း တောင်းတစ်ခုအတွက် လုပ်အားခ အပါအဝင်ကုန်ကျစရိတ် ၈၅၀၀ ကျပ် ရှိကြောင်း၊ ခြင်းတောင်းရက်လုပ်ခြင်း ဖြင့် မိသားစုအတွက် အပိုဝင်ငွေရရှိ ကြောင်း တစ်ပိုင်တစ်နိုင် ခြင်းတောင်း ရက်လုပ်သူ ဦးထွန်းထွန်းဦးက ပြော သည်။

"ကျွမ်းကျင်ရက်လုပ်နိုင်သူ တစ်ဦး က တစ်နေ့လုံးမှ ခြင်းတောင်းတစ်ခြင်း လောက်သာ ရက်လုပ်နိုင်ပါတယ်။ ဝါးကုန်ကြမ်းက အမြဲတမ်းဝယ်ယူ ရတာ အခက်အခဲရှိနေပါတယ်။ မိုးဦးကျအခါနှစ်အခါ နီးလာတိုင်းမှာ တစ်ဆင့်ပြန်လည်ရောင်းချသူတွေက ကြိုတင်မှာယူကြရာမှာ ဝါးကုန်ကြမ်း ရှားပါးလာလို့ ခြင်းတောင်းတွေ လိုအပ်သလောက်မရတာနဲ့ ကြိုရပါ တယ်"ဟု ၄င်းက ဆက်ပြောသည်။

အဆိုပါကျေးရွာတွင် ဆိုင်ကယ် တင်တွဲဆိုင်းခြင်းတောင်း ရက်လုပ်သူ များမှာ လွန်ခဲ့သော ၁၅ နှစ်ခန့်က ပင် စတင်လုပ်ကိုင်ခဲ့ကြခြင်းဖြစ်ပြီး ယနေ့အချိန်အထိ တစ်ပိုင်တစ်နိုင် ရက်သူ ၁၅ ဦးခန့်ရှိသည်။ ခြင်း တောင်းများကို ဒေသထွက်ကုန် ရာသီ ပေါ်သီးနှံများနှင့် တစ်ပိုင်တစ်နိုင် ပစ္စည်းများ ဆိုင်ကယ်ပေါ်တင်၍ သယ်ဆောင်ရာတွင် အသုံးပြုကြပြီး ဝယ်ယူသုံးစွဲသူများသဖြင့် ရေး မြို့နယ် စျေးကွက်အတွင်း ခြင်း တောင်းတစ်လုံးလျှင် ကျပ် ၁၂၀၀၀ မှ ၁၅၀၀၀ ကျပ်အထိ စျေးရရှိကြကာ သံဖြူဇရပ်၊ မုဒုံနှင့် တနင်္သာရီတိုင်း ဒေသကြီး ထားဝယ်မြို့ ဒေသများ အထိပါ တင်ပို့ရောင်းချနေရကြောင်း သိရသည်။ **နေမျိုးထွန်(ရေး)**

ရွှေအင်းတောင်စေတီတော်ကြီး စိန်ဖူးတော်နှင့် ၄က်မြတ်နားတော် တင်လှူပူဇော်

တောင်တွင်းကြီး မတ် ၄

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ရှိ ရှေဟောင်းသမိုင်းဝင်ဇေယျ မင်္ဂလာ ရွှေအင်းတောင်စေတီတော်မြတ်ကြီး၏ ရတနာစိန်ဖူးတော်၊ ၄က်မြတ် နားတော် တင်လှူပူဇော်ပွဲကို မတ် ၂ ရက်က ကျင်းပခဲ့သည်။

စိန်ဖူးတော်တင်လှူပွဲတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်နှင့် တာဝန်ရှိသူများ၊ အလှူရှင်ပြည်သူများက ဆရာတော်ကြီးများထံမှ သီလခံယူဆောက်တည်ကြကာ ရတနာစိန်ဖူးတော်၊ ၄က်မြတ်နားတော်၊ စိန်ပန်းခိုင်၊ ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ ဟသ်မင်းနှင့် ဆတ် သွားဖူးတော်တို့ကို ပင့်ဆောင်၍ ရတနာစိန်ဖူးတော်နှင့် ၄က်မြတ်နားတော် များကို တင်လှူပူဇော်ခဲ့ကြသည်။ **(ဝစ၅)**

မြေပဲအထွက်နှုန်းကောင်း၍ တောင်သူများအဆင်ပြေ

ကျွန်းလှ ဖေဖော်ဝါရီ ၄

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်အတွင်း ယခုနှစ်တွင် မိုးနှောင်း ကောင်းခြင်း၊ နှင်းအားကောင်းခြင်းတို့ကြောင့် စိုက်ပျိုးထားသော ဆောင်းမြေပဲ များ အထွက်နှုန်းကောင်းပြီး တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရ သည်။

"ကျွန်တော်တို့ဒေသမှာ မိုးမြေပဲ ဆောင်းမြေပဲတို့ကို မြေရှိရင်ရှိသလို စိုက် ပျိုးကြပါတယ်။ တစ်ဧကမျိုးတစ်တင်းခွဲ စိုက်ပျိုးရပြီး ထွန်ရှည်း၊ ပေါင်းသင်ခ၊ နုတ်ခ၊ မြေသြဇာဖိုး၊ ဆေးဖိုးအပါအဝင် ကျပ် ၁၃၀၀၀၀ ကျော် ကုန်ကျပါတယ်။ မြေပဲကိုဆီကြိတ်ပြီး ဆီတစ်ပုံးကို ကျပ် ၄၅၀၀၀ ရောင်းရလို့ တစ်ဧက ကျပ် ၁၄၀၀၀၀ လောက်ရတဲ့အပြင် မြေပဲရိုးကိုလည်း နွားစာအဖြစ်အသုံးပြုနိုင်လို့ စိုက်ပျိုးသင့်ပါတယ်"ဟု တောင်သူတစ်ဦးက ပြောသည်။

ကျွန်းလှမြို့နယ်အတွင်းရှိ လယ်ယာမြေများမှာ မိုးကောင်းသောက်ဖြစ်ပြီး တောင်သူများမှာ စပါးနှင့် ယာသီးနှံများဖြစ်သည့် နှမ်း၊ ပြောင်း၊ ပဲမျိုးစုံ၊ ပဲစင်း ငုံနှင့် မြေပဲများကို ရာသီအလိုက်စိုက်ပျိုးကြကြောင်း၊ ဆောင်းမြေပဲကို တန် ဆောင်မုန်းလဆန်းပိုင်းတွင် စိုက်ကြပြီး တပို့တွဲလတွင် နုတ်ယူဆွတ်ခူးကြ ကြောင်း သိရသည်။ **မျိုးဝင်းညီ(ကျွန်းလှ)**

အသက် ၁၇ နှစ်အောက် ရေကူးပြိုင်ပွဲ သုံးမြို့နယ်၌ကျင်းပ

မြောင်းမြ မတ် ၄

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ မြဧရာ ရေကူးကန်၌ မြောင်းမြခရိုင် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား သုံးမြို့နယ် အသက် ၁၇ နှစ်အောက် ရေကူးပြိုင်ပွဲနှင့် ဆုပေးပွဲ ကို မတ် ၂ ရက်က ကျင်းပခဲ့သည်။

အမျိုးသား မီတာ(၅၀) လက်ပစ်ကူးပြိုင်ပွဲ ယှဉ်ပြိုင်နေစဉ်။

ပြိုင်ပွဲတွင် မီတာ(၅၀) အမျိုးသား အမျိုးသမီး လက်ပစ်ကူးပြိုင်ပွဲ ၊ မီတာ(၅၀)အမျိုးသား လိပ်ပြာ ကူးပြိုင်ပွဲ ၊ မီတာ(၅၀) အမျိုးသား ရင်ပေါင်တန်း ကူးပြိုင်ပွဲ၊ မီတာ(၅၀) အမျိုးသား အမျိုးသမီး လက်ပစ်ကူးပြိုင်ပွဲ၊ မီတာ(၁၅၀) အမျိုးသား တစ်ဦး ချင်း သုံးမျိုးစုံကူးပြိုင်ပွဲနှင့် မီတာ ၂၀၀ အမျိုးသား အမျိုးသမီး လက်ဆင့်ကမ်းကူးပြိုင်ပွဲတို့ကို ထည့် သွင်းကျင်းပခဲ့ကာ ဆုရရှိသူများအား မြောင်းမြ ခရိုင် အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမောင်မောင်ညီ ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်နှင့် ခရိုင် အား/ကာ လက်ထောက်ညွှန် ကြားရေးမှူး ဦးခင်စိုးတို့က ဆုများပေးအပ်ချီးမြှင့် ခဲ့ကြသည်။

မြန်မာ့အားကစား တိုးတက်အောင်မြင်ရေးနှင့် ရေကူးအားကစားနည်း နိုင်ငံတကာနှင့် ရင်ပေါင် တန်းကာ လေ့ကျင့်အောင်မြင်ရေး ၊ မျိုးဆက်သစ် ရေကူးအားကစားသမားများ ပေါ်ထွက်ရေး ရည် ရွယ်ချက်များဖြင့် ကျင်းပသော အဆိုပါ ရေကူး ပြိုင်ပွဲသို့ ခရိုင်အတွင်းရှိ မြောင်းမြ၊ အိမ်မဲနှင့် ဝါးခယ်မမြို့နယ်များမှ ရေကူးအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အောင်မင်း(ပြန်/ဆက်)

ကလေးဗဟိုပြုချဉ်းကပ်သင်ယူမှုဆိုင်ရာ နည်းပြသင်တန်းဖွင့်

ဘားအံ မတ် ၄

အခြေခံပညာမူလတန်းကျောင်းများရှိ ကျောင်းသား ကျောင်းသူများအား ထိတွေ့သင်ကြားရသော ဆရာ ဆရာမများအနေဖြင့် ကလေးများအား သင် ကြားရာတွင် ပိုမိုအထောက်အကူပြုနိုင်ရန်အတွက် ကလေးဗဟိုပြု ချဉ်းကပ် သင်ယူမှုဆိုင်ရာ(CCA) ပြည်နယ်နည်းပြ(ဒုတိယအဆင့်) သင်တန်းကို ကရင် ပြည်နယ် ဘားအံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ မေ ၂ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

သင်တန်းကို မေ ၂ ရက်မှ ၅ ရက်အထိ လေးရက်ကြာ ပို့ချပြီး သင်တန်း တွင် ဘားအံပညာရေးကောလိပ်မှ နည်းပြဆရာမများက သင်ကြားပို့ချကာ ပြည်နယ်အတွင်းရှိ မြဝတီနှင့် ကြာအင်းဆိပ်ကြီးမြို့နယ်များမှ ဆရာ ဆရာမ ၅၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **နေမျိုးလွင်**

မိုးအုံ့သော်လည်း ဆေးကြိုတင်ဖျန်းထား၍ သရက်ခြဲများ ပျက်စီးမှုနည်းပါး

တံတားဦး မတ် ၄

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် အတွင်း ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၇ ရက်အထိ သရက်ဖျက်မိုးဟုခေါ်သည့် ရက်ရှည်မိုးအုံ့ခဲ့သော်လည်း သရက်ခြဲများတွင် အပွင့်အရွက်ဖျန်းဆေး များကို ကြိုတင်ပက်ဖျန်းထားခြင်းကြောင့် ပျက်စီးမှုနည်းပြီး သီးကင်းတင်နှုန်း ကောင်းမွန်ကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

မိုးအုံ့သော်လည်း အပွင့်အရွက်ဖျန်းဆေးများ ကြိုတင်ပက်ဖျန်းထားခဲ့သဖြင့် သီးကင်းတင်နှုန်း ကောင်းကြောင်း၊ အချို့အခိုင်များတွင် လေးလုံးမှ ငါးလုံးအထိ တင်ပြီး၊ အချို့တွင် ခြောက်လုံးမှ ခုနစ်လုံးခန့်နှင့် အပွင့်မကြွေသေးသော ပွင့်ခိုင်များတွင် ၁၅ လုံးခန့်အထိ သီးကင်းတင်ကြောင်း တံတားဦး မြို့နယ် အိမ်ကံကျေးရွာမှ တောင်သူကြီးဦးလှမျိုးက ပြောသည်။

"ကျွန်တော့်ခြံထဲမှာ သရက်ပင်မျိုးစုံ အပင် ၅၀ နီးပါး စိုက်ပျိုးထားပါတယ်။ မိုးမအုံ့ခင် ဆေး တစ်ကြိမ်ဖျန်းထားပါတယ်။ ဒါကြောင့် ရက်ရှည် မိုးအုံ့တဲ့ဒဏ်ကို ခံနိုင်တာပါ။ ဒီရက်ပိုင်းအတွင်း ကျွန်တဲ့ပွင့်ခိုင်တွေ သီးကင်းအောင်ဖို့ နောက် တစ်ကြိမ် အပွင့်အရွက်ဖျန်းအားဆေး ထပ်ဖျန်း ပေးမှာပါ။ ကျွန်တော့်ခြံက ခုနစ်နှစ်သားနဲ့ ၁၂ သား ကြား အပင်ပျိုတွေဖြစ်လို့ ရာသီဥတုပြောင်းလဲ မှုဒဏ်ကို ခံနိုင်ရည်ရှိပါတယ်။ တစ်ပင်နဲ့တစ်ပင် ထိဆက်နေတဲ့ အပင်တွေမကြီးသေးတော့ လေဝင် လေထွက်လည်း ကောင်းပါတယ်။ အခုအချိန်ထိ တော့ သရက်ပွဲစားတွေဆီ မရောင်းရသေးပါဘူး။ ပွဲစားတွေကလည်း စဉ့်ကိုင်၊ ကျောက်ဆည်၊ ပုသိမ် ကြီးဘက်က ခြံကြီးတွေကို သူတို့စိတ်ကြိုက် ရှာ ဝယ်ပြီးမှ ကျွန်တော်တို့ခြံငယ်လေးတွေကို ခြေ စောင့် လက်စောင့်သဘောမျိုး ထပ်ဝယ်တာပါ"ဟု ၄င်းက ဆက်၍ ရှင်းပြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း တံတားဦး မြို့နယ်သည် စဉ့်ကိုင်နှင့် ကျောက်ဆည်မြို့နယ် များကဲ့သို့ သရက်ပင် ထောင်ချီရှိသည့် သရက်ခြံ ကြီးများမရှိသော်လည်း တစ်ပိုင်တစ်နိုင်စိုက်ပျိုး ထားကြသော သရက်ခြံငယ်များရှိကြောင်း၊ အဆို ပါ သရက်ခြံငယ်များတွင် တစ်ခြံလျှင် အပင် ၂၀၊ ၃၀ မှ ၁၀၀ ခန့်အထိရှိပြီး အမျိုးအစားအနေဖြင့် လက်လှမ်းမီရာ သရက်မျိုးများကို စိုက်ပျိုးကြ ကြောင်း သိရသည်။ **အောင်မင်း(စဉ့်ကိုင်)**

အယ်နီညိုရာသီဥတုနှင့်ပတ်သက်ပြီး ကြိုတင်ကာကွယ်နိုင်ရေး ဆွေးနွေး

ချောင်းဆုံ မတ် ၄

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် အယ်နီညိုရာသီဥတုကြောင့် ပူပြင်း ခြောက်သွေ့သည့်အချိန်၌ ရေရှားပါးမှုများ ဖြစ်ပေါ်လာနိုင်ပြီး မီးလောင်မှု၊ ကျန်းမာရေးနှင့် ပတ်သက်သည့် ဆိုးရွားသည့်အန္တရာယ်များ စသည်တို့ မကြုံ တွေ့စေရေးအတွက် ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲ ကို ကျွန်းသာယာခန်းမ၌ မတ် ၂ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြပြီး ကျေးရွာများ၌ သောက်သုံးရေရှားပါးမှု များ ဖြစ်ပေါ်လာပါက ဖြေရှင်းရမည့်နည်းလမ်းများ၊ မီးဘေးအန္တရာယ်လုံခြုံရေး ကြိုတင်ကာကွယ်ရေးဆိုင်ရာအကြောင်းများ၊ ကျန်းမာရေးဆိုင်ရာ ပြဿနာများ ဖြစ်ပေါ်လာပါက ကြိုတင်ပြင်ဆင်ရမည့်အချက်များကို သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ထူးအိမ်(ပြန်/ဆက်)**

သတင်းတို

ရန်ကုန်ဈေးကွက်သို့ကြက်သွန်ဖြူအသစ်များဝင်ရောက်

ရန်ကုန်မြို့ ကုန်စည်ဈေးကွက်သို့ ရှမ်းအောင်ပန်းကြက်သွန်ဖြူအသစ်များ ဖေဖော်ဝါရီ ၂၉ ရက်က စတင်ဝင်ရောက်ခဲ့ပြီးနောက် ကြက်သွန်ဖြူဈေးနှုန်းများ အနည်းငယ်လျော့ကျလာကြောင်း သိရသည်။ ကြက်သွန်ဖြူအသစ်များသည် အရွယ်အစားပေါ်မူတည်၍ တစ်ပိသာလျှင် ကျပ် ၃၀၀၀ မှ ၃၃၀၀ အတွင်း ဈေးနှုန်းရှိကြောင်းနှင့် ရှမ်းအောင်ပန်း ကြက်သွန်ဖြူအဟောင်းများမှာမူ တစ်ပိသာလျှင် ကျပ် ၄၀၀၀ မှ ၄၃၀၀ ကျပ်အတွင်းရှိနေကြောင်း ကြက်သွန် ဖြူ ရောင်းချနေသူများထံမှ သိရသည်။ **ခင်ဆိုင်**

အယ်နီညိုရာသီဥတုအတွက် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အဆင့်မြှင့်တင်ဆောင်ရွက်

သတင်း - တင်ဝင်းလေး(ကြည့်မြင်တိုင်)
ဓာတ်ပုံ - ကိုကြီးတင်

၂၀၁၆ ခုနှစ်၏နှစ်ဦး နှစ်လအတွင်း မီးလောင်မှုသတင်းများကို မြန်မာနိုင်ငံ အနှံ့အပြားဆီမှ နေ့စဉ်ရက်ဆက်ဆိုသကဲ့သို့ ကြားသိတွေ့မြင်နေရသည်။

၂၀၁၆ ခုနှစ်အဝင် အင်္ဂလိပ်နှစ်ကူးခိုန် Happy New Year ဟု နှစ်သစ်ကို ကြိုဆိုသောလက်ခုပ်သံများ မစဲမီ မီးသတ်ယာဉ်များ၏ အချက်ပေးဥဩသံများက ရန်ကုန်မြို့တွင်းလမ်းများပေါ်မှ တစ်ပြိုင်တည်းထွက်ပေါ်လာခဲ့သည်။ ဗဟန်းမြို့နယ်အတွင်း ရွှေဂုံတိုင်ခုံးကျော်တံတားအနီးရှိ စားသောက်ဆိုင်တစ်ဆိုင်မှ နှစ်ဦးနှစ်ဆန်းချိန် ပထမဦးဆုံးမီး ဖြစ်ခဲ့သည်။ ထို့အတူ တရုတ်နှစ်သစ်ကူးနေ့ကို ကြိုဆိုသော ဖေဖော်ဝါရီ ၈ ရက် နံနက် ၂ နာရီတွင်လည်း တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မောင်းမကန်လမ်းဘေးရှိ စားသောက်ဆိုင်များ မီးလောင်မှုဖြစ်ခဲ့သည်။ နှစ်သစ်ကူးနှစ်ခုစ၏ မီးလောင်မှုသတင်းများ ဖြစ်သည်။

ဇန်နဝါရီ ၉ ရက်က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မင်္ဂလာဈေးကြီး မီးလောင်မှုမှာ ဆုံးရှုံးမှုပမာဏကြီးမားသကဲ့သို့ ဖေဖော်ဝါရီ ၄ ရက် တစ်ရက်တည်းမှာပင် ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့နှင့် ဧရာဝတီတိုင်းဒေသကြီး

လပွတ္တာမြို့နယ်မှ မီးလောင်ဆုံးရှုံးမှုတို့မှာလည်း မြင့်မားခဲ့သည်။ တစ်ဖန် ဖေဖော်ဝါရီ ၁၃ ရက်က တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ်အတွင်း ကျွန်းလေးပေါ်ရှိ ကျောက္ကာကျေးရွာ မီးလောင်မှုမှာလည်း ရွာလုံးကျွတ်နီးပါး ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ခဲ့ကြရသည်။

တစ်နိုင်ငံလုံးအတိုင်းအတာအရ ယခုနှစ်အစ ဇန်နဝါရီလအတွင်း မီးလောင်မှု ၁၇၈ ကြိမ်ဖြစ်ခဲ့ပြီး ကျပ်သန်းပေါင်း ၃၆၂၀ ကျော် ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီလတွင် တစ်ရက်မှ ၂၁ ရက်အထိ သုံးပတ်အတွင်း မီးလောင်မှု ၁၆၁ ကြိမ် ဖြစ်ခဲ့ပြီး ကျပ် ၁၄၉၅ သန်းကျော် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

လူနေမှုများပြားသော စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးအတွင်း မီးလောင်ကျွမ်းမှုမှာ ဇန်နဝါရီလအတွင်း မင်္ဂလာဈေးကြီး မီးလောင်မှုအပါအဝင် ၂၂ ကြိမ် ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုမှာ ကျပ်သန်းပေါင်း ၃၆၀၀၀ ကျော် ရှိခဲ့သည်။ ဖေဖော်ဝါရီလအတွင်း ၁ ရက်မှ ၂၄ ရက်အထိ မီးလောင်မှုအကြိမ် ၂၀ ဖြစ်ခဲ့ပြီး အကြိမ်ရေများသော်လည်း ဆုံးရှုံးမှုပမာဏမှာ ကျပ်ခြောက်သန်းကျော်သာ ရှိခဲ့ကြောင်း သိရသည်။

ယခုနှစ်သည် မြန်မာနိုင်ငံအနေဖြင့် အယ်နီညိုရာသီဥတုကြောင့် အပြင်းထန်ဆုံးသော အပူဒဏ်ကို ခံစားကြရမည်ဟု မိုးလေဝသပညာရှင်များက သတိပေး ပြောကြားထားပြီးဖြစ်သည်။ အပူဒဏ်ကို ပြင်းပြင်းထန်ထန် ခံစားရနိုင်သကဲ့သို့ အပူချိန်မြင့်မားမှုကြောင့် နိုင်ငံအတွင်းရှိသစ်တောများနှင့် လူနေအိမ်များ မီးလောင်မှု၊ မိုးခေါင်ခြင်းနှင့် ရေကြီးခြင်းများ ကြုံတွေ့နိုင်သည်ဟု ဆိုသည်။ ထို့အပြင် သောက်သုံးရေပြတ်လပ်မှုများလည်း ရှိလာနိုင်ပြီး ၄င်းတို့၏ အကျိုးဆက်အဖြစ် စိုက်ပျိုးရေးနှင့် ကျန်းမာရေးဆိုင်ရာ ကဏ္ဍများတွင်ပါ အခက်အခဲများကို ကြုံတွေ့ရဖွယ်ရှိနေသည်ဟု ခန့်မှန်းကြသည်။

လက်ရှိဖြစ်ပေါ်နေသော ကြောက်လန့်ဖွယ်မီးလောင်မှုသတင်းများအပြင် ဖြစ်ပေါ်လာနိုင်ချေရှိသည့် အယ်နီညိုရာသီဥတုကြောင့် မီးလောင်မှုများ ထပ်မံဖြစ်ပေါ်လာမည်ကို ပြည်သူများအနေဖြင့် စိုးရိမ်ပူပန်မှုများ ရှိနေသည်။

ထို့အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် အရေးကြီးအဆိုများကို ဖေဖော်ဝါရီ ၂၂ ရက်က ပြုလုပ်ခဲ့သည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းခဲ့ကြသည်။

မြန်မာ့အလင်းသတင်းအဖွဲ့သည် မကြာမီ တွေ့ကြုံဖွယ်ရှိသည့် အယ်နီညိုရာသီဥတုနှင့် ပတ်သက်၍ မီးဘေးအန္တရာယ်အတွက် ကြိုတင်ကာကွယ်မှုဆိုင်ရာ သတင်းအချက်အလက်များကို ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသော်ဒါနှင့်တွေ့ဆုံ၍ မေးမြန်းခဲ့သည်။

ဒုတိယညွှန်ကြားရေးမှူး ဦးသော်ဒါက "မိုးလေဝသပညာရှင် ဦးထွန်းလွင်နဲ့ အခြားပညာရှင်တွေက ဒီမတ်လနဲ့ ဧပြီလတွေမှာ အယ်နီညိုရဲ့ဒဏ်ကို ပြည်သူတွေ အဆိုးဆုံးခံစားရမယ့်အချိန်ဖြစ်တယ်လို့ ဆိုထားပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေနဲ့ ကြိုတင်ပြင်ဆင်မှုတွေကို အရင်နှစ်တွေကထက်ကို ယခုနှစ်မှာ ပိုမိုဂရုစိုက် ဆောင်ရွက်နေကြပါတယ်။ ခါတိုင်းလုပ်ဆောင်နေကြတဲ့အတိုင်းအတာထက် အရှိန်အဟုန်မြင့်ပြီး မီးလောင်မှုတွေဖြစ်စေတတ်တဲ့ စက်ရုံ၊ အလုပ်ရုံ၊ စျေး၊ အိမ်၊ ဆီဆိုင်တွေ စစ်ဆေးမှုကို ပိုလုပ်နေကြပါပြီ။ အိမ်တိုင်းစေ့ မီးသတ်ဆေးဘူးတွေထားဖို့၊ မောင်းနှင်နေတဲ့ မော်တော်ယာဉ်တွေမှာ မီးသတ်ဆေးဘူးတွေဆောင်ထားဖို့၊ မီးလောင်ရင် ကနဦး ငြှိမ်းသတ်နိုင်ဖို့ ဟောပြောပွဲတွေနဲ့အတူ လက်တွေ့ရဲရဲဝံ့ဝံ့ လုပ်ဆောင်တတ်ကြစေဖို့ကို နေ့စဉ် ကွင်းဆင်းဆောင်ရွက်နေပါတယ်"ဟု ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ "အိမ်တိုင်းစေ့ မီးသတ်ဆေးဘူးတွေ ထားရှိမယ်ဆိုသေးသေးလေးကစဖြစ်တဲ့ မီးကို သေးသေးလေးအတွင်းမှာပဲ အပြီးငြှိမ်းသတ်သွားနိုင်မှာပါ။ မီးဖိုခန်းအတွင်းမှာ စလောင်တဲ့မီးကို မီးသတ်ဆေးဘူးနဲ့ ရဲရဲဝံ့ဝံ့ငြှိမ်းသတ်မယ်ဆိုရင် ကြီးကျယ်တဲ့မီးလောင်မှုအဆင့်ကို ရောက်မလာနိုင်ပါဘူး။ အဲဒီ မီးဖိုခန်းအတွင်းမှာပဲ အဆုံးသတ်သွားမှာပါ"ဟု ဆိုသည်။

ၛင်းကပင် "အခု လူကြီးတွေရဲ့ လမ်းညွှန်မှုအရ မော်တော်ယာဉ်တိုင်းမှာ မီးသတ်ဆေးဘူးလေးတွေထားရှိဖို့ စစ်ဆေးမှုတွေ ဆက်တိုက်ပြုလုပ်နေပါတယ်။ တစ်နှစ်ခွဲလောက်ရှိပါပြီ။ ခရီးသည်ပို့ဆောင်ရေးယာဉ်တွေမှာ ရာနှုန်းပြည့်နီးပါးရှိကြပေမယ့် ကိုယ်ပိုင်ယာဉ်တွေမှာ အများကြီးလိုအပ်နေပါသေးတယ်။ အကြောင်းဖြစ်လာရင် ဘယ်သူ့ကိုမှ မစောင့်ရပဲ အမြန်ဆုံးငြှိမ်းသတ်နိုင်မယ့်ကိစ္စပါ။ ကုန်းလမ်းပို့ဆောင်ရေးဌာနနဲ့ ညှိနှိုင်းပြီးဆောင်ရွက်သွားဖို့ အစီအစဉ်ရှိပါတယ်"ဟု ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း အရှေ့ပိုင်းခရိုင်၌ မြို့နယ်မီးသတ်စခန်း ၁၂ ခု၊ နယ်မြေမီးသတ်စခန်း ခြောက်ခု၊ အနောက်ပိုင်းခရိုင်၌ မြို့နယ်မီးသတ်စခန်း ခြောက်ခု၊ နယ်မြေမီးသတ်စခန်း နှစ်ခု၊ အရှေ့မီးသတ်စခန်းတစ်ခု၊ တောင်ပိုင်းခရိုင်၌ မြို့နယ်မီးသတ်စခန်း ဆယ်ခု၊ နယ်မြေမီးသတ်စခန်း တစ်ခု၊ အရှေ့မီးသတ်စခန်း တစ်ခု၊ မြောက်ပိုင်းခရိုင်၌ မြို့နယ်မီးသတ်စခန်း ရှစ်ခု၊ နယ်မြေမီးသတ်စခန်း ငါးခု၊ အရှေ့မီးသတ်စခန်း သုံးခု ရှိသည်ဟု သိရသည်။ စုစုပေါင်း မြို့နယ်မီးသတ်စခန်းပေါင်း ၃၆ ခု၊ နယ်မြေမီးသတ်စခန်း ၁၄ ခုနှင့် အရှေ့မီးသတ်စခန်း ငါးခု ရှိကြောင်း ဆိုသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မီးငြှိမ်းသတ်ရေးယာဉ် ၁၀၄ စီး၊ ရေသယ်ယာဉ် ၄၃ စီး၊ မီးသတ်စက်ယာဉ် ၁၆ စီး၊ အထောက်အကူပြုယာဉ် ၁၈ စီး၊ (အထပ်မြင့်များသို့ ငြှိမ်းသတ်ရန် လှေကားပါယာဉ်ကြီး ငါးစီး ပါဝင်သည်။)

ထို့အပြင် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် အင်အား ၉၈၈ ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၃၀၀၀ တို့က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ငြှိမ်းသတ်ရေးအတွက် ၂၄ နာရီ အချိန်ပြည့် နိုးကြားသော အသိဖြင့် သတိအစဉ်ရှိနေကြသည်။

ဒုတိယညွှန်ကြားရေးမှူး ဦးသော်ဒါက "ကျွန်တော်တို့ မီးသတ်တပ်ဖွဲ့ဝင်တွေရဲ့ နှလုံးသားထဲမှာ "မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်ငြှိမ်းသတ်"ဆိုတဲ့ ဆောင်ပုဒ်က အမြဲတမ်းကိန်းအောင်းနေပါတယ်။ မီးလောင်တာကို မြန်မြန်သိဖို့အတွက် မီးလန့်အချက်ပေးစနစ်တွေ အစဉ်ကောင်းမွန်အောင်ဆောင်ရွက်ထားသလို ဆက်သွယ်ရေးစနစ်ကောင်းပြီး မြန်မြန်သိစေဖို့ တာဝန်ခံ အရန်မီးသတ်တပ်ဖွဲ့ဝင် အရာရှိတွေကို စကားပြောစက်၊ အောက်လိုင်းများကို စီစဉ်ဆောင်ရွက်ပေးထားပါတယ်။ နောက်မြန်မြန်သွားနိုင်ဖို့အတွက် "လူအသင့်၊ စက်အသင့်၊ ဆီအသင့်၊ ရေအသင့်"ဆိုတဲ့ "သင့်လေးသင့်" နဲ့ ဆောင်ရွက်သွားတာဖြစ်ပါတယ်"ဟု ဆိုသည်။

ဆက်လက်၍ "လူအသင့်ဆိုတာက မီးသတ်တပ်ဖွဲ့ဝင်တွေ အကြောင်းကိစ္စ ရှိလို့ အပြင်ထွက်ခွာရင် အချိန်အကန့်အသတ်မှတ်တမ်းနဲ့ တင်ပြမှ ထွက်ခွာခွင့်ပြုတာဖြစ်တဲ့အတွက် အရေးအကြောင်းဖြစ်လာရင် မီးသတ်တပ်ဖွဲ့ဝင်တွေ အချိန်ပြည့်အသင့် ရှိနေပါတယ်။ စက်အသင့်ဆိုတာက မီးသတ်ယာဉ်တွေ အားလုံးကို နေ့စဉ် စက်နှိုးမှုနဲ့အတူ လိုအပ်ချက်တွေ စစ်ဆေးပါတယ်။ တိုင်းဒေသကြီးအစိုးရရဲ့ ခွင့်ပြုချက်ရန်ပုံငွေနဲ့ လိုအပ်မှုတွေကို ပြင်ဆင်ပြီး ထိန်းသိမ်းမှုတွေမှာ အသုံးပြုတဲ့ စက်သုံးဆီတွေကို ကြိုတင်စီစဉ်ထားပေးပါတယ်။ စခန်းကြီးဆို ဆီ ၁၅၀ ဂါလန်နဲ့ စခန်းသေးတွေဆို ဆီဂါလန် ၁၀၀ အသုံးပြုခွင့်ပေးထားပါတယ်။ ရေအသင့်ဆိုတာကတော့ မီးငြှိမ်းသတ်ရေးအတွက် မီးငြှိမ်းသတ်ရေးယာဉ်နဲ့ ရေသယ်ယာဉ်တွေမှာ သူ့ဂါလန်အလိုက် ရေအမြဲအသင့်ရှိနေပါတယ်"ဟု ရှင်းပြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးနှင့် မီးသတ်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ်တို့၏ လမ်းညွှန်မှုအရ မီးသတ်စခန်းအသစ် ဆောက်သည့်စခန်းတိုင်း၌ ရေဂါလန် ၂၀၀၀၀ ဆံ့ရေသိုလှောင်ကန်များပါ ပူးတွဲတည်ဆောက်လျက်ရှိသည်။ ထန်းတပင်မြို့နယ်၊ ဒဂုံ(အရှေ့)မြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ကျောက်တန်းမြို့နယ်အတွင်းရှိ တံတားမြို့နယ်ခွဲ မီးသတ်စခန်းနှင့် အမြန်လမ်းနယ်မြေ မီးသတ်စခန်းတို့တွင် တည်ဆောက်ပြီးစီးပြီးဖြစ်ကြောင်း သိရသည်။

ဒုတိယညွှန်ကြားရေးမှူး ဦးသော်ဒါက "နောက်ဆုံးအနေနဲ့ ပြည်သူအများကို အသိပေးနှိုးဆော်ချင်တာကတော့ ဒီနှစ်မှာ အဓိကရေကို ချွေတာသုံးကြပါ။ ဖြစ်နိုင်ရင် ရပ်ကွက်တိုင်းမှာ မီးငြှိမ်းသတ်နိုင်ရေးအတွက် ရေလှောင်ကန်များ စုပေါင်းတည်ဆောက်ထားကြပါ။ မြေအောက်မီးသတ်ရေငုတ်ပိုက်တွေကို ထိန်းသိမ်းစောင့်ရှောက်ပေးကြပါ။ အိမ်တိုင်းစေ့၊ ယာဉ်တိုင်းစေ့၊ မီးသတ်ဆေးဘူးများကို အသင့်ဆောင်ထားကြပါ။ မီးလောင်မှုဖြစ်လာရင် ဖုန်းနံပါတ် ၁၉၁ နဲ့ နီးစပ်ရာ မီးသတ်စခန်းတွေကို အမြန်ဆုံးအကြောင်းကြား အသိပေးကြပါလို့ မေတ္တာရပ်ခံချင်ပါတယ်"ဟု ဆိုခဲ့သည်။

ယာဉ်တိုက်မှုကင်းရှင်းရေးအတွက် ပညာပေးသရုပ်ပြ

မြိတ် မတ် ၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အမှတ် (၇၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံး(မြိတ်)မှ ယာဉ်အန္တရာယ်ကင်းစင်ရေး ပြည်သူ့အားလုံးပါဝင်ပေး ခေါင်းစဉ်ဖြင့် ယာဉ်တိုက်မှု အန္တရာယ်ကင်းရှင်းရေး ပညာပေးသရုပ်ပြပွဲကို မြိတ်မြို့ကန်ကြီးနယ်မြေ မြိတ်ကုန်တိုက်အရှေ့ကမ်းနားလမ်း၌ မတ် ၂ ရက်က ပြုလုပ်ခဲ့သည်။

သရုပ်ပြပွဲတွင် အမှတ်(၇၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံး(မြိတ်)မှ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူးနေဝင်း ဦးစီးသည့် တပ်ဖွဲ့ဝင်များ၊ မြိတ်မြို့မရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူးဝင်းဇော်ဦး ဦးဆောင်သည့်တပ်ဖွဲ့ဝင်များ၊ လမ်းစပရဟိတအသင်း တာဝန်ခံ ဦးအောင်ချစ်စိုးနှင့် အသင်းသားများ၊ ချမ်းမြေနာရေကူညီမှုအသင်းမှ ဦးကိုင်ဇာနှင့် အသင်းသား အသင်းသူများက ယာဉ်တိုက်မှုဖြစ်စဉ်များအတိုင်း ပုံစံတူပြုလုပ်၍ သရုပ်ပြခဲ့ပြီး လမ်းသွား၊ လမ်းလာပြည်သူများနှင့် စိတ်ပါဝင်စားသူများ စုစုပေါင်းအင်အား ၁၅၀ ခန့် လာရောက်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

သရုပ်ပြပွဲအပြီးတွင် ပရဟိတအသင်းဝင်များက ယာဉ်တိုက်မှုမှတ်တမ်းဓာတ်ပုံများ၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးဆောင်ပုဒ်များရေးသားထားသည့် ဗီနိုင်းပိုစတာများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အမှတ်အသား၊ သင်္ကေတများပါဝင်သည့် ဗီနိုင်းပိုစတာများ ကိုင်ဆောင်ပြီး "ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်း၍ မေးသိုင်းကြိုးတပ်ပါ၊ လမ်းပြောင်းပြန်မမောင်းရ၊ ယာဉ်တိုက်မှုဖြစ်ပွားနိုင်သည့် တစ်လမ်းမောင်း သတိပြုပါ၊ သင့်အိမ်ပြန်ချိန်ကို သင့်မိသားစုမှ စောင့်မျှော်နေပါတယ်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာခြင်းဖြင့် သင့်၏အသက်ကို ကာကွယ်ပါ၊ သတိလက်လွတ်မောင်းနှင်ခြင်းမှ ရှောင်ကြဉ်ပါ၊ ယာဉ်တိုက်မှုများ လျှော့ချဖို့ ပြည်သူ့အားလုံးပါဝင်စို့၊ အသက်အန္တရာယ်ကာကွယ်ဖို့ ဆိုင်ကယ်စီး ဦးထုပ်ဆောင်းကြစို့၊ ကိုယ့်မြို့ကိုယ့်ရွာ သာယာဖို့ ကိုယ်စီတာဝန်ယူကြစို့" စသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သတိပေးဆောင်ပုဒ်များကို သံပြိုင်ရွတ်ဆို၍ လှည့်လည်ခဲ့ကြောင်း သိရသည်။ **မြင့်ဦး (မြိတ်)**

မီးဘေးကာကွယ်ရေးအတွက် မီးငြိမ်းသတ်မှုသရုပ်ပြ

ထားဝယ် မတ် ၄

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် မြန်မာ့သစ်လုပ်ငန်း တိုင်းသစ်ထုတ်လုပ်ရေး၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ပညာပေးဟောပြောဆွေးနွေးပွဲနှင့် လက်တွေ့မီးငြိမ်းသတ်လေ့ကျင့်မှုများကို မတ် ၁ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

တိုင်းသစ်ထုတ်လုပ်ရေးမှ ဒုတိယအထွေထွေမန်နေဂျာ ဦးဝင်းကြိုင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး ရဲသူရိန်ခင်မောင်ရီက မီးလောင်ကျွမ်းမှုဖြစ်ပွားသည့် အကြောင်းရင်း၊ မီးအမျိုးအစားများနှင့် မီးငြိမ်းသတ်ပုံများ၊ ယခုနှစ်အတွင်း ဖြစ်ပွားခဲ့သော မီးလောင်ကျွမ်းမှုများအကြောင်းတို့ကို အသေးစိတ်ရှင်းလင်းပြောကြားပြီး မီးသတ်ဆေးဘူး အသုံးပြုပုံများကို သစ်ထုတ်လုပ်ရေးဝန်ထမ်းများအား ပြသကာ လက်တွေ့မီးငြိမ်းသတ်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မိုးရွှေသွန်း(ထားဝယ်)

တစ်ပိုင်တစ်နိုင် ပြုန်းအုတ်ပြုလုပ်သူများ အဆင်ပြေလျက်ရှိ

ကျောက်ဆည် မတ် ၄

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကျောက်ဆည်-တံတားဦးကတ္တရာလမ်းဘေး ငါးလုံကုန်းကျေးရွာတွင် မိသားစု တစ်ပိုင်တစ်နိုင် ပြုန်းအုတ်(ကွန်ကရစ်အုတ်)လုပ်ငန်းများကို ဒေသခံများ လုပ်ကိုင်လျက်ရှိပြီး စီးပွားရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ပြုန်းအုတ်ပြုလုပ်ရာတွင် မြစ်သဲ၊ ကျောက်မှုန့်၊ ဘိလပ်မြေတို့ကို အချိုးကျ ရောစပ်ကာ ရေနှင့်ဖျော်ပြီး သံဖြင့်ပြုလုပ်ထားသော ပုံစံခွက်များတွင် ထည့်၍ နေလှန်းကာ ပြုလုပ်ရခြင်းဖြစ်ပြီး အချိန် ၁၂ ရက်ကြာကြောင်း သိရသည်။

ကုန်ကြမ်းဖြစ်သည့် သဲနုများကို ပန်လောင်မြစ်မှ ဝယ်ယူရပြီး တစ်ကျင်းလျှင် ကျပ် ၁၇၀၀၀ ပေးရကြောင်း၊ ကျောက်မှုန့်များကို ကျောက်ခွဲစက်များမှ ဝယ်ယူရပြီး တစ်ကျင်းလျှင် ၃၅၀၀၀ ကျပ် ပေးရကြောင်း၊ ဘိလပ်မြေကို ကြံ့ခိုင်ကောင်ဘိလပ်မြေအသုံးပြုပြီး စက်ရုံမှ အိတ်တစ်ရာလျှင် ဖောက်သည်စျေး ၄၃၀၀ ကျပ်နှုန်းဖြင့် ရောင်းချပေးကြောင်း၊ အလုပ်သမား လေးဦး၊ ငါးဦးခန့်ဖြင့် ထုတ်လုပ်ပါက တစ်လလျှင် အုတ်အလုံးရေ ၄၅၀၀၀ မှ ၅၀၀၀၀ အထိ ထုတ်လုပ်နိုင်ကြောင်း ငါးလုံကုန်းကျေးရွာမှ ပြုန်းအုတ်များထုတ်လုပ်ရောင်းချနေသူတစ်ဦးက ပြောသည်။

ပြုန်းအုတ်များသည် အကြမ်းခံပြီး မြေအုတ်များကဲ့သို့ အချိန်ကြာလျှင် အမှုန်များဖြစ်သွားခြင်းမျိုးမရှိသလို ဈေးနှုန်းလည်း သက်သာသဖြင့် အသုံးပြုမှုများ လာကြောင်းနှင့် ထုတ်လုပ်သော ပြုန်းအုတ်များကို ကျောက်ဆည်မြို့နယ် စဉ့်ကိုင်မြို့နယ်၊ တံတားဦးမြို့နယ်နှင့် အမရပူရမြို့နယ်များအထိ ပို့ပေးရပြီး ရောင်းဈေးမှာ ၇၅ ကျပ်ဖြစ်ကြောင်း၊ ပုံမှန်မြေအုတ်များမှာ တစ်လုံးလျှင် ကျပ် ၈၀ ခန့်ရှိကြောင်း သိရသည်။

အောင်မင်း(စဉ့်ကိုင်)

အရိုး၊ အကြောဝေဒနာရှင် ၁၀၀၀ ကျော်အား အခမဲ့စမ်းသပ်ကုသပေးမည်

မိတ္ထီလာ မတ် ၄

မိတ္ထီလာမြို့နယ် ဇောင်ချမ်းကုန်းကျေးရွာအုပ်စု ညောင်ကုန်းရွာ အလိုတော်ပြည့်ကျောင်း အခမဲ့ဆေးခန်း၌ အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် တက္ကသိုလ်မှ ဧည့်ပါမောက္ခ အရိုး၊ အကြောအဆစ် အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာခင်မောင်ထူး (MD.FRCS) နှင့် အဖွဲ့က ဒေသခံပြည်သူများအား အရိုးအကြော၊ အဆစ်ဝေဒနာများကို မတ် ၂ ရက်မှ ၅ ရက်အထိ အခမဲ့စမ်းသပ်ကုသပေးမည်ဖြစ်ကြောင်းနှင့် ၅ ရက်အတွင်း ဝေဒနာရှင် ၁၀၀၀ ကျော်ကို ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မြို့ပြနဲ့ ကျေးလက်နေပြည်သူတွေ အကြား ကျန်းမာရေးစောင့်ရှောက်မှု ရရှိတဲ့အနေအထား ကွာဟမှုမရှိအောင် ရည်ရွယ်ပြီးတော့ အခုလို အရိုး၊ အကြောအဆစ် ဝေဒနာရှင်တွေကို အခမဲ့ကုသပေးတာပါ။ နိုင်ငံခြားက ပြန်လာတိုင်း အခုလို အခမဲ့ဆေးကုသပေးမှုကို ဆောင်ရွက်ပေးနေတာ နှစ်နှစ်လောက် ရှိသွားပါပြီ။ မတ် ၂ ရက်ကနေ မတ် ၅ ရက်အထိ တစ်ရက်ကို ဝေဒနာရှင် ၂၀၀ နှုန်းနဲ့ ကုသပေးမယ်လို့ ကြေညာထားပေးမယ့် ကုသပေးမယ့် ၅ရက်တာကာလ အတွင်း လာရောက်ပြတဲ့ ဝေဒနာရှင် ၁၀၀၀ကျော်သွားရင်လည်း ဆက်လက်ကုသပေးမှာပါ"ဟု ဆရာဝန်ကြီး ပါမောက္ခဒေါက်တာ ခင်မောင်ထူးက ပြောသည်။

မိတ္ထီလာတွင် အရိုး၊အကြောအဆစ် ဝေဒနာရှင်များ အခမဲ့ဆေးကုသခွင့် ရနိုင်ရေးအတွက် အမေရိကန်နိုင်ငံ ဖလော်ရီဒါတက္ကသိုလ်၊ အင်္ဂလန်နိုင်ငံ လီဗာပူးလ်တက္ကသိုလ်နှင့် ရန်ကုန်ဆေးတက္ကသိုလ်တို့တွင် ဧည့်ပါမောက္ခများရှိ ကျေးရွာများမှ ဝေဒနာရှင်များ နေ့စဉ်လာရောက်ကုသမှုခံယူလျက်ရှိ အဖြစ် အရိုး၊ အကြောအဆစ် ပညာရပ်အား လက်တွေ့သင်ကြားပို့ချပေးနေသူ အထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာခင်မောင်ထူးအား ကုသိုလ်ယူအကျိုးဆောင်သူ ဦးဖြိုးနှင့် အလိုတော်ပြည့်ကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော်က စီစဉ်ကျွေးမွေးလျှုဒါန်းကြောင်း သိရသည်။

အထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာခင်မောင်ထူးသည် မိတ္ထီလာအပြင် အခြားမြို့နယ်များတွင် လည်းဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကာ ဇာတိဖြစ်သော သာစည်နယ်တွင်လည်း သွားရောက်ပြီး အဆိုပါဝေဒနာရှင်များနှင့် လာရောက် ပို့ဆောင်သူများအတွက် နေ့လယ်စာများကို အလိုတော်ပြည့်ကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော်က စီစဉ်ကျွေးမွေးလျှုဒါန်းကြောင်း သိရသည်။

ဆေးကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။ နတ်မောက်၊ မကွေး၊ အုတ်ဖို၊ သနပ်ပင်၊ မိုးကုတ်၊ ကွမ်းခြံကုန်းစတဲ့ မြို့တွေဘက်မှာလည်း အရိုး အကြောဝေဒနာရှင်တွေကို အခမဲ့ဆေးကုသပေးခဲ့ပြီး ဖြစ်ပါတယ်။ ကျွန်တော်က သာစည်ညောင်ရမ်းကျေးရွာမှာ မွေးဖွားခဲ့တဲ့သူမို့ သာစည်ဘက်မှာလည်း အခုလို အရိုး အကြောအဆစ် ဝေဒနာရှင်တွေကို သွားရောက်ကုသပေးသွားဖို့လည်း စီစဉ်နေပါတယ်"ဟု ပါမောက္ခ ဒေါက်တာခင်မောင်ထူးက ဆက်လက်ပြောကြားသည်။ **ချမ်းသာ(မိတ္ထီလာ)**

ဘုတ်ကျွန်းသို့လာရောက်လည်ပတ်သူများလာ၍ ဒေသခံများ လုပ်ငန်းအဆင်ပြေလာ

လောင်းလုံး ဖေဖော်ဝါရီ ၂၂

တနင်္သာရီတိုင်းဒေသကြီး၌ ထင်ရှားသော နေရာအများအပြားရှိသည့် အနက် လောင်းလုံးမြို့နယ် စမ်းလှမ်းကျေးရွာရှိ ဘုတ်ကျွန်းသို့ ၂၀၁၅ခုနှစ် ဒီဇင်ဘာလအတွင်းမှစတင်ကာ ပြည်တွင်းနှင့်ပြည်ပမှ ခရီးသွားများ လာရောက်လည်ပတ်မှု များလာပြီး ဒေသခံခရီးသွားလုပ်ငန်း လုပ်ကိုင်သူများ အဆင်ပြေလာလျက်ရှိကြောင်း သိရသည်။

ဘုတ်ကျွန်းသည် စမ်းလှမ်းကျေးရွာကမ်းစပ်မှ ရေမိုင် ၁၀ မိုင်ကျော် အကွာအဝေးတွင်ရှိပြီး စက်လှေဖြင့်သွားလျှင်အသွားအပြန် သုံးနာရီခန့် ကြာမြင့်ကြောင်း၊ ယခုအချိန်တွင် ပြည်တွင်းခရီးသွားများ လာရောက်လည်ပတ်မှုများ လာပြီး အများစုမှာအထက်မြန်မာပြည်၊ ရန်ကုန်နှင့်မန္တလေးဘက်မှ ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် အထက်မြန်မာပြည်မှ ခရီးသည်များနှင့်နိုင်ငံခြားသားများ လာရောက်လည်ပတ်မှုသာရှိနေပြီး ထားဝယ်နှင့် မြိတ်မြို့နယ်များမှ ခရီးသွားများမှာ တက္ကသိုလ်ဝင်တန်းစာမေးပွဲအပြီးနှင့် အတာသင်္ကြန်ကာလတွင် ပိုမိုဝင်ရောက်လာမည်ဟု ခန့်မှန်းထားကြောင်း၊ စနေ၊ တနင်္ဂနွေနေ့များတွင် ခရီးသည်လာရောက်မှုပိုများကြောင်း စက်လှေမောင်းနှင်သူ ဒေသခံတစ်ဦးက ပြောသည်။

ထားဝယ်ဒေသခံ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူတစ်ဦးကလည်း လာရောက်လည်ပတ်သောခရီးသည်များအတွက် ထားဝယ်မြို့မှ ၁၉ မိုင်အထိ ကားများ စီစဉ်ပေးသည့်အပြင် စက်လှေငယ်၊ စက်လှေကြီးများဖြင့် ဘုတ်ကျွန်းသို့ သွားနိုင်ရန် စီစဉ်ပေးကြောင်း၊ အသွားအပြန်ခရီးစဉ်အတွက် ခရီးသည်တစ်ဦး လျှင်ကျပ် ၂၀၀၀၀ နှုန်းဖြင့်သာ ပို့ဆောင်ပေးကြောင်း၊ ခရီးသွားများ အန္တရာယ်ကင်းစေရေး အတွက် အသက်ကယ်အင်္ကျီနှင့် ဘောကွင်းများလည်း အဆင်သင့် စီစဉ်ပေး ထားကြောင်း ပြောသည်။

ခရီးသည်များ ပို့ဆောင်ပြေးဆွဲသော စက်လှေနှစ်မျိုးရှိပြီး စက်လှေငယ်များမှာခရီးသည် ၂၅ ဦး အထိတင်ဆောင်ကာ စက်လှေကြီးများတွင် ခရီးသည် ၆၀ အထိ တင်ဆောင်မောင်းနှင်ကြောင်း၊ စက်လှေမှာ ၁၀ စင်းခန့်သာ ပြေးဆွဲနိုင်သဖြင့် ခရီးသည် အသွားအလာများသည့်အခါ မလုံလောက်ကြောင်းလည်း သိရသည်။

ဘုတ်ကျွန်းသို့ လာရောက်လည်ပတ်သော ခရီးသွားအများစုမှာ ကြည်ပြာနေသော ပင်လယ်ရေမျက်နှာပြင်အောက်ရှိ သန္တာကျောက်တန်းနှင့်ငါးများ စသည့် သဘာဝအလှအပများ၊ သယံဇာတများကိုလေ့လာရင်း လာရောက်အပန်းဖြေ အနားယူကြကြောင်း၊ ယခုအခါလာရောက်လည်ပတ်သူများပြားလာသည်နှင့်အမျှ ဒေသခံများမှာ ခရီးသွားလုပ်ငန်းကြောင့် စီးပွားရေးပိုမိုအဆင်ပြေလာကြောင်း၊ ယခင်က တံငါးဖမ်းစက်လှေကြီးများကို အခြေခံပြီး ကျွန်းပေါ်တွင် တစ်ပိုင်တစ်နိုင်ထမင်းဟင်းများ ရောင်းချနေသူများမှာ ခရီးသွားများအား ရောင်းချခြင်းဖြင့် လုပ်ငန်းများအဆင်ပြေလာလျက်ရှိကြောင်း သိရသည်။

အဆိုပါဘုတ်ကျွန်းသည် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာနိုင်သည့် နေရာဖြစ်သဖြင့် ပြည်တွင်းစီးပွားရေး လုပ်ငန်းရှင်များကလည်း ဟိုတယ်များ တည်ဆောက်နိုင်ရန် စိတ်ဝင်တစား လေ့လာလျက်ရှိကြောင်းလည်း သိရသည်။

နေမျိုးထွန်(ရေး)

စက်သုံးဆီဆိုင်ဝန်ထမ်းများအား အရေးပေါ် မီးငြိမ်းသတ်နည်း လက်တွေ့သင်ကြားပေး

ကျိုက်ထို မတ် ၄

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်း မီးဘေးအန္တရာယ် ကင်းဝေးစေရေးအတွက် မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဝန်ထမ်းများအား အရေးပေါ်မီးငြိမ်းသတ်နည်းများကို မြို့နယ်မီးသတ်တပ်ဖွဲ့က ရွှေဘုံသာဘုရားဝင်း၌ မတ် ၃ ရက်က လက်တွေ့သင်ကြားပေးခဲ့ကြောင်း သိရသည်။

သင်တန်းတွင် ကျိုက်ထိုမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းမြင့်က မီးငြိမ်းသတ်နည်း သင်ကြားပေးသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးတင်ထွေးက မီးလောင်မှုဖြစ်ပွားပါက ရှေးဦးစွာလုပ်ဆောင်ရမည့်အချက်များကို ရှင်းလင်းပြောကြားကာ မီးသတ်ဆေးဘူးများအသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်မှုများကို သင်ကြားပို့ချပေးခဲ့သည်။ အဆိုပါ လက်တွေ့သင်ကြားပေးရာသို့ ကျိုက်ထိုမြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင် ၁၁ ဆိုင်မှ တစ်ဆိုင်လျှင်ဝန်ထမ်းနှစ်ဦးနှုန်းဖြင့် စုစုပေါင်း ၂၂ ဦး တက်ရောက်သင်ကြားလေ့လာခဲ့ကြောင်း သိရသည်။

ဝင်းမောင်(ကျိုက်ထို)

New Product

စျေးနှုန်းသက်သာတဲ့ ဆမ်ဆောင်း Galaxy J1 2016 Edition

